www.burmeseclassic.com

သုသုဏ

# အစွမ်းထက် တော်ဝင်ဂါထာတော်များ
နှင့်
# ဂမ္ဘီရဖြစ်ရပ်ဆန်းများ



BURMESE CLASSIC .com

www.burmeseclassic.com

ရန်အောင်
စာပေ

၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။
ဖုန်း-၇၂၂၅၇၂

BURMESE CLASSIC .com

www.burmeseclassic.com

# အစွမ်းထက်

# တော်ဝင်ဂါထာတော်များ

နှင့်

# ဂမ္ဘီရပြဇ်ရပ်ဆန်းများ

သုသုက

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်

၄၉၁/ ၂၀၀၂ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၃၇/ ၂၀၀၂ (၁၀)

□

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ

□

**အုပ်ရေ**

၁၀၀၀

□

**စီစဉ်မွမ်းမံ**

တိုးထက်

□

**မျက်နှာဖုံးပန်းချီ**

စိုးအောင်

□

**အတွင်းစာသားနှင့် မျက်နှာဖုံးပုံနှိပ်သူ**

ဦးတင်မောင်ဝင်း (၀၅၉၄၆) သင်းလဲ့ဝင်းပုံနှိပ်တိုက်
၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

□

**ထုတ်ဝေသူ**

ဦးမောင်ကလေး (၀၀၆၅)၊ သောကြာစာပေတိုက်
အမှတ် ၁၅၊ ဩဘာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

၅၀၀ ကျပ်

BURMESE CLASSIC .com

www.burmeseclassic.com

# မာတိကာ


စာရေးသူ၏အမှာစာ ၇

၁။ **နမောလေးမျိုး စီးပွားတိုး** ၁၁
နမောတာသ ပုတီးစိပ်ကြောင့်စီးပွားတိုးတက်လာသူတစ်ယောက်အကြောင်း

၂။ **ကျောက်ကွဲဆရာတော်ကြီး၏ ဖုံးမွယ်ပုတီးစိပ်နည်း** ၁၇
ကိုယ်တွေ့ကြုံရသောလာဘ် မွင့်ပုတီးစိပ်နည်း

၃။ **အရဟံလေးမျိုး စီးပွားတိုး** ၂၄
အရဟံလေးမျိုးနှင့် ကိုယ်တွေ့ကြုံရသောအဖြစ်

၄။ **ထူးခြားလှသော မြတ်ဘုရားဂုဏ်တော်** ၂၉
ဂုဏ်တော်ကိုးပါး- ပွားများအားထုတ်နည်းတစ်မျိုး

၅။ **အားကိုးထိုက်သော သမ္ဗုဒ္ဓေဂါထါတော်ကြီးတစ်ပုဒ်** ၃၇
ရွှေကျင်ဆရာတော်ဘုရားကြီးပူဇော်သောဘုရားရှိခိုး

၆။ **သီရသွိုဂါထာတော်၏ အမိကသော့ချက်များ** ၄၃
ဆေးရုံကြီးပေါ်မှ ကိုယ်တွေ့အဖြစ်အပျက်များ

၇။ **ဘဝအတွက်အာမခံချက်ပေးသောဂါထာတော်တစ်ပုဒ်** ၅၁
ထူးခြားသောဂုဏ်တော်အကြောင်း

၈။ **ခေတ်ပုတီးစိတ်ပြီးတော့သိလိမ့်မယ်** ၅၇
ခါတ်ပုတီးစိရင်ပုံ - စိရင်နည်းများ

၉။ **သမ္ဗုဒ္ဓေအကျိုးနှင့် တန်ခိုးသိဒ္ဓိထူးများ** ၆၅
ကျိုက်လတ်မြို့ ပန္တိမာရုံ ဆရာတော်ဘုရားကြီး၏အဆုံးအဖြတ်

၁၀။ **အိုးဘွားအမေ့ဂါထာတစ်ပုဒ်** ၇၄
ဘူနရာယ်ဆိုးနှင့် ဘေးဆိုးမှကင်းလွတ်ပုံ

www.burmeseclassic.com


၁၁။ ငွေဝင်သော လမင်းဂမုန်း ၈၁

ဂမုန်းပင်စိုက်ပျိုးနည်းနှင့် ရွတ်ဖတ်ရမည့်လာဘ်ပွင့်ဂါထာတစ်ပုဒ်

၁၂။ မိတုန်းလေးကောင် ဓာတ်အဆောင် ၈၇

အန္တရာယ်ကင်းအစီအရင်များ

၁၃။ ကွင်းဆိုင်ကြီးနှင့်ကျွန်တော့်အဘိုး ၉၃

နေ့စဉ်သရဏဂုံသုံးပါးကို ပုတီးစိပ်ခြင်းကြောင့် ကုသိုလ်ရသူတစ်ယောက်အကြောင်း

၁၄။ သေတွင်းမှ လွတ်ကင်းခဲ့သူ ၁၀၀

မီးရှို့သတ်သေမည့်ဆဲဆဲမှ လွတ်ကင်းလာသူ

၁၅။ ရတနာသုံးပါး ပတ္တမြားကြီး ၁၀၉

ရတနာသုံးပါးကြောင့် ချမ်းသာလာသူ

၁၆။ ဈေးရောင်းကောင်း ချင်ကြသလား ၁၁၅

လက်တွေ့ဈေးရောင်းကောင်းသည့်ဂါထာတစ်ပုဒ်

၁၇။ ဘိုးပီယ ၁၂၁

ထူးဆန်းသောပုဂ္ဂိုလ်ထူးကြီး

၁၈။ စပါးကြီးသည်းခြေ သို့မဟုတ် ဝဋ်ကြွေးတုံ့တင် ၁၂၉

တကယ့်အဖြစ်အပျက်မှ ကြေကွဲဖွယ်ရာများ

၁၉။ ထူးခြားဆန်းကြယ်သော ကျောက်စိမ်းတုံးကြီး ၁၃၅

အမျိုးမျိုးမျက်လှည့်ပြခဲ့သောကျောက်စိမ်းတုံးကြီးအကြောင်း

၂၀။ သုံးမည်ရှေးဆေးဖက်ဝင် အစွမ်းထက်အပင် ၁၄၃

လက်တွေ့အသုံးပြုပုံပြုနည်းများဖေါ်ပြထားသည်။

# “ စာရေးသူ၏အမှာ ”

ကျွန်တော်သည် လွန်ခဲ့သော ၃၅-နှစ်ခန့်မှစ၍ ပုတီးကို စွဲစွဲမြဲမြဲစိပ်ခဲ့ပါ၏။ ယခင်က ကျွန်တော့်စိတ်တို့သည် - ကြမ်းတမ်းလှသည်။ ထစ်ခနဲဆိုလျှင်ရန်ဖြစ်ချင်သည်။ တစ်ပါးသူ အားအမြင်ကပ်လျှင် သူ့စိတ်ကိုဆွ၍ ထိုသူလှုပ်ရှားလာမှ ထုနှက်ထိုးကြိတ်ပါတော့သည်။ ထိုသူဘာလုပ်တော့မည်ကိုလည်း ကျွန်တော်ကြိုတင်သိထားပါသည်။ ကျွန်တော်သည် ယခင်က သိုင်းသမားတစ်ယောက်ပါ။

ကျွန်တော်နေသောအရပ်မှာ မယဉ်မရိုင်း သမိုင်း ကမာရွတ်ဟူသော စာဆိုနှင့်အညီ ကျွန်တော်သည် ကမာရွတ်ရွာမတွင် နေပါသည်။ ရှေးက ကမာရွတ်ရွာမတွင် ထစ်ခနဲဆို ဆူကြ၊ ဆဲကြ၊ ရန်ဖြစ်ကြနှင့် နေ့စဉ်လိုလိုပင်ဖြစ်သည်။

ကျွန်တော်တို့သားအမိနှစ်ယောက် ကမာရွတ်ရွာမသို့ ပြောင်းလာသည်။ သားအမိ နှစ်ယောက် တဲကလေးနှင့်နေသည်။ ကျွန်တော်တို့နေသည်မှာ တစ်လမျှမကြာသေး ကျွန်တော်တို့နေအိမ်တဲရှေ့သို့ အရက်မူးသမားသုံးယောက်လာရမ်းပါသည်။ မကြားဝံ့ မနာသာဆဲဆို ပါသည်။ အမေက အိမ်ရှေ့မထွက်ရန်တားသည်။ သို့သော် ဤပွဲကိုမန္တလို့မဖြစ်၊ ကျွန်တော့်ကို အညွန့်လာချိုးခြင်းဖြစ်သည်။ ကျွန်တော့်အကြောင်းပြမှ ဖြစ်မည်။ ထို့ကြောင့် ကျွန်တော်အိမ်ထဲမှ ခုန်ထွက်သွားမိသည်။ ပြီးလျှင်---

“ အစ်ကိုတို့ရယ်----ကျွန်တော်ဘာများစော်ကား မော်ကားပြုမိလို့လဲ”

“မင်းက ဆောင့်ကြွား ဆောင့်ကြွားနဲ့ ဘာပြုလို့ တို့ရွာထဲလာပြီး လမ်းသလားနေရတာလဲကွ”

“ ကျွန်တော်----” ဟုစကား စကာရှိသေး အရက်သမားတစ်ယောက်က ကျွန်တော်ပါးကို လှမ်းရိုက်ပါတော့သည်။ ကျွန်တော့်မှာ သတိနှင့်နေသူဖြစ်၍ ထိုသူ့လက်ကို ဖမ်းလိမ်ပြီးနောက်သို့ ဆွဲကာသူ့ဗိုက်ကို ဆောင့်ကန်လိုက်သည်။ ထိုလက်သရမ်းသူမှာ မှောက်လျက်လဲကျသွားပြီး မထတော့၊ နောက်တစ်ယောက်က လက်သီးနှင့်ဝင်ထိုးသည်။ ထိုလက်သီးကို ကျွန်တော်ပုတ်ထုတ်

www.burmeseclassic.com



၍ သူ့ရင်ညွန့်ကို ဒူးနှင့်တိုက်လိုက်သည်။ အင့်ကနဲ အသံမြည်ကာ ထိုသူလည်း မထတော့၊ တတိယလူမှာ ခြံတိုင်ကိုပြေးဆွဲ၍ ကျွန်တော် ကိုပြေးရိုက်သည်။ ကျွန်တော် လွတ်ရုံလေးရှောင်ပေးသည်။ ဒုတိယတုတ်ချက်အရိုက်တွင် သူ့လက်ကို ဖမ်းလိမ်ချိုးပြီး သူ့ဒုတ်ကိုယူကာ သူ့ရဲ့ဂုတ်ပိုးကို ရိုက်ချလိုက်ရာ ထိုသူလည်းမှောက်သွားပါသည်။ ကျွန်တော့ကို လာရောက်ချိုးသူတို့ကို ပညာပြလိုက်ပါသည်။

ဤမျှအထိ ကျွန်တော့်စိတ်တွေက ကြမ်းတမ်းလှသည်။

နောက်လတွင် ကျွန်တော့အဖွားအားရည်စူး၍ ကမာရွတ်၊ ရွာမ ညောင်စီရေကန်ကျောင်းမှ ဆရာတော်နှင့် သံဃာတော်များကို ဆွမ်းကပ်ပါသည်။ ထိုအချိန်မှစ၍ ကျွန်တော် ညောင်စီရေကန်ကျောင်းဆရာတော် ဦးရေဝတနှင့် ခင်မင်သွားသည်။

တစ်နေ့တွင် ကျွန်တော်ညောင်စီရေကန်ကျောင်းသို့ရောက်စဉ်----

“ ဆရာတော်မနေ့ညက တပည့်တော်တို့အိမ်ထဲကို မြွေဟောက်တစ်ကောင် ဝင်လာတယ်ဘုရား ”

“ အိမ်ထဲမြွေဝင်တော့ -------- လာဘ်ရွှင်သပေါ့ကွယ် ”

“ ဟို ------ နေ့က ရွာထိပ်က ဒေါ်သိန်းတို့အိမ်ကိုလဲ ဓားပြဝင်တိုက်သွားတယ် ဘုရား ”

“ အိမ်း ကြားပြီး ပါပြီကွယ်၊ ”

“ မောင်သိန်းမောင် ”

“ ဘုရား ”

“ မင်းပုတီးစိပ်ပါလားကွယ့်၊ ”

“ ဆရာတော်အမိန့်ရှိရင်စိပ်ပါ့မယ်ဘုရား ”

ထိုအချိန်မှစပြီး ဂုဏ်တော်ကိုးပါးကို ကျွန်တော်ပုတီးစိပ်ပါတော့သည်။ ရတနာသုံးပါးကို ကြည်ညိုရကောင်းမှန်းသိလာသည်။ ရတနာသုံးပါးအပေါ် အလေးအနက်ထားလာသည်။ ကြည်ညိုသော သဒ္ဓါတရားစိတ်တို့သည် ကျွန်တော့်စိတ်နှလုံးအိမ်ဝယ် အမြဲမပြတ် ကိန်းအောင်းလာသည်၊ ထို့ကြောင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အများစုသည်၊ သာမန်ဗုဒ္ဓဘာသာ မှ



BURMESE CLASSIC .com

www.burmeseclassic.com



သရဏဂုံ တည်လာရန်၊ ရတနာသုံးပါးကို ကြည်ညိုတတ်လာရန် ကျွန်တော် ဂုဏ်တော်များအကြောင်းကို ရေးသားပါတော့သည်။

ပထမ - သမ္ဗုဒ္ဓေအမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိစာအုပ် (ပဉ္စမအကြိမ်)

ဒုတိယ - အရဟံဂုဏ်တော်တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး (အဋ္ဌမအကြိမ်)

တတိယ - ဂုဏ်တော်နဝရတ်နှင့် သူမြတ်ကျင့်စဉ် (ပဉ္စမအကြိမ်)

စတုတ္ထ - တန်ခိုးတော်ထက်မြက်သည့် ဓမ္မစက်ဂါထာတော်များ (သတ္တမအကြိမ်)

ပဉ္စမ - ဘုရားရှိခိုးအမျိုးမျိုးနှင့် အန္တရာယ်ကင်းလာဘ်ပွင့်ဂါထာတော်များ (ဆဋ္ဌမအကြိမ်)

ဆဋ္ဌမ - သိဒ္ဓိဝင်ဂါထာတော်များနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ (ပထမအကြိမ်)

အထက်ပါ ရတနာသုံးပါးနှင့် ပတ်သက်သော စာအုပ်များကို ကျွန်တော် ရေးသား ထုတ်ဝေခဲ့ပါသည်။ ရှေးက ရတနာသုံးပါးနှင့် ပတ်သက်သော အကြောင်းအရာများကို ရေးကူးကာ လျှို့ဝှက်ထားခဲ့ကြသည်၊ ထို့ကြောင့် ကျွန်တော်ရေးသော ရတနာသုံးပါးနှင့် ပတ်သက်သော စာအုပ်များအတွက် စာမူခကို ထုတ်ဝေသူက ငွေကြေးကို ပေးချင်သလောက်ပေး ကျွန်တော်ယူ ပါသည်၊ ရတနာသုံးပါးနှင့် ပတ်သက်၍ ငွေကြေးစကား ကျွန်တော်မပြောကြား ပါ၊ ရတနာသုံးပါးကို ငွေကြေးဖြင့် ရောင်းမစားရက်ပါ၊ ဤသို့ ရောင်းစားခဲ့ပါ လျှင် ကျွန်တော် စီးပွားရေးသမားတစ်ယောက် ဖြစ်သွားပါမည်။

ကျွန်တော်သည် လွန်ခဲ့သော ၃၅- နှစ်ခန့်က ပုတီးစိပ်ခဲ့ရာ ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ရိုင်းစိုင်းလှသော ကျွန်တော့်စိတ်တို့သည် ယဉ်ကျေး လာသည်၊ ဗရမ်းဗတာဖြစ်နေသော ကျွန်တော့်စိတ်တို့သည် တည်ငြိမ်လာ သည်၊ ကိလေသာစိတ်တို့ဖြင့် ညစ်နောက်နေသော ကျွန်တော့်စိတ်တို့သည် ဖြူစင်လာသည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ကျွန်တော်တို့သားအမိနှစ် ယောက်သည် တဲစုတ်မှလေးပင် အိမ်ကြီးဆောက်၍ နေနိုင်လေသည်၊ ကျောင်း မနေနိုင်သော ကျွန်တော့် အားဘွဲ့ရသည်အထိ စေတနာရှင် (ဆရာကြီး ဦးဖေအောင်) ကကျောင်းထားပေးသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ထို့အပြင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ကျွန်တော်သည်-
(၁) အမျိုးသားစာပေဆုကြီး၊
(၂) ပခုက္ကူဦးအုန်းဖေ စာပေဆု၊
(၃) တပ်မတော်နေ့ စာပေဆုကြီးများကို ရရှိခဲ့ပါသည်။

ထို့အပြင် ကျွန်တော်သည် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကြောင့် သာမန်အလုပ်သမားဘဝမှ စာရေးကလေးဖြစ်ခဲ့ပြီး၊ နောက်လက်ထောက်အယ်ဒီတာ၊ အယ်ဒီတာ၊ စာပြုမှူး စသော ဘဝအဆင့်အတန်းများ တိုးတက်ပြောင်းလဲခဲ့ပါသည်၊ ဤသည်မှာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့်ဟု ကျွန်တော်အကြွင်းမဲ့ ယုံကြည်သည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးသည် လူ့ဘဝအတွက် အာမခံချက်ကိုပေးပါသည်၊ ဥပမာ- အလောင်းဘုရားနှင့် စစ်ကိုင်းဘုရင် စည်သူကျော်ထင်တို့သည် သာမန်အရပ်သားဘဝများဖြစ်ပြီး သဒ္ဓါတရားနှင့် ပုတီးစိပ်ခဲ့သူများဖြစ်သည်၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ဘုရင်အဖြစ်သို့ ရောက်ရှိလာခဲ့သူများ ဖြစ်ကြပါသည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးသည် "အကာလိကော" - အချိန်အခါမလင့် (ဝါ) အချိန်အခါမရွေး အကျိုးပေးပါသည်။

ထို့ကြောင့် ကျွန်တော်သည် ထိုရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလုံးချင်းစာအုပ်များအပြင် လစဉ်ထုတ်မဂ္ဂဇင်းများတွင် ရေးသားခဲ့ပါသည်၊ ထိုဆောင်းပါးများကို ဤစာအုပ်တွင် စုစည်းတင်ပြထားပါသည်။

အကယ်၍ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အစစအရာရာစီစဉ်ဆောင်ရွက် ပေးသောကိုလှတိုး(စာရေးဆရာတိုးထက်) ရန်အောင်စာပေအားလည်း ကျေးဇူးအထူးတင်ရှိပါသည်၊ အကယ်၍ ဤစာအုပ်တွင် တစ်စုံတစ်ရာ အမှားအယွင်းများပါရှိပါက - ကျွန်တော့် တာဝန်သာဖြစ်ပြီး ကျွန်တော့်တွင်သာ အပြစ်ရှိပါသည်၊ ဤစာအုပ်ကိုဖတ်ရှု၍ ကျေးဇူးတစ်စုံ တစ်ရာရရှိပါမူ-ရှေး ---- သူတော်စင်ကြီးများကိုသာ အထူးကျေးဇူးတင်ရှိကြပါကုန်ဟု - ပန်ကြားအပ်ပါသည်ခင်ဗျား။

သုသုက
၈၉၀/ဗိုလ်သုံလမ်း
၄၉- ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း



BURMESE CLASSIC .com

www.burmeseclassic.com




ဦးကြီးမြင့်နှင့် ကျွန်တော်သည် ငယ်မိတ်ဆွေများ ဖြစ်ကြသည်။ သို့သော် ဦးကြီးမြင့်မှာ ကျွန်တော့်ထက် အသက် (၂)နှစ်ခန့်ကြီး၍ ကျွန်တော်က သူ့ကို လေးစားသမှုဖြင့် အစ်ကိုဟုခေါ်သည်။ သူသည် ရန်ကုန်မြို့၊ အလုံရပ်ရှိ သီရိမင်္ဂလာဈေးကြီးတွင် ဈေးရောင်းသည်။ သူရောင်းသည်မှာ ရာသီကုန်မျိုးစုံ ဖြစ်သည်။ ပြောင်းဖူးပေါ်ချိန်တွင် ပြောင်းဖူး၊ ကန်စွန်းဥ ပေါ်ချိန်၌ ကန်စွန်းဥ ရောင်းသည်။

ရန်အောင်စာပေ

www.burmeseclassic.com



ဦးကြီးမြင့်သည် ရိုးသား၍ ကြိုးစားသူဖြစ်သည်။ သို့သော် သူ့ဇနီးမှာ ကျန်းမာရေးမကောင်း၊ သမီးကလည်း အိမ်ထောင်ရေး အဆင်မပြေ၊ ထို့ကြောင့် သူ့ဆိုင်လေးမှာ ရာသီကုန်များ ဝေဝေဆာဆာရှိလိုက်၊ ပြတ်လိုက်ဖြင့် ရှိနေသည်။

တစ်နေ့ သူ့ဇနီးနေမကောင်း၍ ကျွန်တော့်ထံ သူရောက်လာသည်။ ကျွန်တော်တို့နေသော ရပ်ကွက်လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်သို့ခေါ်ပြီး သူကြိုက်သော လက်ဖက်ရည်ဖြင့် ဧည့်ခံသည်။

" ငါ မင်းဆီကို ကိစ္စရှိလို့လာတာကွာ၊ ကိစ္စကတော့ မင်းအစ်မကြီး နေမကောင်းလို့ ဆေးခန်းသွားဖို့ငွေ ၂၀၀ဝိ/-လောက် ချေးပါကွာ၊ ငါ မကြာမီ ပြန်ဆပ်ပါ့မယ် "

" ရပါတယ် အစ်ကိုရယ်၊ နာရေးဆိုတော့ ကူညီရမှာပေါ့။ ဒါပေမယ့် ကျွန်တော့်ကို အလုပ်တစ်ခု လုပ်ပေးရမယ်၊ အဲဒီ ကျွန်တော်တောင်းတဲ့ အလုပ် ကိုလုပ်ပေးမှသာ ကျွန်တော်က ငွေချေးမှာနော်"ဟု ဦးကြီးမြင့်ကို စျေးကိုင်လိုက်ပါသည်။

" ကဲပါကွာ၊ မင်းကိုလုပ်ပေးရမယ့် အလုပ်ကိုသာ ပြောကွာ၊ ငါအခု ချက်ချင်းလုပ် ပေးမယ်"

" အစ်ကို အမြဲ လုပ်ပေးရမှာဗျာ၊ တစ်ခါတည်း လုပ်လို့မရဘူး"

"မင်းကလဲ စျေးကိုင်လိုက်တာကွာ၊ ကဲ ပြောမှာသာပြော၊ ငါလုပ်ပါ့မယ်"

" အစ်ကို လုပ်ပါ့မယ်လို့ ကတိပေးပြီးပြီနော်၊ ကျွန်တော့်ကို လုပ်ပေးရမယ့်အလုပ်က အစ်ကို နေ့စဉ် ပုတီးစိပ်ပေးဖို့ပဲ"

ကျွန်တော် ဤသို့ ဦးကြီးမြင့်ကို ပုတီးစိပ်ခိုင်းလိုက်ရာ သူ အလွန် အံ့သြသွားသည်။ သူထင်နေသည်မှာ ကျွန်တော်က သူ့ကို တစ်ခုခုလုပ်ခိုင်းမည်ဟု ထင်နေသည်။ ခုတော့ မဆီမဆိုင် သူ့ကို ပုတီးစိပ်ခိုင်းလိုက်သောအခါ သူ့မျက်နှာမှာ အံ့သြ၍ငေးမောကာ ကျွန်တော့်ကို ကြည့်နေသည်။

ပြီးမှ -

" ပုတီးမစိပ်ရင် မင်းငွေမချေးဘူးပေါ့ ဟုတ်လား "

" အစ်ကို ပုတီးမစိပ်ရင် ကျွန်တော်ငွေမချေးဘူးဗျာ"

www.burmeseclassic.com



" အင်း ခက်တာပဲကွာ၊ ငါ့မှာပုတီးမရှိဘူးကွ။ ပြီးတော့ ငါ ဘယ်လို စပြီး ပုတီးစိပ်ရမယ်ဆိုတာ မသိဘူးကွ"

" အဲဒီအတွက် အစ်ကို မပူနဲ့ဗျာ၊ ပုတီးတစ်ကုံး ကျွန်တော်လှူမယ်၊ ပြီးတော့ ပုတီးစိပ်နည်းကို ကျွန်တော် ပေးမယ်ဗျာ"

" ဒီလို ငါ ပုတီးစိပ်တော့ ဘာအကျိုးထူးမှာလဲကွ"

"အကျိုးက ထူးပါပြီကောလားဗျာ၊ ပထမအနေနဲ့ အစ်ကို ပုတီးစိပ်ခြင်းကြောင့် ကုသိုလ်ရမယ်၊ ဒုတိယအနေနဲ့က မြတ်စွာဘုရားရဲ့ တရားတော်ဟာ " အကာလိကော" ခေမ္မောလို့ ဆိုပါတယ်။ အချိန်အခါမရွေး အကျိုးပေးသော တရားတော်မြတ်ဖြစ်ပါတယ်။ အဲဒါကြောင့် အစ်ကိုဟာ မြတ်စွာဘုရားတရားတော်မြတ် (ဝါ) ဂုဏ်တော်မြတ်ကို ပုတီးစိပ်ခြင်းကြောင့် အချိန်အခါမလင့်ပြန်ပြီး အကျိုးပေးပါလိမ့်မယ်။ ဒါပေမယ့် အဲဒီအကျိုးတရားကို မျှော်ကိုးပြီး ပုတီးမစိပ်ရဘူးနော်။ ပုတီးစိပ်တဲ့အခါမှာ ကြည်ညိုသဒ္ဓါတရားနဲ့သာ စိတ်ကို ဖြူဖြူစင်စင်ထားပြီး စိပ်ရမယ်"

ကျွန်တော်သည် ဦးကြီးမြင့်ကိုပြောရသဖြင့် မောသွားသည်။ ထို့ကြောင့် ရေနွေးကြမ်း တစ်ခွက်ကို မော့သောက်လိုက်သည်။

" ငါ ဘယ်လောက်ကြာကြာ မင်းပုတီးကို စိပ်ရမှာလဲကွာ"

" ၁၈ ရက်ထဲပါဗျာ။ တစ်ကယ်လို့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး မထူးခြားလာရင်တော့ ဆက်မစိပ်နဲ့ပေါ့ဗျာ အဲ. . . အစ်ကို့ဘဝထူးခြားလာရင်တော့ ဆက်စိပ်ပေါ့ဗျာ. . . ဘယ့်နှဲ့လဲ"

" အေး ဒါဆိုရင် စိမ်လိုက်ကွာ၊ ဒီနေ့ညကစပြီး ငါ ပုတီးစိပ်မယ်"

ဦးကြီးမြင့်သည် သူပုတီးစိပ်မည့်အကြောင်း ကျွန်တော့်ကို လှိုက်လှိုက်လှဲလှဲ ကတိပေးလေသည်။ သူနှင့် ကျွန်တော်လက်ဖက်ရည်ဆိုင်မှထကာ ကျွန်တော့်အိမ်သို့ ပြန်လာပါသည်။

သူလိုသောငွေ ၂၀၀ဝိ/- ကို ကျွန်တော်ချေးလိုက်သည်။ ပြီးတော့ ကျွန်တော် အမြတ်တနိုးထားသောပုတီးကို အပ်လိုက်ပြီး "နမော ငါးချက်" ပုတီးစိတ်နည်းကို ရေးကာပေးလိုက်ပါသည်။ ထို နမောငါးချက် ပုတီးစိပ်နည်းကို ရှေးသူတော်စင်ကြီးများ အမြတ်တနိုးထားကာ အစဉ်ပွားများသောနည်း ဖြစ်ပါသည်။

www.burmeseclassic.com



ဤနမောင်းချက် ပုတီးစိပ်နည်းမှာ နမောတဿ ဘုရားရှိခိုးကို ပြန်လည်ခွဲခြမ်းစိပ်ဖြာ၍ ပွားများသောနည်းဖြစ်သည်။ ဤပုတီးစိပ်နည်းကို ပွားများအားထုတ်သူတိုင်း မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်ကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများ သိသာထင်ရှားစွာ အကျိုးပေးလေသည်။ ထို့ကြောင့် ဦးကြီးမြင့်အား ဤပုတီးစိပ်နည်းကို ပွားများပုတီးစိပ်ရန် ရေးပေးလိုက်ခြင်းဖြစ်သည်။

နမောင်းချက် စီးပွားတက်

(၁) နမောတဿ - (ပုတီးတစ်လုံးချပြီး သုံးပတ်စိပ်ပါ)
(၂) နမောတဿ ဘဂဝတော (ပုတီးတစ်လုံးချပြီး သုံးပတ်စိပ်ပါ)
(၃) နမောတဿ အရဟတော (ပုတီးတစ်လုံးချပြီး သုံးပတ်စိပ်ပါ)
(၄) နမောတဿ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတစ်လုံးချပြီး သုံးပတ်စိပ်ပါ)
(၅) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (ပုတီးတစ်လုံးစီချပြီး သုံးပတ်စီ စိပ်ပါ)။

အထက်ပါ ပုတီးစိပ်နည်းကိုပေးပြီး နေ့စဉ်နံနက်တွင် ကိုယ်လက်သုတ်သင်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ မြတ်ဘုရားကို ကပ်လှူပြီး ငါးပါးသီလ ခံယူကာ အထက်ပါပုတီးစိပ်နည်းကို ကြည်ညိုသဒ္ဓါတရားထားပြီး စိပ်ရန် မှာကြားလိုက်ပါသည်။

ဦးကြီးမြင့်နှင့် ကျွန်တော် မတွေ့ကြသည်မှာ တစ်လခန့်ကြာသွားပါသည်။ ကျွန်တော်လည်း မေ့မေ့ပျောက်ပျောက်ရှိနေစဉ် အထုပ်ကြီးတစ်ထုပ်နှင့် ဦးကြီးမြင့် ရောက်လာသည်။ သူ့အထုပ်ကြီးမှာ ကန်စွန်းဥများဖြစ်ပြီး ကျွန်တော့် ကလေးများစားရန် ယူဆောင်လာခြင်း ဖြစ်သည်။

" ဘယ်လိုလဲ အစ်ကို၊ ပုတီးကော်စိပ်ရဲ့လား"

" မင်းကို အဲဒီအကြောင်းတွေ ပြောချင်လို့ တမင်လာခဲ့တာကွာ။ မင်းကို ကတိပေးခဲ့မိလို့ ငါ ပုတီးစိပ်ခဲ့ရတာ၊ အဲဒီအချိန်က ငါ့မှာ ကြွေးတွေကလည်း ဝိုင်းလို့၊ ဒီကြားထဲ မင်းတူမကတစ်မျောင့်ကွာ၊ မင်းအစ်မကြီးကလည်း ကျန်းမာရေးချူချာနေတော့ ငါ့ဦးနှောက်တွေ ရှုးမလောက် ခံစားနေရတယ်။ မင်းပေးလိုက်တဲ့ ပုတီးစိပ်ကိုစပြီး ပုတီးစိပ်ပေမယ့် ငါ့စိတ်

www.burmeseclassic.com



တွေက ဟိုရောက်၊ ဒီရောက်ပဲ ဒါပေမယ့် တစ်ပတ်လောက်ကြာတော့ ငါ့စိတ်တွေ ငြိမ်လာတယ်။ ငါ့အမြင်တွေ ကြည်လင်လာတယ်။ ငါ့ဆုံးဖြတ်ချက်တွေ မှန်ကန်လာတယ်။ အရင်က ငါ ရစရာရှိတဲ့ ကြွေးဟောင်းတွေ ပြန်ရလာတယ်။ အရောင်းအဝယ်လဲ ကောင်းလို့လာတယ်ကွ၊ မင်းအစ်မကြီးလည်း နေကောင်းသွားပြီကွ၊ ဒါဟာ မင်းရဲ့ ကျေးဇူးကြောင့်ပေ့ါ။ ဒါကြောင့် မင်းကြွေးခု ငါလာပေးတာ" ဟုပြောကာ သူ ကျွန်တော့်ဆီက ယူထားသောကြွေး ပြန်ဆပ်သည်။

ဦးကြီးမြင့်ရဲ့ ကောင်းသတင်းကြား၍ ကျွန်တော် ဝမ်းသာကြည်နူးမိသည်။

"မင်းကို ဝမ်းသာစရာ တစ်ခုပြောရဦးမယ်၊ အဲဒါက မင်းပေးလိုက်တဲ့ ပုတီးစိပ်နည်းကို ငါ မသေမချင်း ပုတီးစိပ်ပြီး ဘုရားဂုဏ်တော်တွေကို ကြည်ညိုသွားဖို့ စိတ်ပိုင်းဖြတ်လိုက်ပြီကွ"

"ကောင်းလိုက်တဲ့ ဆုံးဖြတ်ချက်ပါအစ်ကို၊ ကျွန်တော် သာဓုခေါ်ပါတယ်" ဟု ကျွန်တော် ကြည်နူးမဆုံး ပြောလိုက်မိပါသည်။

မြတ်စွာဘုရားအား ချီးကျူးခြင်း

၁။ နမောတဿ = သာတာဂီရိ၊ နမောယက္ခာ။
၂။ တဿတူ = တဿစ၊ အသူရိန္ဒဒေါ။
၃။ ဘဂဝတော = ဘဂိတော ဣန္ဒဒေဝါ။
၄။ အရဟတော = အရဟတော ပရမေသွာ။
၅။ သမ္မာသမ္ဗုဒ္ဓဿ = သမ္မာသမ္ဗုပြဟ္မာစ။

တေန မဿန္တိ ဂေါတမံ ဝိဇ္ဇာ စရဏသမ္ပန္နံ တံ နမဿမိသာဒရံ။

www.burmeseclassic.com



ကျောက်ကဲ့ဆရာတော်ကြီး၏

# ဒိဗ္ဗယ

သုသုက ပုတီးစိပ်နည်း

ဤပုတီးစိပ်သည့်နည်းကို စာရေးဆရာကြီး ဒဂုန်နတ်ရှင်ထံမှ လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်တုန်းက ရရှိခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဆရာကြီးသည် ရန်ကင်းမြို့နယ် စူနီယံပတ်လမ်းတွင် နေထိုင်သည်။ ကျွန်တော်သည် ဆရာကြီး ဒဂုန်နတ်ရှင်ထံသို့ မကြာခဏရောက်၍ စာပေနှင့် ပတ်သက်သော အကြောင်းအရာများကို မေးမိသည်။

ရန်အောင်စာပေ

www.burmeseclassic.com



ကျွန်တော်သည် ကဗျာရှင်တစ်ယောက်ဖြစ်ခဲ့ပါသည်။ ကဗျာရှင်တို့ ဘဝဟူသည် ဆင်းရဲနွမ်းပါးလှသည်။ ထိုသို့ ဆင်းရဲနွမ်းပါးသော ကျွန်တော့် ဘဝကို ဆရာကြီးမကြည့်ရက်။ တစ်နေ့တွင် ဆရာကြီးက ကျွန်တော့်အား ပုတီးစိပ်ရန် တိုက်တွန်းသည်။

" ကုသိုလ်ရအောင် ပုတီးစိပ်ခိုင်းတာလား ဆရာ"

" ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့ကွယ်"

ဆရာကြီး ဒဂုန်နတ်ရှင်၏ မိန့်ကြားချက်ကို ကျွန်တော်အံ့သြသွားမိသည်။ ပုတီးစိပ်ခြင်းမှာ သမာဓိရပြီး အကုသိုလ်စိတ်များနည်းကာ ကုသိုလ်စိတ်များက လွှမ်းခြုံလာမည်။ တစ်နည်းအားဖြင့် မကောင်းသောစိတ်များကို ဖယ်ရှား၍ ကောင်းသောစိတ်များကို အစားထိုးမွေးမြူခြင်း ဖြစ်ပေသည်ဟု ကျွန်တော် ယုံကြည်ထားခဲ့ပါသည်။ သို့သော် ယခု ဆရာကြီး ဒဂုန်နတ်ရှင် အမိန့်ရှိသည်မှာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဟူသော စကားကို ကျွန်တော် နားမရှင်းပါ။

" ဆရာ . . . ပုတီးစိပ်ခြင်းဟာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတာ ကျွန်တော့်ကို ထပ်ရှင်းပြစေချင်ပါတယ်"

" ဒီလို ရှိတယ်ကွယ်၊ လူတွေမှာ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ် နှစ်မျိုးရှိနေတယ်၊ များသောအားဖြင့် လူတွေမှာ အကုသိုလ်စိတ်တွေက လွှမ်းခြုံထားတယ်၊ ကုသိုလ်စိတ်က နည်းပါးလှတယ်၊ အဲဒါ. . . ဘာကြောင့်လဲ ဆိုတော့ လောဘ၊ ဒေါသ၊ မောဟတွေ လွှမ်းခြုံထားလို့ပဲ၊ အဲဒီလို လွှမ်းခြုံထားတဲ့နေရာ (အကုသိုလ်စိတ်) မှာ ကုသိုလ်စိတ်တွေကို တဖြည်းဖြည်း သွင်းပေးရတယ်။ အစားထိုးပေးရတယ်။ တစ်နည်းအားဖြင့် ကုသိုလ်စိတ်ကို စတင်မွေးမြူရတယ်"

" စိတ်ကို မွေးမြူလို့ ရပါသလားဆရာ"

"အေးပေါ့ကွယ်၊ စိတ်ကို မွေးမြူပြီး ပျိုးထောင်ယူရတယ်၊ မကောင်းသော အကုသိုလ်စိတ်ကနေပြီး ကောင်းသောကုသိုလ်စိတ်ကို ပြောင်းလဲယူရတယ်"



BURMESE CLASSIC .com

www.burmeseclassic.com



" အဲဒီလို. . . ကုသိုလ်စိတ်တွေကို မွေးမြူတော့ ဘာအကျိုးရှိလဲဆရာ"

"အကျိုးလား၊ ရှိပေတာပေါ့ကွယ်၊ အကုသိုလ်စိတ်တွေကို တဖြည်းဖြည်း ဖယ်ရှားလိုက်ပြီး ကုသိုလ်စိတ်တွေကို စုဆောင်းလို့များလာရင် စိတ်ဟာ ဖြူစင်လာပြီး ကုသိုလ်တရားတော်က ပြန်ပြီးအကျိုးပေးလာတယ်၊ အဲဒါကြောင့် မင်းကို ဆရာ စောစောက ပြောခဲ့တာ၊ ပုတီးစိပ်တာဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုတာလေ"

ဆရာကြီး ဒဂုန်နတ်ရှင်သည်. . . ကွမ်းတော့်ကို ရှင်းပြရသဖြင့် မောသွားဟန်တူသည်။ ရေနွေးပန်းကန်ထဲမှ ရေနွေးကို ကောက်ယူသောက်လိုက်သည်။

" ဒီလိုဆိုရင် ဆရာ၊ ဝမ်းရေးအတွက် ဝမ်းဝဖို့အတွက် ပုတီးစိပ်ရမယ့် သဘောလားခင်ဗျာ"

" အဲဒီလိုစိတ်ထား မထားရဘူးကွယ့်၊ ယခုခေတ်မှာတော့ ပုတီးစိပ်ကြတယ်ဆိုတာ ရာထူးတိုးဖို့၊ ပစ္စည်းဉစ္စာတိုးဖို့၊ အန္တရယ်ကင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပုတီးစိပ်ကြတာများ ပါတယ်။ အမှန်က အဲဒီလို စိတ်ထားမျိုး မထားသင့်ဘူး၊ မထားအပ်ဘူး၊ မိမိပုတီးစိပ်ခြင်းဟာ ရတနာသုံးပါးကို ကြည်ညိုလေးစားလို့၊ ရိုသေမြတ်နိုးလို့၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသာဖြစ်တယ်၊ ဘာမှ လောဘထားပြီး မမျှော်လင့်သင့်ဘူး၊ မိမိစိတ်ဓာတ်ဖြူစင်သလောက် လောဘအညစ် အကြေးအပေါင်းမှ ကင်းဝေးတော်မူသော ဂုဏ်တော်တွေက ပြန်ပြီးအကျိုးပေး ပါတယ်။ သီလစောင့်မှ အူမတောင့်ဆိုတဲ့စကား ရှိတယ်မဟုတ်လားကွယ်"

" အူမတောင့်မှ သီလစောင့်နိုင်မယ်လို့ တချို့ကတော့ ပြောနေကြပါတယ်ဆရာ"

" အင်း . . . ဒီစကားဟာ ပြောင်းပြန်ဖြစ်နေတယ်ကွယ်၊ အမှန်က သီလစောင့်မှ အူမတောင့်မယ်ဆိုတာ အမှန်ပါ"

" ဒီလိုဆိုရင် ဆရာကြီး ပြောချင်တာက ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့စိတ်မျိုးကို ပထမမွေးမြူရမယ်၊ အဲဒီလို ကြည်ညိုလေးစားတဲ့ စိတ်က မိမိကို ပြန်ပြီးအကျိုးပေးလာမယ်လို့ ဆိုလိုပါသလား ခင်ဗျာ"



BURMESE CLASSIC .com

www.burmeseclassic.com



"အိမ်း . . . ဟုတ်သပေါ့ကွယ်၊ ပုတီးစိပ်ရာမှာလည်း ရတနာသုံးပါးကို ကြည်ညိုတဲ့၊ ဂုဏ်တော်ကို ကြည်ညိုတဲ့ စိတ်ဓာတ်ကို ထပ်တလဲလဲ မွေးမြူရမယ်၊ မိမိရဲ့ညစ်နွမ်းနေတဲ့စိတ်ကို ဖြူစင်လာအောင် ဂုဏ်တော်စိတ်တွေနဲ့ အထပ်ထပ် လျှော်ဖွပ်ပေးရတယ်။ အဲဒီလို ဂုဏ်တော်နဲ့ စိတ်ကိုမွေးမြူပေးခြင်းကြောင့် စိတ်ဟာ တဖြည်းဖြည်း ဖြူစင်လာပြီး အကျိုးပေးတွေ ထက်သန်လာမယ်၊ လောဘဇောနဲ့ လိုချင်တပ်မက်မှုတွေကို ရှေ့တန်းတင်ပြီး မတောင့်တရဘူး၊ မိမိကုသိုလ်ကံအလျောက် အကျိုးပေးတာကိုပဲ ကျေနပ်နှစ်သိမ့်ရတယ်"

"ဆရာကြီးခင်ဗျာ၊ စောစောက ဆရာကြီးပြောပြတဲ့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတာ ဒီသဘောပါလားခင်ဗျာ"

"အိမ်း . . . ဟုတ်ပ"

"အဲဒီလိုဆိုရင် . . . ကျွန်တော်ဘယ်ပုတီးစိပ်နည်းကို စတင်စိပ်ရပါမလဲ ခင်ဗျာ"

" မောင်ရင့်ကိုတော့ ထူးခြားတဲ့ ပုတီးစိပ်နည်းကို ပေးလိုက်မယ်၊ တစ်သက်လုံး ကြည်ညိုတဲ့ စိတ်နဲ့ ပွားများအားထုတ်ပေတော့"

ဆရာကြီး ဒဂုန်နတ်ရှင်ဟာ စာရွက်တစ်ရွက်ပေါ်တွင် ကျွန်တော်စိပ်ရမည့် ပုတီးစိပ်နည်းကို ရေးချလိုက်သည်။ ပြီးတော့-

"ဒီ ပုတီးစိပ်နည်းဟာ ရှေးက ကျောက်ကွဲဆရာတော်ကြီးရဲ့နည်းကွယ့်၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုတဲ့ ပုတီးစိပ်နည်းပေါ့၊ မင်းကိုယ်တိုင် (၁၈)ရက် တိတိ ကြည်ညိုသဒ္ဓါတရား စိတ်နဲ့ ပုတီးစိပ်ပြီးရင် သိလိမ့်မယ်"

ဟု မိန့်ကြားပါသည်။

ဆရာကြီးပေးသော ပုတီးစိပ်နည်းကို အသေအချာဖတ်ကြည့်ရာ-

၁။ နမောတဿ ဘဂဝတော (ပုတီးသုံးပတ်)
၂။ နမောတဿ အရဟာတော (ပုတီးသုံးပတ်)
၃။ နမောတဿ သမ္မာသမ္ဗုဒ္ဓဿ (ပုတီးသုံးပတ်)
၄။ နမောတဿ ဘဂဝတော အရဟာတော သမ္မာသမ္ဗုဒ္ဓဿ (ပုတီး ၉ပတ်)

စုစုပေါင်း ပုတီးအပတ် (၁၈)ပတ်။

www.burmeseclassic.com



ဆရာကြီးဒဂုန်နတ်ရှင်က . . .

ကျွန်တော့်အား ဆင်းရဲနွမ်းပါးမှုဒဏ်မှ ကင်းလွတ်စေရန် စေတနာမွန် ဖြင့်ပေးလိုက်သော ပုတီးစိပ်နည်းကို တရိုတသေယူကာ မွေးနေ့ကစပြီး နေ့စဉ် ပုတီး (၁၈)ပတ် စိပ်မိပါသည်။

(၁၈)ရက်ကျော်သောအခါ ထိုပုတီးစိပ်နည်း၏ တန်ခိုးတော်ကြောင့် ပင်လားမသိ၊ ငွေရေးကြေးရေးများ အဆင်ပြေလာပါသည်။ မိသားစုများ နပ်မှန်အောင် စားလာရပါသည်။ ယခင်က ငါးပိဖုတ်နှင့် စားခဲ့ရာက ဤပုတီး စိပ်နည်းကို ပွားများအားထုတ်ပြီးနောက် နေ့စဉ်ဆီပြန်ဟင်းများကို စား၍ လာခဲ့ရပါသည်။

သို့သော် ကျွန်တော်သည် ဆရာကြီး ဒဂုန်နတ်ရှင် ချီးမြှင့်လိုက်သော ကျောက်ကွဲဆရာတော်ကြီး၏ စိပ်ပုတီးတန်ခိုးကြောင့်လား၊ တိုက်ဆိုင်လို့ပင် လားဟု ဇဝေဇဝါ ဖြစ်နေပါသည်။ တစ်နေ့တွင် သူငယ်ချင်း ဗေဒင်ဆရာတစ်ဦး နှင့်တွေ့ကြုံရာ သူ့ထံ လူအလာနည်းကြောင်း၊ ထို့ကြောင့် ဝင်ငွေမကောင်း ကြောင်း ညည်းပြပါသည်။ ထိုအခါတွင် ကျွန်တော် ကျောက်ကွဲဆရာတော်ကြီး ၏နည်းကို (၁၈)ရက် ပုတီးစိပ်ရန်ပြောပြီး ဆရာကြီးဒဂုန်နတ်ရှင် အမှာအတိုင်း ဂုဏ်တော်ကြည်ညိုသဒ္ဓါတရားထားပြီးစိပ်ရန် မှာကြားလွှတ်လိုက်သည်။ နောက် (၁၈)ရက် ကျော်သောအခါ ထိုဗေဒင်ဆရာနှင့် ကျွန်တော် ပြန်တွေ့ ကြသည်။

ကျောက်ကွဲဆရာတော်ကြီး၏ ပုတီးစိပ်နည်းမှာ အစွမ်းထက်လှ ကြောင်း၊ အညွှန်းအတိုင်း ကြည်ညိုသဒ္ဓါတရားနှင့် ပုတီးစိပ်ခဲ့ရာ (၁၈)ရက် ကျော်လွန်သောအခါ ဗေဒင်မေးသူများမှာ ထူးခြားစွာရောက်လာမှုကြောင့် မိမိထမင်းစားချိန်တောင်မရကြောင်း အားရဝမ်းသာစွာ ပြောပါသည်။

ကျွန်တော်သည် တစ်ဖန် ဆင်းရဲဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်နေရသူ တပည့် မောင်ဇော်ဦးအား ကျောက်ကွဲဆရာတော်ကြီး၏ ပုတီးစိပ်နည်းကို ပေးမိပြန်ပါသည်။ မောင်ဇော်ဦးမှ တစ်ဆင့် သူ၏ မိတ်ဆွေတစ်ဦးကိုပေးပြီး ထိုပုတီးစိပ်ကို ပြိုင်တူပွားများ ကြည်ညိုကြသည်။ (၁၈)ရက် ကျော်လွန်သော

www.burmeseclassic.com



အခါ လျှုနိုင်တန်းနိုင်သောအဆင့်အထိ သူတို့ဘဝများ တိုးတက်ခဲ့သည်ဟု ဝမ်းသာအားရ ပြောပြရှာသည်။ ကျွန်တော် ကြည်နူးမိပါသည်။

ဩော် . . . ဆရာကြီးဒဂုန်နတ်ရှင် ပြောဆိုမိန့်ကြားသည့်အတိုင်းပင် ကုသိုလ်လည်းရ ဝမ်းလည်းဝပါတကား။

စာရှုသူ ဓမ္မမိတ်ဆွေများ ခင်ဗျား၊ ကျောက်ကွဲဆရာတော်ကြီး၏ နည်းနာအတိုင်း ကုသိုလ်လည်းရ၊ ဝမ်းလည်းဝစေရန် စေတနာသဒ္ဓါတရားရှေ့ထားပြီး ပွားများအားထုတ်ကြပါရန် တိုက်တွန်းလိုက်ရပါသည် ခင်ဗျား။

၁။ နမောတဿ ဘဂဝတော- ဘုန်းတော်(၆) ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကြီးအား ရှိခိုးပါ၏။

၂။ နမောတဿ အရဟတော- ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကြီးအား ရှိခိုးပါ၏။

၃။ နမော တဿ သမ္မာသမ္ဗုဒ္ဓဿ- တရားတော်မြတ်အပေါင်းကို အပိုအလိုမရှိအလိုလို သိမြင်တော်မူသော မြတ်စွာဘုရားကြီးအား ရှိခိုးပါ၏။

၄။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-

-အရဟတော- လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ ကောင်းစွာ ရှင်ပျော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊

-ဘဂဝတော- ဣဿရိယ, ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပြီးထသော၊

-သမ္မာသမ္ဗုဒ္ဓဿ- ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂသစ္စာ လေးဖြာညေယျ မြတ်ဓမ္မကို မခွလုံးစုံ သိတော်မူပြီးထသော

-တဿတာဒိသဿ- ထိုသို့ကျေးဇူးတော်စုံ ဂုဏ်တော်မြတ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို

-နမော နမာမိ- ဘယ, လာဘ, ကုလကြဉ်ရှောင်း ဂုဏ်တော်အပေါင်းကို အောက်မေ့သဖြင့် အသင့်နှလုံးဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရပဏာမဖြင့် ကြည်စွာသဒ္ဓါ လက်အုပ်မိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်မြတ်ကြီးဘုရား။

www.burmeseclassic.com



မြန်မာနိုင်ငံအထက်အညာ၏ အိမ်ရှေ့နဖူးစည်းများတွင် အရုပ်ဝါဟူသော အကွရာများ ဆွဲထားလေ့ရှိသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် မန္တလေးမြို့တော်၏ မြန်မာအိမ်များ နဖူးစည်းတွင် အရုပ်ဝါဟူသော ဂုဏ်တော်အကွရာကို သစ်သားဖြင့် သေသေသပ်သပ် ထုထွင်း၍ ရှိသေလေးစားစွာ ဆွဲချိတ်ထားသည်ကို တွေ့ရသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် အရုပ်ဝါဂုဏ်တော်ကို ဤသို့ ချိတ်ဆွဲထားခြင်းမှာ လာဘ်ပွင့်ခြင်း၊ စီးပွားဥစ္စာတိုးခြင်း၊ အန္တရာယ်ကင်းခြင်း

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



စသော ဝိသေသထူးများကို ခံစားရမည်ဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။

အရဟံဂုဏ်တော်သည် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးအနက်မှ ရှေဦး ပထမ ဂုဏ်တော်မြတ်တစ်ပါးဖြစ်သည်။

ရှေးရှေးဆရာတော်ကြီးများနှင့် ဆရာကြီးများသည် အရဟံဂုဏ်တော် တစ်ပါးတည်းကိုသာ နေ့စဉ်ရွတ်ပွား ကြည်ညိုကြသည်။ အမှန်စင်စစ်လည်း အရဟံဂုဏ်တော်သည် ကျန်ဂုဏ်တော်ရှစ်ပါး၏ အကြီးအမှူးဖြစ်ကြောင်း ကျမ်းဂန်တို့၌ လာပါသည်။

"အရဟံ ပမုခံ ဘဝေ"

အရဟံဂုဏ်တော်သည် ဂုဏ်တော်ကိုးပါးတို့တွင် အကြီးအမှူးဖြစ် ကြောင်း အထက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

ယခု ကျွန်တော်တင်ပြလိုသည်မှာ အရဟံဂုဏ်တော်လေးမျိုးကို စွဲစွဲမြဲမြဲ ပုတီးစိပ်သူ ယောဂီတစ်ယောက်အကြောင်း ဖြစ်ပါသည်။

သူ့အမည်က ဦးလှမြင့်။

သူသည် ကျွန်တော့်ထက် အသက်ငါးနှစ်ခန့်ကြီးသည်။ ယခုဆိုလျှင် သူ့အသက် ၇၀-ကျော်ရှိပေမည်။

ဦးလှမြင့်သည် ဗြိတိသျှတို့ မြန်မာနိုင်ငံဝယ် ကြီးစိုးသောခေတ်၊ ဂျပန်ခေတ်နှင့် လွတ်လပ်ရေးရပြီး ခေတ်သုံးခေတ်တို့ကို မှီလိုက်သူဖြစ်သည်။ ဦးလှမြင့်တို့ ပညာသင်စအရွယ်သည် ဗြိတိသျှ ကိုလိုနီခေတ်ဖြစ်၍ မြန်မာနိုင်ငံ တွင် ပညာရေးမှာ အလွန်ပင်နိမ့်ကျလှသည်။ ထို့ကြောင့် ဦးလှမြင့်သည် ရွာရှိဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူခဲ့ရသည်။

ဂျပန်ခေတ်လွန်မြောက်၍ မြန်မာနိုင်ငံလွတ်လပ်ရေးကြီးရရှိသော အခါ ဦးလှမြင့်၏ မိဘများမှာ တောအရပ်မှ ရန်ကုန်မြို့ပေါ်သို့ ရွှေ့ပြောင်းရန် စီစဉ်ကြတော့သည်။ ထိုအခါ ဦးလှမြင့်သည် သူ့ငယ်ဆရာဘုန်းတော်ကြီးကို သွားရောက်ကန်တော့သည်။

" မောင်လှမြင့် "

" ဘုရား "

" မင်းမိဘများ ရန်ကုန်မြို့ကို ပြောင်းကြမယ်ဆို "

ရန်အောင်စာပေ

www.burmeseclassic.com



" မှန်လှပါဘုရား "

ဆရာတော်ကြီးသည် သူ့တပည့်ကို စိုက်ကြည့်နေသည်။

" ရန်ကုန်မြို့ဆိုတာ မြန်မာနိုင်ငံရဲ့အဓိက မြို့တော်ကြီးပဲကွယ့်။ စီးပွားရေး၊ လူမှုရေးတွေဟာလဲမြင့်တယ်၊ မိမိတော်ရင်တော်သလို ကြီးပွားချမ်းသာမယ်။ လူမှုရေးမှာလဲ မိမိက အပေါင်းအသင်းဆန့်ရင် ဆန့်သလို အကူအညီရမယ်"

ဆရာတော်ကြီးသည် သူ့တပည့်ကို ဆုံးမစကားပြောရင်း ခေတ္တရပ်ပြီး တစ်ခုခုကို စဉ်းစားနေဟန်ရှိသည်။ ပြီးမှ -

" မောင်လှမြင့် "

" ဘုရား "

" မင်းခု ပုတီးစိပ်သလား "

" မစိပ်ပါဘူး ဘုရား "

" ဆရာတော်က မင်းကို ပုတီးစိပ်ခိုင်းရင် ပုတီးစိပ်နိုင်ပါ့မလား "

" စိပ်နိုင်ကြောင်းပါဘုရား "

" အေး သာဓု သာဓု "

ဆရာတော်ကြီးက ဆက်ပြီး

" အရဟံဂုဏ်တော်ကို မင်းရသလား "

" မှန်ပါ့ဘုရား "

" အရဟံဂုဏ်တော်က လေးမျိုးလေးစားရှိသကွယ်။ ကဲ မင်း စာရွက်တစ်ရွက်ကိုယူပြီး ရေးစမ်း "

(၁) "အ- ရဟံ" အလို့ ဆိုပြီးမှ ရဟံကို ဆက်ဆိုရမယ်၊ အဓိပ္ပာယ်ကတော့ ဆိပ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရားလို့ စိတ်အာရုံထဲမှာသိရမယ်။

(၂) "အရ- ဟံ"

အရလို့ ဆိုပြီးမှ ဟံကို ဆက်ဆိုရမယ်။ အဓိပ္ပာယ်ကတော့ လှည့်ပတ်လျက်ရှိတဲ့ သံသရာစက်ဝိုင်းကြီးကို ချိုးဖျက်တော်မူပြီးဖြစ်သော မြတ်စွာဘုရားလို့ စိတ်ထဲမှာ သိမှတ်နေရမယ်။



BURMESE CLASSIC .com

www.burmeseclassic.com



(၃) အရိဟံ

အရိ- ကရန်သူ၊ ရန်အပေါင်းကို အောင်မြင်တော်မူသော မြတ်စွာဘုရား လို့ စိတ်ထဲ ရင်ထဲက သိနေရမယ်၊ နောက်ဆုံး ဂုဏ်တော်ကတော့

(၄) အရဟံ

လူနတ်သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက် သော မြတ်စွာဘုရားလို့ စိတ်ထဲမှာ သိပြီး စွဲမြဲထားရမယ့်ကွယ့်"

"ပုတီးစိပ်နည်းကတော့ မိမိအိမ်ရှိ ဘုရားစင်ရှေ့မှာ ပန်း၊ ဆီမီးတွေ နံနက်စောစောမှာ ကပ်လှူပြီး ငါးပါးသီလခံယူရမယ်။ ပြီး ကျောရိုးကို မတ်မတ် ထား၊ တင်ပြင်ခွေထိုင်ပြီး စောစောက ဆရာတော်ပြောခဲ့တဲ့ အရဟံ (၄) မျိုး

(၁) အ - ရဟံ (ပုတီးတစ်လုံးချ စနစ်နဲ့ ပုတီးသုံးပတ်)
(၂) အရ - ဟံ (ပုတီးတစ်လုံးချ စနစ်နဲ့ ပုတီးသုံးပတ်)
(၃) အရိဟံ (ပုတီးတစ်လုံးချ စနစ်နဲ့ ပုတီးသုံးပတ်)
(၄) အရဟံ (ပုတီးတစ်လုံးချ စနစ်နဲ့ ပုတီးသုံးပတ်)

ဂုဏ်တော်တစ်ပါးကို အနည်းဆုံး ပုတီး (၃) ပတ်၊ တတ်နိုင်လျှင် ဂုဏ်တော် တစ်ပါးကို ပုတီးကိုးပတ်စီရအောင် စိပ်ရမယ်။ နေထိုင်မကောင်းတဲ့ရက်မှအပ နေ့စဉ်ဝတ်မပျက်အောင် စိပ်ရမယ်ကွယ့်။ ဘယ့်နဲ့လဲ မင်းစိပ်နိုင်ပါ့မလား၊ မောင်လှမြင့် "

" စိပ်နိုင်ကြောင်းပါ ဘုရား "

ဦးလှမြင့်က ကတိပေးသောအခါ ဆရာတော်သည် သာဓုသုံးကြိမ် ခေါ်ပြီး သူ့ရှေ့၌ ချထားသော မည်းပြောင်နေသည့် သစ်ကနက်ပုတီးကို ကောက်ယူပြီး ဦးလှမြင့်ကို ချီးမြှင့်လိုက်သည်။

ဦးလှမြင့်သည် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

ဆရာတော်ချီးမြှင့်သော ပုတီးကို ဦးလှမြင့် တယုတယဆုတ်ကိုင်ရင်း အသက်ထက်ဆုံး အရဟံဂုဏ်တော်ကို ပုတီးစိပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဦးလှမြင့်တို့မိသားစုသည် ရန်ကုန်မြို့သို့ တက်လာသည်။ နေ့စဉ် အရဟံဂုဏ်တော် လေးမျိုးကို ပုတီးပတ် (၁၂)ပတ်ရအောင် ပွားများအားထုတ် သည်။ (၉)ရက်ရောက်တိုင်း ပုတီးပတ်ရေ (၁၀၈)ရလေသည်။ မကြာမီ ပုံနှိပ်



BURMESE CLASSIC .com

www.burmeseclassic.com



တိုက်တစ်ခု၌ သူအလုပ်ရသည်။ ထိုမှတစ်ဆင့် အစိုးရပုံနှိပ်တိုက်ကြီးသို့ ပြောင်းရွှေ့ခဲ့သည်။

နေ့စဉ် နံနက်စောစော၌ ဆရာတော်ကြီးအမိန့်ရှိသည့်အတိုင်း ရေချမ်း၊ အမွှေး၊ နံ့သာ၊ ဆီမီးတို့ကို ကပ်လှူပြီး အရဟံလေးမျိုးကို ပုတီးစိပ်သည်။ မကျန်းမမာဖြစ်သည့်အခါမှလွဲ၍ နေ့စဉ် ဝတ်မပျက် ပုတီးစိပ်ခဲ့သည်။

ဤသို့ဖြင့် ဘဝအမျိုးမျိုးကို အခက်အခဲမရှိ ဦးလှမြင့် ကျော်ဖြတ်ခဲ့သည်။ နောက်ဆုံး သူနှင့်ကျွန်တော်တွေ့ချိန်မှာ ပုံနှိပ်အရာရှိဘဝရောက်နေသည်။

သူ့ဘဝကို ပြန်လည်သုံးသပ်ကြည့်လျှင် သူသည် သာမန်ဘုန်းတော်ကြီး ကျောင်းသားအဆင့်ရှိသူတစ်ယောက်သာ၊ သို့သော် သူ့လုပ်ငန်းကို ကျွမ်းကျင်သည် ရှိသေသည်။ မဖြစ်မနေလုပ်တတ်သူတစ်ယောက်ဖြစ်သည်။ သူ ပင်စင်ယူပြီးနောက် ပုံနှိပ်စက်ထောင်သည်။ ပုံနှိပ်စက်တစ်လုံးမှ နှစ်လုံး၊ သုံးလုံးအထိ တိုးတက်လာခဲ့သည်။

ယခုတော့ သူ့ဘဝသည် တိုက်နှင့် ကားနှင့် တယ်လီဖုန်းနှင့် ဖြစ်နေသည်။

ဤသို့ ဦးလှမြင့်ဘဝအဆင့်ဆင့် တိုးတက်လာခြင်းမှာ လမ်းမှန်ကို ညွှန်ပြသည့် ဆရာ့စကားကို နားထောင်ခြင်း၊ အနန္တော အနန္တငါးပါးကို ရိုသေကိုင်းရှိုင်းခြင်း၊ အရဟံဂုဏ်တော် လေးမျိုးကို နေ့စဉ်ဝတ်မပျက်ပုတီးစိပ်ခဲ့ခြင်း တို့ကြောင့် ဖြစ်မည်ဟု ကျွန်တော်သုံးသပ်မိသည်။

" ဆရာဦးလှမြင့်ခင်ဗျာ၊ ဆရာ့ကို အရဟံဂုဏ်တော်ပုတီးစိပ်ဖို့ လမ်းညွှန်လိုက်တဲ့ ဆရာတော်ကြီးဆီ ပြန်ပြီးရောက်ပါသေးသလား"

" ရောက်တာပေါ့ ကိုရင်ရယ်၊ ကျွန်တော်တစ်နှစ်ကိုတစ်ကြိမ် မှန်မှန်သွားပြီး ကန်တော့ခဲ့တာ နှစ်တိုင်းပါပဲ။ ခုတော့ ကျွန်တော့်ငယ်ဆရာ ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီ။ ကျွန်တော်ဟာ ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးကြောင့် မကြောင့်မကြ၊ မတောင့်မတဘဝ ရောက်ခဲ့ရပါတယ်။ အထူးသဖြင့် မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်အရဟံလေးမျိုးကို နေ့စဉ်ဝတ်မပျက် ပုတီးစိပ်ခဲ့တဲ့ ကျေးဇူးကြောင့်လဲ ဖြစ်ပါတယ်" ဟု ဓမ္မမိတ်ဆွေတစ်ဦးဖြစ်သော ဦးလှမြင့်က သူ့ဘဝဖြစ်စဉ်ကို ကျွန်တော့်ကို ပြောပြခဲ့ပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com



စာရှုသူ ဓမ္မမိတ်ဆွေများခင်ဗျား အရဟံ ဂုဏ်တော် (၄)မျိုးကို ယုံကြည်စွာဖြင့် နေ့စဉ်ဝတ်မပျက် အလေးအနက်ထားကာ ပုတီးစိပ်သွားပါလျှင် လူ့ဘဝ၏အခက်အခဲများကို ကျော်ဖြတ်လျက် ပေးကမ်းစွန့်ကြဲလှူဒါန်းနိုင်သော ဘဝအဆင့်သို့ မုချရောက်နိုင်ကြောင်း လက်ဆောင်ပါးလိုက်ရပါသည်။

(ဆရာဦးလှမြင့်သို့ အမှတ်တရ)

◆



BURMESE CLASSIC .com

www.burmeseclassic.com




- ဂုဏ်တော်ကိုးပါး
  လေးဆယ့်ငါး
  ဓမ္မာတစ်လွှား
  လွှန်ထင်ရှားဏ်။
- ထူးခြားကျိုးပေး
  မြန်မနှေး
  အလေးထားကာ ပွားများပါလော့။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်နေသည်မှာ ဒဂုံမြို့မြောက်ပိုင်း ၄၉-ရပ်ကွက်၊ ကျွန်တော်တို့နှင့် နီးကပ်သောနေရာတွင် အောင်ဓမ္မရိပ်သာကျောင်းဝန်းကြီးရှိသည်။ ထိုကျောင်းတိုက်ဝန်းကြီးထဲတွင် လေးကျွန်းတစ်ခိုင် အောင်နန်းရှင် စေတီလေးတစ်ဆူရှိသည်။ ထိုကျောင်းတိုက်ဝန်းကြီးထဲမှာပင် မပုပ်မသိုးသော ရဟန္တာအရှင်မြတ်ကြီးတစ်ပါး၏ ရုပ်ကလာပ်လည်း ရှိနေပါသည်။

ထို့ကြောင့်ပင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ အောင်ဓမ္မရိပ်သာသို့ လာရောက်မစဲ တဖွဲဖွဲရှိနေသည်။ အထူးသဖြင့် ထိုကျောင်းတိုက် ပရဝုဏ်အတွင်းရှိ လေးကျွန်းတစ်ခိုင် အောင်နန်းရှင်စေတီလေးမှာ ဆုတောင်းပြည့်သည်ဟု ပြောဆိုနေကြသည်။

ကျွန်တောသည် မကြာခဏ ထိုစေတီငယ်လေးသို့ ဘုရားဖူးသွားရောက်လေ့ရှိသည်။ တစ်နေ့တွင် လေးကျွန်းတစ်ခိုင် ဆုတောင်းပြည့်စေတီငယ်သို့ ဘုရားဖူးရောက်သွားသည်။ ဘုရားဖူးပြီးအထဲတွင် အမှတ်မထင် ငယ်မိတ်ဆွေကြီးတစ်ဦးကို တွေ့ရပါသည်။ သူသည် ယခင်က ညွှန်ကြားရေးမှူးဟောင်းတစ်ဦးဖြင်သည်။ ယခုတော့ ပင်စင်စားတစ်ယောက်ပါ။

" ဗျို့ မိတ်ဆွေကြီး မတွေ့ရတာကြာပြီဗျာ။ ဒီမှာ ဘုရားလာဖူးတာလား"

" ဘုရားလည်းဖူးပေါ့။ ပြီးတော့ အဓိဋ္ဌာန်လဲ လာဝင်တာပါ"

" ဒီဘုရားလေးက ဆုတောင်းပြည့်သဗျ၊ ဒါကြောင့် အဓိဋ္ဌာန်ဝင်တာလားဆရာ"

ကျွန်တော်က ဘုရားလေးကို ဂုဏ်တင်ကာ ပြောလိုက်သည်။

" ဆရာပြောသလိုလဲ တစ်နည်းအားဖြင့် ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ပွားများတဲ့ ဂုဏ်တော်ပုတီးစိပ်နည်းက ထူးထူးခြားခြားအကျိုးပေးတယ်လေ၊ ကဲ ကဲ ကြုံတုန်းဆရာ့ကို ကျွန်တော်ဧည့်ခံပါရစေ"

မိတ်ဆွေကြီးသည် ကျွန်တော့်ကိုဆွဲခေါ်ကာ အနီးအနားရှိ အအေးဆိုင်လေးတစ်ဆိုင် သို့ ခေါ်သွားပါသည်။ ရောက်ရောက်ချင်းပင် ကျွန်တော်က

" ဆရာ ပွားများနေတဲ့ ထူးထူးခြားခြား အကျိုးပေးသန်တဲ့ ပုတီးစိပ်နည်းအကြောင်း ပြောပြပါဦး"



BURMESE CLASSIC .com

www.burmeseclassic.com



"ဒီလို ဆရာရေ့။ တစ်နေ့ ကျွန်တော်ကမ္ဘာအေးဘုရားကို သွားရောက်ဖူးပါတယ်။ မမျှော်လင့်ပဲ ဓမ္မမိတ်ဆွေတစ်ဦးနဲ့ သိကျွမ်းခင်မင်ခွင့်ရသွားတယ်။ သူက ဓမ္မာစရိယဘွဲ့ရပြီးသား အမည်က ဦးစိုးမြင့်တဲ့။ သူနေတာက တိုက်အိမ်နဲ့ အိမ်ထောင်ပရိဘောဂလည်း ပြည့်ပြည့်စုံစုံနဲ့ဗျ။ ကျွန်တော်က ယခု ပင်စင်စားတစ်ယောက်ဖြစ်ကြောင်း၊ ပင်စင်လစာနဲ့ မိသားစု လောက်ငှအောင် စားသောက်နေရကြောင်း ဦးစိုးမြင့်ကို ပြောပြလိုက်တော့ သူ ကျွန်တော့်ကို တွေပြီးကြည့်နေတယ်လေ၊ ပြီးတော့ဗုဒ္ဓဂုဏ်တော်ကို ပုတီးစိပ်တာ ဝါသနာပါသလားမေးတယ်။ ကျွန်တော်က အစထဲက ပုတီးသမားတစ်ယောက်မို့ ဝါသနာပါကြောင်း၊ ကျင့်ကြံအားထုတ်ကြောင်း ပြောမိတယ်လေ။ ဒီတော့ သူစာရွက်လွတ်တစ်ရွက် ယူလာပြီး

" ဂုဏ်တော်ကိုးပါး၊ လေးဆယ့်ငါး" အစချီပြီး ယခု သူပွားများအားထုတ်နေတဲ့ ဂုဏ်တော်ပုတီးစိပ်နည်းကို ရေးပေးရှာတယ်။ ကျွန်တော်လဲ သူရေးပေးတဲ့ ပုတီးစိပ်နည်းကို တစ်ရိုတစ်သေယူပြီး ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောနေမိပါတယ်"

ဓမ္မမိတ်ဆွေကြီးသည် ကျွန်တော့်ကို သူ့အကြောင်းပြောပြရသဖြင့် အာခြောက်သွားဟန်တူသည်။ အအေးခွက်ကို မော့သောက်လိုက်ပါသည်။ ပြီးမှ -

" ကျွန်တော်လည်း သူ့ပုတီးစိပ်နည်းက ထူးဆန်းတော့ ချက်ချင်းပွားများ အားထုတ်ချင်လာတယ်။ ဒါကြောင့် အဲဒီတနင်္ဂနွေနေ့ကစပြီး အဓိဋ္ဌာန်ဝင်တော့တယ်၊ ဆရာဦးစိုးမြင့်ရဲ့ ဂုဏ်တော် ပုတီးစိပ်နည်းတန်ခိုးကြောင့် ကျွန်တော် ယခင်က ကြပ်တည်းနေတဲ့ဘဝကနေပြီး တဖြည်းဖြည်း ချောင်လည်လာတယ်။ ကျွန်တော့်ကို ပေးကမ်းစွန့်ကြဲမည့်သူတွေ၊ ငွေကြေး ထောက်ပံ့မဲ့သူတွေ ပေါ်လာတယ်။ ဒါဟာ ဦးစိုးမြင့်ပေးတဲ့ ပုတီးစိပ်နည်းကို အဓိဋ္ဌာန်ဝင်ပြီးမှ ဖြစ်လာတဲ့ အခြေအနေပါ။ ဒါကြောင့် ကျွန်တော်တိုးပြီး အဓိဋ္ဌာန်ပုတီးကို စိပ်တယ်၊ ဂုဏ်တော်တွေရဲ့ အကျိုးကြောင့်လားမသိဘူးဗျာ၊ ကျွန်တော့် မိသားစုတွေပါ လုပ်ငန်းတွေ အဆင်ပြေလာတယ်လေ"

www.burmeseclassic.com



"ကဲ ဆရာကြီးတို့ မိသားစုကြီးပွား ချမ်းသာတာတွေသာပြောမနေနဲ့ဗျာ။ ဦးစိုးမြင့်ဆီက ရလာတဲ့ဂုဏ်တော်ပုတီးပွားများနည်းကိုလဲ ကျွန်တော့်ကို လှူပါဦး"

"ရပါတယ်ဗျာ၊ ကျွန်တော်ကလဲ ခင်ဗျားကို ဒီဂုဏ်တော်ပုတီး ပွားများနည်းကို ပေးချင်နေတာ" ဟုပြောဆိုကာ သူ့အိပ်တွင်းမှ စက္ကူတစ်ရွက်တွင် အောက်ပါထူးခြားလှသော ဘုရားဂုဏ်တော်ပွားများနည်းကို ရေးပေးပါသည်။

"ပြောပါဦး၊ ဆရာဘယ်လိုအဓိဋ္ဌာန်တင်ပြီး ပွားများရသလဲဆိုတာလေ"

"ဂုဏ်တော်ပုတီးတွေကို ပွားများနေသူတိုင်းဟာ စောင့်ထိန်းနိုင်တဲ့ သီလကို ဆောက်တည်ပြီး သက်သက်လွတ်စားနိုင်ရင်ကောင်းပါတယ်။ သက်သက်လွတ်မစားနိုင်ရင်လဲ ခြေလေးချောင်းသတ္တဝါ အသားမစားဖို့ အထူးလိုအပ်ပါတယ်"

"ဘာကြောင့် ခြေလေးချောင်းသား မစားရတာလဲဆရာ"

"ဒီလိုလေ ဆရာ၊ ကျွဲနဲ့ နွားတွေဟာ ကျွန်တော်တို့ရဲ့ ထမင်းသခင် ကျေးဇူးရှင်ဖြစ်တာက တစ်ကြောင်း၊ ပြီးတော့ ဒီခြေလေးချောင်းသတ္တဝါတွေရဲ့ အသွေးအသားဟာ အလွန်ညှီတယ်။ ဝမ်းထဲရောက်သွားပြန်တော့လဲ ပါးစပ်မှာ ပုပ်စော်နံတယ်၊ အဲဒီလိုညှီနံ့၊ ပုပ်စော်နံတဲ့ အနံ့တွေနံနေတဲ့ ပါးစပ်က ဂုဏ်တော်တွေကို ပွားများခြင်းဟာ မသင့်လျော်ဘူး။ အကျိုးပေးလဲ မထက်သန်ဘူး။ မြတ်ဗုဒ္ဓရဲ့ဂုဏ်တော်တွေဟာ အလွန်သန့်ရှင်းစင်ကြယ်တော်မူတယ်။ အဲဒီလို ကိလေသာအပေါင်းမှ ဖြူဖွေးသန့်စင်တော်မူတဲ့ ဂုဏ်တော်တွေကို သက်သက်လွတ်စားပြီးမှပွားခြင်း သို့မဟုတ် ညှီနံ့ပုပ်နံ့ပြင်းထန်တဲ့ ခြေလေးချောင်းသားတွေကို မစားဘဲရှောင်ကြဉ်ပြီး ပွားများခြင်းက ပိုပြီး သင့်လျော်ကောင်းမြတ်ပါတယ်"

" ကြိုက်သွားပြီဆရာရေ့၊ ဆရာပြောတာ ရှေ့နောက်လိုက်လျောညီညွတ်တယ်။ သိပ္ပံနည်းလဲ ကျတယ်၊ နောက် ကျွန်တော် သိချင်တာက ဂုဏ်တော်ပုတီးစိပ်သူ၊ ပွားများသူဟာ သီလကို စောင့်ထိန်းရမယ်ဆိုတာလေ"

" ဒါက ဒီလိုပါဆရာ၊ မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်တွေဟာ ကိလေသာအပေါင်းက အလွန် သန့်ရှင်းစင်ကြယ်ခြင်းကြောင့် မိမိတတ်စွမ်းသမျှ စောင့်



BURMESE CLASSIC .com

www.burmeseclassic.com



ထိန်းရပါတယ်။ ဒါမှလဲ ဘုရားဂုဏ်တော်နဲ့ ပုတီးစိပ်သူဟာ လိုက်လျောညီထွေမှု ဖြစ်ပါလိမ့်မယ်။ ဆရာ့ကို ဘုရားဂုဏ်တော်နဲ့ ပတ်သက် ပြီး သမိုင်းကြောင်းက တကယ့်အဖြစ်အပျက်တစ်ခုကို ကျွန်တော် တင်ပြလိုပါတယ်”

“ ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်က မိဖုရားငယ် စောလုံဟာ လူအများရှေ့မှာ ဘုရင်ကြီးကနောက်ပြောင်မှုကြောင့် အရှက်တကွဲဖြစ်ခဲ့ရတယ်။ အဲဒီရန်ညိုးကြောင့် မိဖုရားငယ် စောလုံဟာ ဘုရင်ကြီးကို အဆိပ်ခတ်သတ်ဖို့ ကြံစည်တယ်။ အဲဒီလုပ်ကြံမှုကို ဘုရင်ကြီး သိသွားတော့ အလွန်ဒေါသကြီးတဲ့ ဘုရင်ဟာ မိဖုရားစောလုံကို သတ်မိန့်ပေးလိုက်တယ်။ အဲဒီအခါမှာ မိဖုရားစောလုံဟာ သီလကို လုံခြုံအောင်စောင့်ထိန်းပြီး မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်ကိုးပါးကို နေ့စဉ်အချိန်ရှိသမျှ ပွားများအားထုတ်တယ်။ ကိုးရက်အမိဋ္ဌာန်ပြည့်တော့ သူ့ကို သတ်ချင်သတ်ပါတော့လို့ပြောတယ်။

အဲဒီအခါ လူသတ်သမားတွေဟာ ဖားဖိုကြီးတွေဆင်ပြီး မီးကျီခဲရဲရဲတွေကို အသင့်ပြင်ထားတယ်။ မီးကျီခဲရဲရဲတွေဆိုတာ မီးပုံကြီးပေါ့။ အဲဒီလောက်ပြင်းထန်တဲ့ မီးပုံကြီးအလယ်ကို မိဖုရား စောလုံဟာ ဘုရားဂုဏ်တော်တွေကို ရွတ်ဖတ်ပြီး မကြော်မရွံ့ လျှောက်သွားတယ်။

မိဖုရားစောလုံမှာ သီလနဲ့ ဂုဏ်တော်ရနံ့တွေ သင်းပျံ့နေတာကြောင့် ဒီလောက်ကြီးမားတဲ့ မီးပုံကြီးဟာ ချက်ချင်းမီးတွေငြိမ်းသွားတယ်။

အဲဒီလို ထူးဆန်းတဲ့မြင်ကွင်းကြောင့် မင်းပရိသတ်အပေါင်းဟာ အံ့သြသွားတယ်။ ဒါပေမယ့် ဒီလို မီးငြိမ်းသွားခြင်းဟာ မတော်တဆ ဖြစ်တယ်လို့ယူဆပြီး နောက်ထပ် မီးထပ်ဖိုပြီး မီးခဲတွေရဲနေမှ မိဖုရားစောလုံကို ဖိုစင်ပေါ်ကို တက်ခိုင်းတယ်။ မိဖုရားစောလုံဟာ မကြောက်မရွံ့ မီးပုံထဲကို ရဲရဲဝင်သွားတယ်။ အဲဒီအခါမှာလဲ ရဲနေတဲ့ မီးပုံကြီးဟာ ချက်ချင်းပဲ မီးတွေငြိမ်းသွားသတဲ့။ ဒီအခါမှာလည်း မင်းကြီးဟာ ချက်ချင်း မီးတွေကို ထပ်ဖိုခိုင်းပြီး မိဖုရားစောလုံကို အသတ်ခိုင်းပြန်ပါတယ်။ တတိယမြောက်မှာလဲ တစ်ဟိန်းဟိန်းတောက်လောင်နေတဲ့မီးပုံကြီးထဲ မိဖုရားစောလုံဟာ ထပ်မံဝင်သွားတယ်။ မီးပုံကြီးဟာ သူ့အလိုလို ငြိမ်းသွားပြန်တယ်။ ဒါပေမယ့် ဘုရင်ဟာ မိဖုရားစောလုံကို ထပ်မံပြီး အသတ်ခိုင်းပြန်တယ်။



BURMESE CLASSIC .com

www.burmeseclassic.com



စတုတ္ထအကြိမ်မြောက် မိဖုရားစောလုံဟာ မီးပုံထဲကို မဝင်မီ "အရှင့်သား အညိုးကြီး လှပါပေတယ်"လို့ ဘုရင်ကြီးကို ပြောပြီး "ကျွန်ုပ်သည် ဤမီးနှင့် သေကံပါ ပါလျှင် တစ်မုဟုတ်ချင်း လောင်ကျွမ်းသွားပါစေသတည်းလို့ ဆုတောင်းပြီး မီးပုံထဲကို ဝင်သွားတဲ့အခါမှာ သစ်ရွက်ကလေးကို မီးလောင်သွားသလို မိဖုရားစောလုံကို မီးစွဲလောင်သွားတယ်"

"အဲဒီ သမိုင်းကြောင်းကို ပြန်ကြည့်ရင် မိဖုရားစောလုံဟာ သီလကို စင်ကြယ်အောင် စောင့်ထိန်းပြီး ဂုဏ်တော်ကိုးပါးကို ကိုးရက်တိတိ အမိဌာန်ဝင်ပြီးမှ လူသတ်မီးပုံကြီးထဲကို ဝင်ပြခဲ့တယ်။ ဒီလောက်ပြင်းထန်တဲ့ မီးပုံကြီးထဲကို မိဖုရားစောလုံ ဝင်သွားသော်လည်း မွေးညှင်းတစ်ပင်ကိုတောင် မီးမလောင်ခဲ့ဘူး။ ဒါဟာ သီလနှင့် ဂုဏ်တော်တွေရဲ့ တန်ခိုးပေါ့ဗျာ။ ဒါကြောင့် ဂုဏ်တော်ပုတီးစိပ်သူတိုင်းဟာ သီလကို တတ်စွမ်းသမျှ စောင့်ထိန်းဖို့ ဆောက်တည်ဖို့ လိုအပ်လှပါတယ်"

ဓမ္မမိတ်ဆွေကြီးသည် သီလတရားအရေးကြီးပုံနှင့် နောက်ကြောင်းသမိုင်းကို ရှင်းပြပါသည်။

ကျွန်တော်သည် သူ့ကို အားနာ၍ နောက်ထပ်မေးခွန်းများကို မမေးတော့ဘဲ အဧးဆိုင်မှထကာ သူ့ကို ကားဂိတ်သို့ လိုက်ပို့လိုက်ပါသည်။

ဓမ္မမိတ်ဆွေကြီး ကျင့်ကြံပွားများနေသော အကျိုးပေးထူးခြားလှသည်ဆိုသော ဂုဏ်တော်ပုတီးစိပ်နည်းကို ကျွန်တော်တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသေး။ ထူးခြားလှသည့် ထိုဂုဏ်တော်ပုတီး စိပ်နည်းကို ဓမ္မမိတ်ဆွေအပေါင်းသို့ သိစေချင်၊ ကျင့်ကြံအားထုတ်စေချင် ပါသဖြင့် ချက်ချင်းပင် တင်ပြလိုက်ရပါသည်။

ဂုဏ်တော်ကိုးပါး လေးဆယ့်ငါး

| | |
|---|---|
| ၁။ အရဟံ+ ဘဂဝါ | (ဂုဏ်တော်နှစ်ပါးကို ရွတ်ဆိုအာရုံပြုပြီးမှ ပုတီးတစ်လုံးချဖြင့် တစ်ရာ့ရှစ်လုံး ပုတီးဖြင့် ၁၀-ပတ်စိပ်ပါ) |
| ၂။ သမ္မာသမ္ဗုဒ္ဓေါ+ ဗုဒ္ဓေါ | (ဂုဏ်တော်နှစ်ပါးကို ရွတ်ဆိုအာရုံပြုပြီးမှ ပုတီးတစ်လုံးချကာ ပုတီး ၁၀ - ပတ်စိပ်ပါ) |

www.burmeseclassic.com



၃။ ဝိဇ္ဇာစရဏသမ္ပန္နော+သတ္ထာဒေဝမနုဿာနံ
(ဂုဏ်တော်နှစ်ပါးကို ရွက်ဆိုအာရုံပြုပြီးမှ ပုတီး
တစ်လုံးချကာ ပုတီး ၁၀-ပတ် စိပ်ပါ)

၄။ သုဂတော+ အနုတ္တရောပုရိသဓမ္မသာရထိ
(ဂုဏ်တော်နှစ်ပါးကို ရွက်ဆိုအာရုံပြုပြီးမှ ပုတီး
တစ်လုံးချကာ ပုတီး ၁၀-ပတ် စိပ်ပါ)

၅။ လောကဝိဒူ (ဂုဏ်တော်တစ်ပါးတည်းကို ရွက်ဆိုအာရုံပြုပြီး
ပုတီးတစ်လုံးချကာ ပုတီး ၅ - ပတ် စိပ်ပါ)။

စုစုပေါင်း ပုတီးပတ်ရေ ၄၅-ပတ် ဖြစ်သည်။ ထို့ကြောင့်

* ဂုဏ်တော်ကိုးပါး
လေးဆယ့်ငါး
ဇမ္ဗူတစ်လွှား
လွှန်ထင်ရှား၏။

* ထူးခြားကျိုးပေး
မြန်မနှေး
အလေးထားကာ ပွားများပါလော့။

◆

www.burmeseclassic.com

# အားကိုးထိုက်သော

# သမ္ဗုဒ္ဓေဂါထာတော်ကြီးတစ်ပုဒ်

ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က 'သမ္ဗုဒ္ဓေ အမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိများ' အမည်ရှိ စာအုပ်တစ်အုပ်ကို ပြုစုထုတ်ဝေဖူးပါသည်။ ထို သမ္ဗုဒ္ဓေအမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိများ စာအုပ်ကိုပြုစုရာ၌ အခက်အခဲပေါင်းမြောက်များစွာ ကြုံတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ယခု ရွတ်ဖတ် သရဇ္ဈာယ်နေသော ရိုးရိုးသမ္ဗုဒ္ဓေအပြင် အခြားမူကွဲ သမ္ဗုဒ္ဓေများလည်း မြန်မာနိုင်ငံ၌ တည်ရှိနေသောကြောင့် ဖြစ်သည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ထို မူကွဲသမ္မုဒ္ဓေအမျိုးမျိုးကို ရှာဖွေစုဆောင်းရသည်မှာ ကောက်ရိုးပုံတွင်း အင်ကျသွားသကဲ့သို့ ရှာဖွေရသည်မှာ မလွယ်ကူပါ။ ထို့ကြောင့် ရှေးဆရာကြီးများက 'စာပြုထက် စာစုခက်သည်'ဟု ဆိုရိုးစကားရှိသည်။ ဆိုလိုရင်းအဓိပ္ပာယ်မှာ စာတစ်အုပ်ကို ရေးသားရန် လွယ်ကူသော်လည်း ထိုစာအုပ်ကို ရေးသားရန်အတွက် အချက်အလက်အကြောင်းအရာများကို ရှာဖွေရန်မှာ ခက်ခဲလှသည်။

သမ္မုဒ္ဓေဂါထာတော်မြတ်များသည် မြန်မာပြည်၌ မြတ်ဗုဒ္ဓသာသနာတော်ကြီးစတင် ထွန်းလင်းစဉ် သုဝဏ္ဏဘုမ္မိ သထုံပြည်မှ ပေါက်ပွားလာသည်ဟု သုတေသီပညာရှင်များက ဆိုသည်။

သမ္မုဒ္ဓေဂါထာတော် ဘုရားရှိခိုးကြီးကို ပြန်လည် လေ့လာကြည့်ရှုပါလျှင် ပွင့်လေကုန်ပြီးသော ငါးသိန်းတစ်သောင်းနှစ်ထောင်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်ဗုဒ္ဓရှင်တော်အပေါင်းတို့ကိုလည်းကောင်း၊ ထိုဘုရားရှင်အပေါင်းတို့၏ ဟောကြားတော်မူခဲ့သည့် တရားတော်မြတ်အပေါင်းကိုလည်းကောင်း၊ ထို ဘုရားရှင်အပေါင်းတို့၏ တပည့်သား သာဝကရဟန္တာအရှင်ကြီးများကိုလည်းကောင်း ပူဇော်ကန်တော့သော ဘုရားရှိခိုးဂါထာကြီးဖြစ်သည်ကို လေ့လာတွေ့ရှိရပါမည်။

ဤသို့ ဘုရား၊ တရား၊ သံဃာတော်မြတ်အပေါင်းကို ပူဇော်ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အန္တရာယ်အမျိုးမျိုး၊ ဘေးဆိုးအဖုံဖုံတို့မှ ကင်းလွတ်ပါစေသတည်းဟု ဆုတောင်းထားပါသည်။

သမ္မုဒ္ဓေဂါထာတော်မြတ်ကြီးသည် ဘုရားတစ်ဆူတည်းကို ပူဇော်ကန်တော့သော ဘုရားရှိခိုးမျိုးမဟုတ်။ ငါးသိန်းတစ်သောင်းနှစ်ထောင်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော ပွင့်လေကုန်ပြီးသည့် ဘုရားရှင်မြတ်များနှင့် တရားတော်များ၊ သံဃာတော်ကြီးများအား ရှိခိုးပူဇော်ခြင်းဖြစ်၍ အားအင်ကြီးမားလျက် ထုထည်ခိုင်ခဲ့လှသည်။

သမ္မုဒ္ဓေဂါထာတော်ကြီးသည် သထုံခေတ်မှသည် ယနေ့ မျက်မှောက်ခေတ်အထိ ခေတ်အဆက်ဆက်မှ သူတော်စင်များ အစဉ်ထာဝရ အမြတ်တနိုးထားကာ နေ့စဉ်ဝတ်ထားလျက် ပူဇော်ကန်တော့လာခဲ့ကြသည်။

ဤသို့ သူတော်ကောင်းကြီးများ သမ္မုဒ္ဓေဂါထာတော်မြတ်ကြီးကို အလေးအမြတ်ထားကြခြင်းမှာ အကြောင်းမဲ့မဟုတ်။ သမ္မုဒ္ဓေဂါထာတော်မြတ်



BURMESE CLASSIC .com

www.burmeseclassic.com



၏ တန်ခိုးတော်ကြောင့် ဂျပန်ခေတ်၌ ကျင်းတူး၍ အသတ်ခံရမည့်ဆဲဆဲ လူများပင် အသက်ဘေးမှ လွတ်မြောက်လာခဲ့ကြသည်။ ထို့အပြင် ဗုံး၊ သေနတ်များ ဒုတိယကမ္ဘာစစ်အတွင်းတွင် မြန်မာနိုင်ငံ၌ တသဲသဲ ကျရောက်ပစ်ခတ်နေစဉ် သမ္ဗုဒ္ဓေဂါထာတော်မြတ်၏ တန်ခိုးတော်ကြောင့် လွတ်ကင်းလာသူများ၊ ဝမ်းရောဂါများ ရွာလုံးကျွတ်ဖြစ်ပွားနေစဉ် သမ္ဗုဒ္ဓေဂါထာတော်တန်ခိုးကြောင့် လွတ်ကင်းလာသူများ၊ မြွေဆိုးအမျိုးမျိုး၊ ဆင်ဆိုးအမျိုးမျိုး၊ ကျားရဲအန္တရာယ် အသွယ်သွယ်တို့မှ သမ္ဗုဒ္ဓေဂါထာတော်မြတ်တန်ခိုးတော်ကြောင့် အသက်ဘေးမှ လက်မတင်လေး လွတ်ကင်းလာသူများသည် သမ္ဗုဒ္ဓေဂါထာတော်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းကာ အမွေပေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက်တွင် နာမည်အကြီးဆုံး အန္တရာယ်ကင်း ဘုရားရှိခိုးကို ပြပါဟုဆိုလျှင် သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးကို ပင်ပြရပါမည်။

ဤမြန်မာနိုင်ငံတွင် ရဟန်းရှင်လူပြည်သူအများ အလေးအမြတ်ထားကာ ရွတ်ပွားသရဇ္ဈာယ်လျက်ရှိသော၊ အားကိုးထိုက်သော သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီး မူကွဲတစ်ပုဒ်ကို လွန်ခဲ့သော (၁၀)နှစ်ကျော်က ရန်ကုန်တိုင်း ဗဟန်းရပ် မဟာဝိသုဒ္ဓါရုံ ပဋ္ဌိတက္ကသိုလ်ကြီးတွင် ကျွန်တော် ရဟန်းဝတ်စဉ်က ရရှိခဲ့သည်။

ဤသမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးကို စာချဆရာတော်ဘုရားကြီး အရှင်ဝါသဝါဘိဝံသ ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တိုင် အလေးအမြတ်ထားကာ နေ့စဉ်ရွတ်ဆို ပူဇော်ကန်တော့သော ဂါထာတော်မြတ်ကြီးဖြစ်ကြောင်း သိရသည်။ ဤရွှေကျင်ဆရာတော်ဘုရားကြီး၏ အရည်အချင်း၊ လုံ့လ၊ ဝီရိယကြောင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးမှ နှစ်အနည်းငယ်အတွင်းမှာပင် တိပိဋကဆရာတော်ကြီးနှစ်ပါး ဦးသုမင်္ဂလဆရာတော်၊ ဦးသူရိန်ဆရာတော်နှင့် ဒွိပိဋက ဆရာတော် ဦးကိတ္တိကာရတို့ကို မွေးဖွားပေးခဲ့သည်။ ထို့အပြင် အဂ္ဂအကျော်များ၊ ရှင်ကျော်များ ကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။

ဤသို့ အရည်အချင်းနှင့် ပြည့်စုံတော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဝါသဝါဘိဝံသ ကိုယ်တိုင် အလေးအမြတ်ထားကာ ရွက်ပွားပူဇော်သော အားကိုးထိုက်သည့် ထူးဆန်းသော မူကွဲသမ္ဗုဒ္ဓေဂါထာတော်ကြီး တစ်ပုဒ်ကို သူတော်ကောင်းအပေါင်းတို့အား အထူးမွမ္ဗလက်ဆောင်အဖြစ်

www.burmeseclassic.com



ပေးလိုက်ပါသည်။ ကြံသမျှ ဆန္ဒများပြည့်ဝ၍ အန္တရာယ်ကင်းပြီး ဘေးရှင်းကြပါစေ။ နေ့စဉ် ဝတ်ထားပြီး ပူဇော်နိုင်ကြပါစေ။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏
## ထူးခြားလှသော သမ္ဗုဒ္ဓေဂါထာတော်ကြီး

(သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ) ဗုဒ္ဓေါ မေနာထော၊ သတ္တပါကာရံ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဣ-သွာ-သု၊ ဗုဒ္ဓံသရဏံ ဂတော၊ သဗ္ဗဘယာ ဝိနဿန္တု။ (ဒွါဒသဉ္စ သဟဿာကေ) ဓမ္မောမေ နာထော၊ သတ္တပါကာရံ ဓမ္မံသရဏံဂစ္ဆာမိ၊ ဣ-သွာ-သု၊ ဓမ္မံသရဏံဂတော၊ သဗ္ဗရောဂါ ဝိနဿန္တု။
(ပဉ္စ သတံ သဟဿာနိ) သံဃောမေ နာထော၊ သတ္တပါကာရံ သံဃံသရဏံဂစ္ဆာမိ၊ ဣ-သွာ-သု၊ သံဃံသရဏံဂတော၊ သဗ္ဗဒုက္ခာ ဝိနဿန္တု။
(တေသံ ဓမ္မဉ္စ၊ သံဃဉ္စအာဒရေန နမာမဟံ၊ နမက္ကာရာ နုဘာဝေန) အ-ဥ-မ။
(ဟတာ သဗ္ဗေဥပဒ္ဒဝါ) မ-ဥ-အ။
(အနေကေ အန္တရာယာပိ ဝိနဿန္တု အသေသတော) သုည ဗုဒ္ဓေါ၊ ပတိမာဗုဒ္ဓေါ၊ အရဟံ ဘဂဝါတိ။

### အနက်

(သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ)
ဗုဒ္ဓေါ။ သစ္စာလေးပါး၊ ၎ေယျင်းပါးကို ပိုင်းခြားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ။ ရုပ်၊ နာမ်နှစ်ဖြာ ငါးခန္ဓာကို ငါဟုသမုတ် သေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်၏။ နာထော။ မှီခိုကိုးစား အားထားကိုးကွယ်ရာပါတည်း။ သတ္တပါကာရံ။ တံတိုင်းခုနှစ်တန် ကာရံမခြား အလားတူသော။ ဗုဒ္ဓံ။ မြတ်စွာဘုရားကို။ သရဏံ။ ဘေးရန်ဖယ်ရှား အားထားရာအစစ်ဖြစ်၏ ဟူ၍။ ဂစ္ဆာမိ။ ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဣ-သွာ-သု။ ဣတိပိသော၊ သွာက္ခာတော၊ သုပ္ပဋိပန္နော အစရှိသော ရတနာ သုံးပါးတို့တွင်။ဗုဒ္ဓံ။ မြတ်စွာဘုရားကို။ သရဏံ။ ဘေးရန်ဖယ်ရှား ချမ်းသာပွား၍ အားထားရာ အစစ် ကိုးကွယ်ရာဖြစ်၏ ဟူ၍။ ဂတော။ ယုံ

www.burmeseclassic.com



ကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ်ပါ၏။ သဗ္ဗဘယာ။ ကြောက်ဖွယ် မဟေား အလုံးစုံသော ဘေးရန်ဟူသမျှတို့သည်။ ဝိနဿန္တု။ ဘုရားမြတ်ကို ဆည်းကပ်တွက်ကြောင့် ပျောက်ပျက် လွင့်စဉ်ကြပါစေသတည်း။

(ဒွါဒသဂ္ဂ သဟသာကေ)

ဓမ္မော။ မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်သည်။ မေ။ ရုပ်နာမ် နှစ်ခုပေါင်းစုသမုတ် သေရလတ္တံ့သော အကျွန်ုပ်၏။ နာထော။ မှီခိုကိုးစား အားထားရာပါတည်း။ သတ္တပါကာရံ။ တံတိုင်းခုနှစ်တန် ကာရံ မခြား အလားတူသော။ ဓမ္မံ။ ဆယ်တန် သောတရားတော်မြတ်ကို။ သရဏံ။ ဘေးရန်ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ။ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့်ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲ ဆည်းကပ်ပါ၏။

ဣ-သွာ-သု။ ဣတိပိသော၊ သွက္ခာတော၊ သုပ္ပဋိပ္ပန္နော အစဖြာသော ရတနာသုံးပါး တို့တွင်။ ဓမ္မံ။ တရား တော်မြတ်ကို။ သရဏံ။ ဘေးရန် ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကိုးကွယ်ရာဟူ၍။ ဂတော။ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့်ယုံကြည်အားကိုး မြတ်နိုး စိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ သဗ္ဗရောဂါ။ လုံးစုံများစွာ ကျင်နာခံဆိုး ရောဂါအမျိုးမျိုး တို့ သည်။ ဝိနဿန္တု။ တရားမြတ်ကို ဆည်းကပ်တွက်ကြောင့် ပျောက်ပျောက် လွင့်စဉ်ကြပါစေ ကုန်သတည်း။

(ပဉ္စသတံ သဟဿာနိ)

သံဃော၊ အရိယရှစ်ဖော် သံဃာတော်သည်။ မေ။ ရုပ်နာမ်နှစ်ခုပေါင်း စပ်ပြု ၍ငါဟုသမုတ် သေရလတ္တံ့သော အကျွန်ုပ်၏။ နာထော။ မှီခိုကိုးစား အားထားရာပါတည်း။ သတ္တပါကာရံ။ တံတိုင်းခုနှစ်တန် ကာရံမခြား အလား တူသော။ သံဃံ။ ရှစ်ယောက်အရိယာ သမုတိသံဃာကို။ သရဏံ။ အပါယ်ငရဲ ဝဋ်ဆင်းရဲမှ ပြတ်စဲကင်းပျောက် နိဗ္ဗာန်ရောက်ဖို့ ဆောက်ရာတည်ရာ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ။ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့်ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ်ပါ၏။

ဣ-သွာ-သု။ ဣတိပိသော၊ သွက္ခာတော၊ သုပ္ပဋိပ္ပန္နော အစဖြာသော ရတနာသုံးပါး တို့တွင်။ သံဃံ။ ယခုလက်ရှိ သမ္မုတိနှင့် အရိယာရှစ်ဖော်

www.burmeseclassic.com



သံဃာတော်မြတ်ကို။ သရဏံ။ အပါယ်ငရဲ ဝဋ်ဆင်းရဲမှ ပြတ်စဲကင်းပျောက် နိဗ္ဗာန်ရောက်ဖို့ ဆောက်ရာတည်ရာ ကိုးကွယ်ရာ ဟူ၍။ ဂတော။ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့်ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ သဗ္ဗဒုက္ခာ။ လုံးစုံများလှ ဆင်းရဲဒုက္ခဟူသမျှတို့သည်။ ဝိနဿန္တု။ သံဃာတော်မြတ်ကို ဆည်းကပ်တွက်ကြောင့် ပျောက်ပျက်လွင့်စဉ်ကြပါစေ ကုန်သတည်း။

(တေသံ ဓမ္မဥ္စ၊ သံဃဉ္စ အာဒရေန နမာမဟံ၊ နမက္ကာရာ နုဘာဝေန) အ-ဥ-မ။ ဦး ရောဂါကင်း ကြောင်း ဆုမွန်တောင်း၍ ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ။ (ဟတာ သဗ္ဗေဥပဒ္ဒဝါ) မ-ဥ-အ။ ဦး ရောဂါဝေဒနာကင်းကွာစေ ကြောင်း ကောင်းမြတ်မင်္ဂလာဖြစ်ပါစေ။ (အနေကေ အန္တရာ ယာပိ ဝိနဿန္တု အသေသတော) သုညဗုဒ္ဓေါ။ အတ္တ၊ အတ္တနိယ စသည်တို့မှ ကင်းဆိတ်သော ဘုရားဖြစ်တော်မူသော (ဝါ) အစိုးရလတ် မြဲနေတတ်သူ၊ ခံစားသူနှင့် ပြုမူ တီထွင် စီရင်တတ်သူ မပြုပြုတ်ရှင် ပုဂ္ဂိုလ်မှ ကင်းဆိတ်တော်မူငြား ဘုရားဖြစ် တော်မူသော။ ပဋိမာ ဗုဒ္ဓေါ။ ရှေးဘုရားတို့နှင့်အတူ ဘုရားဖြစ်တော်မူသော ဘဂဝါ။ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါး ဘုရားရှင်သည်။ အရဟံ။ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် အပူဇော် အတန်တန် အလှူတော် မှန်သမျှ ခံယူတော် မူထိုက်ပေစွတကား။ (ဝါ) ကိလေသာမာန် ကိုယ်တွင်းရန်ကို မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်တော် မူပြီးပေစွတကား။ ဣတိ။ ဤလျှင် အန္တရယ်ကင်းပြတ် စကားရပ် အပြီးသတ်တည်း။


(ကိုးကားချက်။ ။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်းရှိ မဟာဝိဒ္ဓါရုံ ပါဠိတက္က သိုလ်တိုက်ကြီးမှ ထုတ်ဝေသော သဗ္ဗမင်္ဂလ ဓမ္မဒေသနာစာအုပ်။)



BURMESE CLASSIC .com

www.burmeseclassic.com

# သိရသ္မိံဂါထာတော်၏ အဓိကသော့ချက်များ



မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်အများစုသည်-

(၁) သမ္ဗုဒ္ဓေဂါထာတော်ကြီး၊

(၂) ဇလွန်ပြည်တော်ပြန်ဂါထာတော်ကြီး၊

(၃) သိရသ္မိံဂါထာတော်ကြီး တို့ကို ရရှိသူများလှသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ အနေနှင့်လည်း မိမိတို့ရင်သွေးငယ်များကို ငယ်စဉ်ကပင် နှုတ်တိုက်သင်ပေးလေ့ရှိကြသည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



သိရသို့ဂါထာတော်သည် သမ္ဗုဒ္ဓေဂါထာနှင့် ဇလွန်ပြည်တော်ပြန် ဂါထာများကဲ့သို့ တန်ခိုးထက်မြက်ပြီး စွမ်းပကားသတ္တိထူးများရှိလေသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က ကျွန်တော့်သားကြီးမှာ နှလုံးရောဂါ ကြောင့် ရန်ကုန်ဆေးရုံကြီး နှလုံးကုသဆောင်သို့ တက်ရောက်ကုသရလေ သည်။ သားကြီး၏ နှလုံးရောဂါမှာ ဆေးရုံရောက်ပြီးနောက် တစ်ရက်၊ နှစ်ရက် အတွင်း သက်သာလာခဲ့ပါသည်။ သားကြီး၏ တစ်ခုတင်ကျော်တွင် နှလုံး ရောဂါရှင် လူငယ်တစ်ဦးမှာ သက်သာလာခြင်းမရှိ မြို့သစ်တစ်ခုမှ လာရောက် ကုသရခြင်းဖြစ်၍ ဆေးဖိုးဝါးခနှင့် လူနာစောင့်မိခင်အိုကြီးမှာ စားရမဲ့၊ သောက်ရမဲ့ ရှိနေသည်။

ထမင်းပို့ချိန်၌ ၎င်းတို့သားအမိအတွက် ထမင်းပို့မည့်သူမရှိ။ အရေး တကြီးထိုးရန် ဖြစ်သောဆေးများကို ဝယ်ခိုင်းပြန်ပါလျှင်လည်း မဝယ်နိုင်။ ထို့ကြောင့် အခန်းတွင်းရှိ လူနာစောင့် စေတနာရှင်များက စုဆောင်းပြီး ဆေး ဝယ်ရန် ကူညီထောက်ပံ့ကြသည်။

ရောဂါရှင်လူငယ်မှာ ဘာမှမစားသောက်သည်ကိုမတွေ့ရ။ သွေးကြောမှ သွင်းသော ထိုးဆေးများ၏ တန်ခိုးဖြင့်သာ ယဲ့ယဲ့ကလေးရှိသည်။ လူနာများကို ကြည့်သောဧည့်ချိန်တွင် ၎င်းတို့သားအမိကို မည်သည့်ဧည့်သည် တစ်ဦး တစ်ယောက်မှ လာကြည့်ခြင်းမရှိ။ ကျွန်တော်တို့ လူနာစောင့်များသည် လူနာများ ကို အိမ်ကလာပို့သော ထမင်းချိုင့်များမှ ကျွေးမွေးပြီးနောက် အဆိုပါ လူနာ စောင့်အဒေါ်ကြီးကို နေ့စဉ် ထမင်းနှင့် ဟင်းများ ခွဲဝေပေးကမ်းလေ့ရှိသည်။

တစ်နေ့တွင် လူနာစောင့်အဒေါ်ကြီး၏သားမှာ မျက်ဖြူလန်လျက် ဖုတ်လှိုက်၊ ဖုတ်လှိုက် ဖြစ်နေပါသည်။ တာဝန်ကျ ဆရာဝန်နှင့် ဆရာမများ ရောက်လာပြီး အမျိုးမျိုးပြုစုကုသပေးသော်လည်း အကြောင်းထူးမရှိ။ မျက်ဖြူ လန်လျက်ပင် ရှိနေပါသည်။ လူနာ၏ဘေးတွင် လူနာစောင့် အဒေါ်ကြီးတစ်ဦး သာရှိပြီး ကြိတ်၍ငိုနေရှာသည်။ သူ့သား၏ နဖူးပေါ်သို့ ထိုအဒေါ်ကြီးမှာ ညာလက်တင်ကာ နှုတ်မှ လှုပ်လှုပ်ရွရွ ပရိတ်တော်များ ရွတ်ဆိုနေသည်ဟု ကျွန်တော်တို့ထင်ပါသည်။

ထိုလူနာစောင့်အဒေါ်ကြီးမှာ တစ်ညဉ့်လုံးအိပ်ခြင်းမရှိ။ အပေ့ါအပါး သွားသည်မှ လွဲ၍ သူ့သားနဖူးပေါ်လက်တင်ကာ ရွတ်ဖတ်လျက်ရှိပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သူ့သားက အသက်ရှူမမှန်။ ဖုတ်လှိုက်၊ ဖုတ်လှိုက် ဖြစ်နေပြီး မျက်ဖြူလန်နေဆဲ။ ကျွန်တော်တို့ လူနာစောင့်များ တစ်ရေးနိုးတိုင်း သူတို့သားအမိခုတင်ကို လှမ်းကြည့်ရာ အဒေါ်ကြီးမှာ ရွတ်ဖတ်ဆဲပင်ရှိနေသည်။

နံနက်လေးနာရီခန့်တွင် အဒေါ်ကြီးမှာ သူ့သားနာမည်ကို ခေါ်နေသံကြားရသည်။ ထို့ကြောင့် ကျွန်တော်လူးလဲထကာ ထိုခုတင်ဆီသို့ကူးလာသည်။ အဒေါ်ကြီး၏သားမှာ နဖူးမှ ချွေးကလေးများ စို့ထွက်နေသည်။ အဒေါ်ကြီး၏ပါးစပ်မှ လှုပ်လှုပ်ရွရွ ရွတ်ဖတ်နေဆဲ။ ထို့ကြောင့် အဒေါ်ကြီးအား လူနာကိုရေတိုက်ရန် ဝိုင်းပြောကြသည်။ ထို့ကြောင့် ရေစက်ကလေးများ ချ၍ ရေတိုက်သည်။ နံနက်လင်းသောအခါ ရောဂါရှင်လူငယ်မှာ မျက်ဖြူမလန်တော့ဘဲ ပြန်လည်သတိရလာသည်။

ဤသို့ဖြင့် မိခင်၏ ကြီးမားသောမေတ္တာစာတ်၊ ဆရာ၊ ဆရာမများ၏ ပြုစုစောင့်ရှောက်မှုကြောင့် အဆိုပါနှလုံးရောဂါဝေဒနာရှင်မှာ ပြန်လည်နာလန်ထလာခဲ့ပါသည်။ ညနေပိုင်းသို့ ရောက်သောအခါ အဆိုပါအဒေါ်ကြီးနှင့် ကျွန်တော် စကားပြောမိကြသည်။

'အဒေါ် . . . မနေ့ညက ကလေးအသည်းအသန်ဖြစ်နေတုန်း ကလေးရဲ့နဖူးပေါ်လက်တင်ပြီး ဘာပရိတ်တွေဆိုနေတာလဲ။ အဲဒီပရိတ်က တော်တော်အစွမ်းထက်တာပဲ။ မေ့မြောနေတဲ့ လူမမာဟာ ပြန်ပြီးသတိရလာတာပဲနော်'

ဟု ကျွန်တော်က စကားစပြီးပြောလိုက်သည်။

'ဆရာလေးရယ်၊ ကျွန်မရွတ်တာ ပရိတ်မဟုတ်ပါဘူး။ အေး . . . ပရိတ်လို့လည်း ခေါ်လို့ရပါတယ်။ ပရိတ်ဆိုတာ အရံအတားပြုလုပ်ခြင်းလို့အဓိပ္ပာယ်ရှိကြောင်း ကျွန်မတို့ ရွာဘုန်းတော်ကြီးက မိန့်ကြားပါတယ်။ ကျွန်မရွတ်နေတာက သိရသွိဂါထာတော်ပါ။ ကျွန်မ သားရဲ့နဖူးကို လက်နဲ့အုပ်ပြီးရွတ်ဆိုတာက ကျွန်မရဲ့မေတ္တာစာတ်နဲ့ ဂါထာရဲ့အစွမ်း ပိုလို့ ထက်မြက်စေဖို့ ကျွန်မစိတ်ကူးနဲ့ ကျွန်မလုပ်တာပါ'

'သိရသွိပါထာတော်က အန္တရာယ်ကင်းတယ်လို့သာ ကျွန်တော်မှတ်သားဖူးပါတယ်။ ဒီလို ရောဂါဝေဒနာတွေကို ပျောက်ကင်းတယ်လို့ ကျွန်တော်တို့ မသိကြဘူး'

www.burmeseclassic.com



'ဒီလိုရှိပါတယ် ဆရာလေးရယ်။ ကျွန်မတို့ငယ်ဆရာဘုန်းတော်ကြီးက ရောဂါဝေဒနာ ရှင်တွေနဲ့တွေ့ရင် ဘယ်လိုရွတ်ရမယ်။ အဝေးမှာရောက်နေတဲ့ ပုဂ္ဂိုလ်တွေ အန္တရာယ်ကင်းစေချင်ရင် ဘယ်လိုရွတ်ရမယ် စတဲ့ဂါထာရဲ့ လျှို့ဝှက်ချက်တွေကို သင်ပေးခဲ့ပါတယ်'

'ကျွန်တော့်ကို တတ်နိုင်ရင်ပြောပြပါလားခင်ဗျာ'

'ရပါတယ်ဆရာလေးရယ်၊ ကျွန်မတို့သားအမိကို ဒီတစ်ခန်းလုံးက ကူညီစောင့်ရှောက်ခဲ့တဲ့ကျေးဇူးရှိနေတော့ ကျွန်မအနေနဲ့ ကျေးဇူးရှင်တွေကို ပြောပြဖို့ ဝန်မလေးပါဘူးရှင်'

'ဆရာလေးရယ်၊ သိရသွိဂါထာအပိုဒ်သုံးမှာပါတဲ့ ဧတေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယ ဥပဒ္ဒဝါ ဆိုတဲ့အပိုဒ်အစား ဧတေသံ အာနုဘာဝေန၊ သဗ္ဗေရောဂါ ဥပဒ္ဒဝါ လို့အခုလို ရောဂါဝေဒ နာ ခံစားနေရသူနဲ့တွေ့ကြုံရရင် ထည့်ဆိုပေးရပါတယ်။ ဒါဟာ ရောဂါဝေဒနာ ပျောက်ကင်းစေချင်လို့ ထည့်ဆို ပေးရတာပါ။ နောက် သိရသွိဂါထာတော်ကြီးမှာ မေ ဆိုတဲ့နေရာမှာ တစ်ပါးသူများအတွက်ဆို တေ လို့ အစားသွင်းပြီးဆိုပေးရပါတယ်။ အဲဒီအပြင် (မမ)နေရာမှာလည်း တစ်ပါးသူများအတွက်ဆိုရင် (တဝ) ဆိုပြီး အစားသွင်း ဆိုပေးရပါတယ်။ အဲဒီလို ရွတ်ဆိုပေးခြင်းအားဖြင့် လူမမာကို သက်သာစေပါတယ်။ ရောဂါဝေဒနာကို ပျောက်ကင်းစေနိုင်တယ်။ ဒီနည်းကို ကျွန်မတို့ ဆရာတော်ဘုန်းကြီးက ငယ်စဉ်ကပင် သင်ပေးခဲ့ပါတယ်'

အဒေါ်ကြီးပြောသည့်စကားများမှာ မှန်ပါသည်။ သိရသွိဂါထာတော်ကြီးမြတ်သည် အန္တရာယ်ဆိုးအမျိုးမျိုး၊ လက်နက်ဆိုးအမျိုးမျိုးတို့ဘေးမှ ကင်းလွတ်စေသလို ရောဂါဆိုးအမျိုးမျိုးမှလည်း ကာကွယ်နိုင်ပါသည်။ ကျွန်တော့်မျက်မြင်ပင်လျှင် နှလုံးရောဂါခံစားနေရပြီး မျက်ဖြူဆိုက်နေသော လူမမာမှာ သိရသွိဂါထာတော်တန်ခိုးကြောင့် ရောဂါဝေဒနာမှ သက်သာ ပျောက်ကင်းသွားခဲ့ပါပြီ။ ဤအဖြစ်အပျက်မှာ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်။

www.burmeseclassic.com



ထို့ကြောင့် တစ်မြို့ တစ်နယ်မှ သားသမီးများ၊ မိတ်ဆွေများ တစ်စု တစ်ရာ ဘေးအန္တရာယ်များ တွေ့နေရပါလျှင် (သို့မဟုတ်) ရောဂါဝေဒနာများ ခံစားနေရပါလျှင် သိရသို့ဂါထာတော်ကို အထက်ပါနည်းအတိုင်း စိတ်ကို ဝေဒနာရှင်ဆီသို့ ရည်စူးရည်ညွှန်းပြီး ဂါထာတော်ကို ပြုပြင်ပြောင်းလဲ ရွတ်ဆိုကြရန် တင်ပြလိုက်ရပါသည်။

ရှင်သုငယ်ပရိတ်ခေါ်  သိရသို့ဂါထာ

(၁)  သိရသို့ (မေ) ဗုဒ္ဓသေဋ္ဌော၊  သာရိပုတ္တောစ  ဒက္ခိဏော။
ဝါမအံသေ  မောဂ္ဂလာနော၊  ပုရတော  ပိဋကတ္တယံ။

(၂)  ပစ္ဆိ (မေ) (မမ)  အာနန္ဒော၊  စတုဒ္ဒိသာ  ခိဏာသဝါ။
သမန္တာ  လောကပါလာစ၊  ဣန္ဒာဒေဝါ  သဗြဟ္မကာ။

(၃)  ဧတေသံ  အာနုဘာဝေန၊  (သဗ္ဗဘယ)  ဥပဒ္ဒဝါ။
အနေကအန္တရာယာပိ၊  ဝိနဿန္တု  အသေသတော။

မြန်မာပြန်ဆုတောင်း

(၁)  ဗုဒ္ဓသေဋ္ဌော-သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် လူရှင် ဥက္ကဋ္ဌ ဘုရားမြတ် သည်၊ မေ- အကျွန်ုပ်၏၊ (တေ- တုမှာကံ)- စက်ပရိတ်ကို နှစ်သက်ကြည်ဖြူ နာယူကြကုန်သော သင်လူအပေါင်းတို့၏၊ သိရသို့- နှစ်ကုဋေငါးသန်း မြပန်းကေသာပေါက်ရာမည်တွင် ရတနာပလ္လင် ဦးထိပ်ပြင် ၌ ရောင်ခြည်တော်ခြောက်ထွေ ရွှန်းရွှန်းဝေလျက် ဘေးတွေရန်များ ပျောက်ကွယ်ရှားအောင် ဟန့်တားရှင်ကြည် တည်နေတော်မူပါစေသတည်း။

သာရိပုတ္တော- ပညာထက်မြက် ဧတဒဂ်ဂုဏ် သင်းထုံပျံ့ကျူး ချီးကျူး မြှောက်စား သားကြီးရတနာ ရှင်သာရိပုတ္တရာသည်၊ မေ -အကျွန်ုပ်၏၊ ဒိက္ခိဏေ- ပဥ္စက္ခန္ဓာ ကိုယ်အင်္ဂါတွင် လက်ယာခေါ်သုံး ညာပခုံး၌၊ ဌာတု- ပညာတော်ရောင်ဝင်းဝင်းပြောင်လျက် မိုက်မှောက်ပယ် ခွေ ကျက်သရေဖြင့် တည်နေကိန်းဝပ်တော်မူပါစေသတည်း။

မောဂ္ဂလာနော- ဣဒ္ဓိဆယ်မျိုး တန်ခိုးအတန်တန်နိုင်းစံရည်တူ မရှိသူဟု မွှက်ကျူဗျာဒိတ် မြတ်တံဆိပ်ဖြင့် ခတ်နှိပ်ချီးဝှဲ လက်ဝဲတော်ရံ မောဂ္ဂလာန်ခေါ်

www.burmeseclassic.com



မထေရ်ကျော်သည်၊ မေ-အကျွန်ုပ်၏၊ ဝါမအံသေ- ကိုယ်ဒြပ်တွင် ဆက်စပ်ယှဉ်တွဲ ပညတ်စွဲဖြင့် လက်ဝဲခေါ်သုံး ဘယ်ပုခုံး၌၊ ဌာတု- ကွဒ္ဒိလျှံဖြိုး စျာန်တန်ခိုးဖြင့် ရန်မျိုးဖယ်ခြွေ ဘုန်းမိုးစွေလျက် တည်နေ ကိန်းဝပ်တော်မူ ပါစေသတည်း။

ပိဋကတ္တယံ - သုတ်၊ အဘိဓမ္မာ၊ ဝိနယာဟု သုံးဖြာသတ်မှတ် ပိဋကတ်တော်မြတ်သည်၊ မေ-အကျွန်ုပ်၏၊ ပုရတော-ရှေ့ရပ်မျက်နှာ မင်္ဂလာစုံဘိ ရပ်သီရိ၌၊ ဌာတု-တောင်ကြီးပမာ ဘေးရန်ကာလျက်ကောင်းစွာတည်နေတော်မူပါစေသတည်း။

(၂) အာနန္ဒော- တေဒဂ်ငါးကြိမ် ဂုဏ်သိမ်ဝင်းလျှပ် ရှစ်ရပ်ဌာန သမ္မာလျှံသည့် အာနန်ညီမော် မထေရ်ကျော်သည်၊ မေ-အကျွန်ုပ်၏၊ ပစ္ဆိမေ လက်ပြင်နှစ်ခုလယ်ခုခေါ်ဆို ကျောဗဟို၌၊ ဌာတု- နောက်ဆက်ဘေးရန် တွန်းလှန်ဖြိုဖျက် နှစ်သက်ရွှင်ကြည် တည်နေတော် မူပါစေသတည်း။

ခိဏာသဝါ- အာသဝေါလေးပါး ရန်သူများကို အရဟတ္တမင်္ဂ ဓားသန်လျက်ဖြင့် ပယ်ဖျက် ခုတ်ထွင် သုတ်သင်အပ်ပြီး ရဟန္တာအရှင်မြတ်ကြီးတို့သည်၊ မေ-အကျွန်ုပ်၏၊ စတုဒ္ဒိသာ စတုဒ္ဒိသာ သု- ရှေ့နောက်ဝဲယာ လေးဖြာသော အရပ်တို့၌၊ တိဋ္ဌန္တု- လေးဖက်လေးတန် ရန်ဟူသမျှ မြူမခအောင် စောင့်ရှောက်သောအား ကရုဏာထားလျက် ဟန့်တားရွှင်ကြည် တည်နေတော်မူကြပါစေကုန်သတည်း။

လောကပါလာစ- လောကအတွင်း သက်ဆင်းကြသူများဗိုလ်လူတို့ မကောင်းဘေးပန်း အေးချမ်းစေမှု ကြည့်ရှုစောင့်ရှောက် လောကစောင့်နတ်မင်းကြီးလေးပါးတို့သည် လည်းကောင်း၊ သပြဟ္မကာ- ပြဟ္မစိုရ်တရား လက်ကိုင်ထားလျက် ရှစ်ပါးသမာပတ် ဝင်းဝင်းလျှပ်သည့် ထက်ရပ်ကပ်ချဉ်း ပြဟ္မာမင်းနှင့်တကွဖြစ်ကုန်သော၊ ဣန္ဒာဒေဝါစ- ဝတ်ကြီးစုံ မောက်ဖြိုးဣန္ဒိ သီရိကျက်သရေ ထွေထွေများပြားနတ်များသနင်း သိကြားမင်းနှင့် မယွင်းမမှား တရားလက်သုံး နှလုံးဖြူစင် နတ်ကောင်းနတ်မြတ်အပေါင်းတို့သည်လည်းကောင်း၊ သမန္တတော- ဝန်းကျင်ဒိသာ ရှစ်မျက်နှာမှ (ဆယ်မျက်နှာမှ)၊ တဋ္ဌန္တု-

www.burmeseclassic.com



(ရာဟုသံဒေါင်း မကောင်းအိမ်မက် ဖွတ်တက်ချိုးနား ဆိုးဝါးဆူညံ ငှက်သံပျားစွဲ အိမ်ထဲတောင်ပို့ မနှစ်လိုငြား နိမိတ်များနှင့် ငါးပါးရန်ကြီး ဂြိုလ်စီးဇာတာ ရှင်းရှင်းကွာ၍ လိုရာပြီးမြောက် ကြံတိုင်းပေါက်အောင် စောင့်ရှောက်တည်ကြပါစေကုန်သတည်း။)

(၃) ဧတေသံ- ထိုဆိုအပ်ခဲ့ငြား မြတ်ဘုရားနှင့် မြတ်တရားသံဃာ နတ်ပြဟ္မာတို့၏၊ အာနု ဘာဝေန- လောကဓာတ်လုံး ရိုက်ချိုးစွေဖြိုး လွှမ်းအုပ်မိုးသည့် တန်ခိုးရှိန်စော် မေတ္တာအာနုဘော် အစွမ်းကြောင့်၊ သဗ္ဗေ- ခပ်သိမ်းဥသုံ အလုံးစုံကုန်သော၊ ဘယဥပဒ္ဒဝါစ- တစ်ဆယ့်ငါးပါးသောဘေး၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့သည်လည်းကောင်း၊ အနေကာ- တစ်ပါးမက များလှစွာကုန်သော၊ အန္တရာယာပိ- အန္တရာယ်ဟုရန်စွယ်အပေါင်း မကောင်းဟူသမျှတို့သည်လည်းကောင်း၊ အသေသတော- ဘုန်းတော်ဒဏ်ကို မခံနိုင်ဘဲ ရှောင်လွှဲဖယ်ရှား အကြွင်းအကျန် မရှိသောအားဖြင့်၊ ဝိနဿန္တု- နေရှိန်လန့်ကြောက် ဆီးနှင်းပေါက်သို့ လွင့်ပျောက်ကြပါစေကုန်သတည်း။

(မှတ်ချက်- နိဗ္ဗာန်ဆော် ဦးအေးမောင်၏ နိဗ္ဗာန်ဆော်စာညွန့်မှ သိရသီဂါထာတော်မြတ်၏ အနက်ကို ကြိုက်နှစ်သက်၍ ကူးယူဖော်ပြခြင်းဖြစ်ပါသည်။)

◆



BURMESE CLASSIC .com

www.burmeseclassic.com



# ဘဝအတွက် အာမခံချက်ပေးသော ဂါထာတစ်ပုဒ်

သူ့ဘွဲ့အမည်က အရှင်မဟောသမပဏ္ဍိတတဲ့၊ ကြာသပတေးသားပါ၊ သူ့ သီတင်းသုံးရာအရပ်က စစ်ကိုင်းတောင်တန်းရှိ ဝေဇယန္တာချောင်၊ ဝေဇယန္တာကျောင်းတွင် ဖြစ်သည်။

သူနှင့်ကျွန်တော် လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်ကပင် ခင်မင်ရင်းနှီးကြခြင်း ဖြစ်သည်။ သူသည် စာရေးဆရာတစ်ယောက် သို့မဟုတ် ကဗျာ

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာတစ်ယောက်ဖြစ်သည်။ ကျွန်တော်သည် မြန်မာပြည်အလယ်ပိုင်းသို့ ရောက်ရှိတိုင်း အရှင်မဟာသဓပဏ္ဍိတရှိရာ စစ်ကိုင်းတောင်တန်းရှိ ဝေဇယန္တာချောင်သို့ ဝင်ရောက်သွားလေ့ရှိသည်။ တစ်ခါတစ်ရံ တစ်ညဉ့်အိပ်၊ တစ်ခါတစ်ရံ နှစ်ည၊ သုံးည အိပ်ပြီး စာပေအကြောင်းများကို မမောတမ်း ပြောဆိုဆွေးနွေးကြသည်။

တစ်နှစ်တွင် ကျွန်တော်စစ်ကိုင်းတောင်ရိုး ဝေဇယန္တာချောင်ရှိ အရှင်မဟာသဓပဏ္ဍိတကျောင်း၌ တည်းခိုနေစဉ် အရိပ်ကောင်းသောချောင်တစ်ခုတွင် ပုတီးစိပ်နေသော အရှင်မဟာသဓပဏ္ဍိတကို တွေ့ရသည်။ ခေတ္တသူ့ဘေးတွင် ဝတ်ဖြည့်ပြီးစောင့်နေမိသည်။ ခဏကြာသောအခါ သူ ပုတီးစိပ်ခြင်း ပြီးစီးသွားသည်။

“ အရှင်ဘုရား ပုတီးစိပ်တာကို ဝါသနာပါသလားဘုရား”

“ ဒကာကြီး ရဟန်းဆိုတာ ဗုဒ္ဓစာပေတွေကို သင်ချင်ရင်သင်၊ ဒါမှမဟုတ် ဗုဒ္ဓါနုဿတိကိုပွားများ၊ ဒါမှမဟုတ် ဝိပဿနာကို ရှုမှတ်နေရတယ်၊ ဒီအတိုင်းနေပြီး အချိန်မကုန် စကောင်းဘူး၊ အပြစ်ကြီးငယ် ဝင်လာတတ်တယ်”

“ အရှင်ဘုရားက စိပ်ပုတီး စိတ်တယ်ဆိုတော့ သမထလား၊ ဝိပဿနာလားဘုရား”

“ ပုတီးစိပ်ခြင်းဆိုတာ သမထပါဒကာကြီး”

“ ဒီလို. . . ပုတီးစိပ်နေတော့ ဘာအကျိုးကျေးဇူးရနိုင်ပါသလဲဘုရား”

“ အကျိုးကျေးဇူးလား၊ သိပ်ရနိုင်တာပေါ့ဒကာကြီး၊ တစ်အချက်က စိတ်ဓာတ်တည်ကြည်မှုကို ရရှိနိုင်တယ်၊ နှစ်အချက်က အဲဒီလို စိတ်နှလုံးတည်ကြည်မှုရှိတဲ့အတွက် အရာရာတိုင်းကို လုပ်ရာကိုင်ရာမှာ အမှားနည်းပြီး အမှန်များတယ်၊ ဒါကြောင့် အောင်မြင်မှုပန်းတိုင်ကို ရရှိနိုင်တယ်။ သုံးအချက်က တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်တွေကို ထပ်တလဲလဲ ရွတ်ဖတ်သရဇ္ဈာယ်မှုကြောင့် ရောဂါဆိုးအဖုံဖုံ၊ ဘေးဆိုးအမျိုးမျိုးက လွတ်ကင်းစေနိုင်တယ် ဆိုတဲ့နေရာမှာ သာဓကပေါင်း မြောက်မြားစွာရှိနေပါတယ်။ ရှည်မှာစိုးလို့ မရှင်းလိုတော့ပါဘူး၊ ကြားဖူး၊ မြင်ဖူးတဲ့ အဖြစ်အပျက်တွေ ကြုံဖူးမှာပေါ့”



BURMESE CLASSIC .com

www.burmeseclassic.com



" မှန်ပါဘုရား"

" လေးအချက်ကတော့ မြတ်ဗုဒ္ဓဂုဏ်တော်တွေဟာ ရွတ်ဆိုကန်တော့ပန်းဆင်သူရဲ့ ကြည်ညိုမှု သဒ္ဓါတရားအပေါ်မှာ မူတည်ပြီး ဘဝအတွက်အာမခံချက်ပေးလေ့ရှိပါတယ်။"

" အရှင်ဘုရား အရှင်ဘုရားတင်ပြတဲ့ ဒီလေးချက်ကိုတော့ တပည့်တော် စိတ်ဝင်စားလှပါတယ်။ ဘဝအတွက် အာမခံချက်ပေးတယ်ဆိုတာဘာကိုဆိုလိုပါသလဲဘုရား။"

" ဒီလိုလေ ဒကာကြီးရဲ့ မြတ်ဗုဒ္ဓဂုဏ်တော်တွေဟာ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံပါတယ်။ အဲဒီလို တန်ခိုးတော်အနန္တနဲ့ပြည့်စုံတော်မူသောမြတ်ဗုဒ္ဓဂုဏ်တော်ကို တရိုသသေ၊ တမြတ်တနိုး၊ လေးလေးစားစား ဝတ်ထားပြီး နေ့စဉ်မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ်ဆိုရင် အဲဒီလို ရွတ်ဖတ်ပူဇော်သူကိုတန်ခိုးတော်အနန္တနဲ့ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓရဲ့ အာဏာစက်တော်ဟာရောင်ပြန်ဟပ်ပြီး အကျိုးပေးလေ့ရှိတယ် ဒကာကြီး၊ ဒါကြောင့် ဘဝအတွက်အာမခံ ချက်ပေးတယ်လို့ ဦးပဥ္စင်းပြောတာပါ"

" မှန်လှပါဘုရား၊ ဘယ်လို ဂုဏ်တော်ကို ရွတ်ဆိုပူဇော်ရပါမလဲ၊ ဘယ်လိုစိတ်ထားမျိုးနဲ့ ကြည်ညိုရပါသလဲ၊ ဘယ်အချိန်လောက်အထိ ရွတ်ဆိုပူဇော်မှုကိုပြုမှဘဝအာမခံချက်ကို ရနိုင်ပါသလဲဘုရား"

" ဒီလိုရှိတယ်လေ ဒကာကြီး၊ မိမိကြိုက်နှစ်သက်ရာဂုဏ်တော်၊ ဥပမာ- ဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေဂါထာတော်၊ ဇလွန်ပြည်တော်ပြန်ဂါထာတော်၊ သိရသ္မိံဂါထာတော်နဲ့ မြတ်ဗုဒ္ဓမှာ သီးခြားတည်ရှိတဲ့ အာဝေဏိကဂုဏ်တော် တစ်မျိုးမျိုးရှိတဲ့အထဲက မိမိကြိုက်နှစ်သက်ရာကို အနက်အဓိပ္ပာယ်နှင့်တကွ ထင်မြင်ပြီးကြည်ညိုမှု သဒ္ဓါတရားအားနဲ့ နေ့စဉ်အချိန်ရသမျှတွေမှာမှန်မှတ်ရွတ်ဆိုမှုကို ပြုရပါတယ်။ အဲဒီလို ကြည်ညိုသဒ္ဓါတရားအားနဲ့ ပူဇော်ပြီးတိုင်း ပူဇော်ပြီးတိုင်းမှာ မိမိရဲ့ဘဝပန်းတိုင် ရည်မှန်းချက်ကို ပြည့်စုံရပါစေလို၍လို့ ထုတ်ဖော် ဆုတောင်းရပါတယ်"

" ဒီလိုဆိုရင် ဦးပဥ္စင်းရယ်၊ ဆုတောင်းတိုင်းရမယ်ဆိုတဲ့ သဘောလားဘုရား"



BURMESE CLASSIC .com

www.burmeseclassic.com



" ဆုတောင်းတယ်ဆိုတာ မိမိရဲ့ ရည်မှန်းချက်ပန်းတိုင် ပျောက်မသွားအောင်ပါ။ မိမိ ရည်မှန်းချက်အတိုင်း လုပ်ဆောင်စရာရှိတာတွေကိုတော့ ကြိုးစားပြီး လုပ်ဆောင်ရမှာပေါ့။ ဒါမှလည်း မိမိဘက်က တာဝန်ကျေပြီး အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်မယ်။ ဟိုရှေးတုန်းက မြန်မာကြီးတွေဟာ စစ်ချီတက်လာပြီး ရန်ကုန်မြို့မှာ ခေတ္တတပ်နားကြတယ်၊ အဲဒီလို တပ်နားစဉ် အခိုက်မှာ ရွှေတိဂုံဘုရားကြီးနဲ့ ကျိုက္ကဆံဘုရားတို့မှာ နေ့စဉ် ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုကန်တော့ပန်းဆင်လေ့ရှိတယ်။ ပြီးတော့မှ စစ်ထွက်လေ့ရှိတယ်။ ဒါကြောင့် ရှေးကမြန်မာကြီးတွေဟာ အောင်ပန်းအလီလီကို ဆွတ်ခူးခဲ့ကြတယ် ဒကာကြီး"

အရှင် မဟောသဓပဏ္ဍိတသည် ကျွန်တော့်အား ရှည်လျားစွာ ရှင်းပြရသဖြင့် မောသွားဟန်ရှိပါသည်။ ခဏနားနေပြီးမှ -

" ဦးပဥ္စင်း ဆိုလိုတာက မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ကြည်ညိုမှု သဒ္ဓါတရားနဲ့ နေ့စဉ် ရွတ်ဆိုပူဇော်ကန်တော့ပြီး မိမိဘဝအတွက် လုပ်ကိုင်စရာတွေကိုတော့ မမေ့မလျော့ လုပ်ကိုင်သွားရမှာပဲ ဒကာကြီး၊ အဲဒီလို ပြုလုပ်ကြိုးစားသူဟာ သူ့ဘဝအောင်မြင်မှုရလဒ်ကို မုချပိုင်ပိုင် ရရှိမှာအမှန်ပါပဲ"

" အရှင်ဘုရား၊ အရှင်ဘုရားရော ဘဝရဲ့ ရည်မှန်းချက်ထားရှိပြီး အချိန်ရရှိတိုင်း ကြည်ညိုမှု သဒ္ဓါတရားအားနဲ့ ရွတ်ဖတ်သရဇ္ဈာယ်မှုကို ပြုနေပါသလားဘုရား"

" ဟုတ်တယ် ဒကာကြီး၊ ကျုပ်ရဲ့ ရည်မှန်းချက် ဘဝပန်းတိုင်ကြီးကတော့ နိုင်ငံရပ်ခြားကိုသွားပြီး သာသနာပြုဖို့ပဲ၊ ကျုပ် ပုတီးစိပ်ပြီးတိုင်း နိုင်ငံရပ်ခြားကိုသွားပြီး သာသနာပြုနိုင်ပါစေလို့ ဆုတောင်းတယ်၊ တခြားလိုအပ်တဲ့ နိုင်ငံခြားစာပေတွေနဲ့ ဘာသာစကားတွေကိုလည်း နေ့စဉ်သင်ကြားနေတယ်လေ။ ကျုပ်ဘက်က လုပ်သင့်တာတွေကို တာဝန်ကျေ အောင်လုပ်ထားရင် မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်တန်ခိုးကြောင့် အနှေးနဲ့အမြန် ကျုပ်ရဲ့ရည်မှန်းချက်ပန်းတိုင်ဟာ အောင်မြင်ရမယ်လို့ ကျုပ်ယုံကြည်မှု အပြည့်ရှိပါတယ်"

" အရှင်ဘုရား၊ နေ့စဉ် ဘယ် ဂုဏ်တော်တွေကို ပုတီးစိပ်ပါသလဲဘုရား"

www.burmeseclassic.com



" ကျုပ် ပုတီးမှန်မှန်စိပ်တာကတော့ ဆားတုံဆရာတော်ဘုရားရဲ့ ပုတီးစိပ်နည်းပါပဲ။ တစ်နည်းအားဖြင့် အရဟံဂုဏ်တော်တစ်ပါးတည်းကို ပွားခြင်းပါပဲ ဒကာကြီး၊ ဒီပုတီးစိပ် နည်းအတိုင်း နေ့စဉ်အဓိဋ္ဌာန်နဲ့ ပွားများ သွားမယ်ဆိုရင် မနောပေါက်ပြီး ကြံသမျှဆန္ဒများ ပြည့်ဝစေတယ်လို့ ကျုပ်ကို ဒီပုတီးစိပ်နည်းလှူတဲ့ ဆရာသက်ကြီးက ဆိုပါတယ်"

" အရှင်ဘုရားရဲ့ ဆားတုံဆရာတော်ဘုရားကြီးရဲ့ ပုတီးစိပ်နည်းကို တပည့်တော် ရေးကူးထားချင်ပါတယ် ဘုရား"

" ရပါတယ်၊ ဒကာကြီး" ဟုပြောကာ ဦးပဥ္စင်း အရှင်မဟာသဓ ပဏ္ဍိတသည် ဘောလ်ပင် နှင့် စက္ကူကို ယူကာ အောက်ပါ ဆားတုံဆရာတော် ဘုရား၏ ပုတီးစိပ်နည်းကို ချီးမြှင့်ပါသည်။

သောဘဂဝါ ကတိပိအရဟံ၊
အရဟံဝတ သောဘဂဝါ၊
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ၊
အရဟံ မေ သုခံ ဒေတု၊
အရဟံ မေ သီသေ တိဋ္ဌတု။ ။

" အရှင်ဘုရား ဒီအရဟံဂုဏ်တော်ကို ဘယ်လိုပုတီးစိပ်ရမှာလဲ ဘုရား"

" ဒကာကြီး ဒီဂုဏ်တော်ခြောက်ပိုဒ်ကို ပထမ ကျေညက်နေအောင် ကျက်မှတ်ထားရမယ်၊ အလွတ်ရတဲ့အခါမှာ သောဘဂဝါ ကတိပိအရဟံ အပိုဒ်ကနေပြီး အရဟံ မေ သီသေ တိဋ္ဌတု အထိခြောက်ပိုဒ်စလုံးကို ဆိုပြီးမှ ပုတီးတစ်လုံးချစနစ်နဲ့ တစ်ရာ့ရှစ်လုံးပုတီးနဲ့ တစ်နေ့ ပုတီး(၁၀)ပတ်စိပ်ရမယ်။ အဓိဋ္ဌာန်ဝင်ပြီး တစ်နေရာတည်းမှာ နေ့စဉ် ပုတီး(၁၀)ပတ် စိပ်နိုင်ရင် ပိုကောင်းပါတယ်"

" ဘယ်လောက်ကြာကြာ စိပ်ရပါမလဲ ဘုရား"

" ဘုရားဂုဏ်တော်ကို တစ်သက်လုံး ပွားများနိုင်လေ ကောင်းလေ ပေါ့၊ ပြီးတော့ သွားရင်း လာရင်းသမျှ အချိန်တွေမှာလည်း ဒီဂုဏ်တော်ကိုပဲ



BURMESE CLASSIC .com

www.burmeseclassic.com



ရွတ်ဆိုပွားများနေရင် မနောပေါက်ပြီး ကြံသမျှဆန္ဒတွေပြည့်ဝစေတယ်လို့ ကျုပ်ကို ဒီပုတီးစိပ်နည်းလှူတဲ့ ဆရာသက်ကြီးက အမှာရှိပါတယ်”

“ မနောပေါက်တယ်ဆိုတာ ဘာကိုဆိုလိုပါသလဲ ဘုရား”

“ ဒီလို ဒကာကြီးရဲ့ ဒီပုတီးစိပ်နည်းကို ပွားများသူဟာ ရှေ့ဖြစ်လာမယ့် ကောင်းကျိုး ဆိုးကျိုးတွေကို တင်ကြိုသိရသတဲ့၊ အဲဒါ မနောပေါက်တယ်လို့ခေါ်တာ”

အထက်ပါ ဆားတုံဆရာတော်ကြီး၏ ပုတီးစိပ်နည်းကို အရှင်မဟောသဝေပဏ္ဍိတ ပေးခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က ဖြစ်ပါသည်။ ကျွန်တော် သူ့ပုတီးစိပ်နည်းကို ရိုသေစွာ သိမ်းထားခဲ့ပါသည်။

ဆရာတော် အရှင်မဟောသဝေပဏ္ဍိတနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်သည်။ တစ်နှစ်တွင် ကျွန်တော် စစ်ကိုင်းတောင်တန်းသို့ ဘုရားဖူးရောက်ရှိစဉ် ဝေဇယန္တာချောင်သို့ဝင်ပြီး ဆရာတော်ကိုရှာသည်။ ဆရာတော် အရှင်မဟောသဝေပဏ္ဍိတမှာ အင်္ဂလန်တွင် သွားရောက်သာသနာပြုလျက်ရှိသည်မှာ ကြာပြီဖြစ်ကြောင်း ဝမ်းသာဖွယ်သိရှိရသည်။

ထိုအခါ ဆရာတော်အရှင်မဟာသဝေပဏ္ဍိတ ပေးလှူခဲ့သော ဆားတုံဆရာတော်ကြီး၏ ဘဝအတွက် အာမခံချက်ပေးသော ပုတီးစိပ်နည်းကို အထူးသတိရနေမိပါတော့သည်။

◆



BURMESE CLASSIC .com

www.burmeseclassic.com



## ဓာတ်ပုတီး စိပ်ပြီးတော့ သိလိမ့်မယ်

ကျွန်တော်သည် လွန်ခဲ့သော (၁၅)နှစ်ကျော်က ဓာတ်ပုတီးသုံးကုံးကို [illegible]လုပ်ခဲ့ပါ သည်။ ကျွန်တော်ပြုလုပ်ခဲ့သော ဓာတ်ပုတီးနည်းမှာ ဈေးဆရာမြတ် [illegible]ဆက်ဆက်တို့ စီရင်ခဲ့ သော လျှို့ဝှက်နည်းကောင်းတစ်ရပ်ဖြစ်သည်။ [illegible]ဓာတ်ပုတီးစိပ်နည်းမှာ-

**ဓာတ်ပုတီးစီရင်ခြင်း**

ပထမဦးဆုံး လှည်းပုံတောင်း (လှည်းဝင်ရိုးစွပ်သောဘုံကြီး) ကို [illegible]သို့မှာယူရသည်။ လှည်းဝင်ရိုး(ဝါ)လှည်းပုံတောင်းများမှာ တောရွာများ

www.burmeseclassic.com



တွင် ပေါ်များလှသည်။ သို့သော် အလွန်ကြီးမားသောလှည်းပုံ တောင်းကြီးကို သယ်ယူမလာနိုင်ပါ။ ထို့ကြောင့် လှည်းပုံတောင်းကို ခွဲစိတ်ပြီး အနည်းငယ်ကို သာ ယူလာကြပါသည်။

ကျွန်တော်သည် ထိုလှည်းပုံတောင်းကို နေ့ကောင်းရက်သာများရွေး၍ ပုတီးလုပ်သော (ပွတ်စင်သို့) ဆရာများထံသို့ နေ့ချင်းပြီး သွားရောက်အပ်နှံခဲ့ပါသည်။ ထိုအခါ ပုတီးသုံးကုံးရပါသည်။ ပိုသောပုံတောင်းသား သစ်စများကို ထိုနေ့မှာပင် ပန်းပုဆရာသို့အပ်၍ ပိတုန်းသုံးရုပ် ထုပါသည်။ ထို ပိတုန်းရုပ်ကလေးများကို ရွှေသုံးထပ်ချပြီး ဖင်ဘက်မှအပေါက်ဖောက်ကာ ပြဒါး 'တစ်မူးသား' ကို သွတ်သွင်းပြီး 'ပဒိုင်းသား' ဖြင့် စို့ရိုက်ပိတ်လိုက်သည်။

ထို့နောက် ပိတုန်းသုံးကောင်ကို တန်ခိုးကြီးဘုရားတစ်ဝဂူ (ဘုရား၏ အရှေ့မုခ်၊ တနင်္လာထောင့်)တွင် သရဏဂုံသုံးပါးဖြင့် (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ) တစ်ထောင်တိတိစုတ်ပါသည်။ ထိုပိတုန်းကောင်များကို ပန်းပုထုစဉ်ကပင် ပိတုန်း၏ အပေါ်ပိုင်းတွင် အပေါက်ကလေးများ ဖောက်ပေးထားသည်။

ထို အပေါက်ကလေးထဲသို့ ပုတီးခေါင်း၏ ကြိုးသွင်းပြီး ပိတ်ချင်းထိုးရပါသည်။ ထိုအခါ လှည်းပုံတောင်းသား ပုတီးသုံးကုံးနှင့် ပိတုန်းသုံးကောင်တို့မှာ လှပနေသည်။ ဂုဏ်တော်များပွားများရန် (ဝါ) အဓိဋ္ဌာန်ဝင်ရန် အသင့်ဖြစ်နေပါသည်။

## ဓာတ်ပုတီး၏အစီအရင်

(၁) လှည်းပုံတောင်းသား (ပိတောက်သား) ကို ပထမဦးဆုံးရှာထားပါ။

(၂) နေ့ကောင်းရက်သာများ ရွေးချယ်ပြီး နေ့ချင်းအပြီး ပုတီးလုပ်ပါ။

(၃) လိုသောပစ္စည်းများ (ပဒိုင်းသား၊ ပြဒါးနှင့် ရွှေများ) ကို အသင့်ဆောင်ထားပါ။

(၄) ထိုနေ့တွင် ပိတုန်းကောင်ကလေးများကို ပန်းပုထုပြီး ရွှေချကာ ပြဒါးသွင်းခြင်း၊ ပဒိုင်းသား စို့ရိုက်သွင်းခြင်းများကို ပြုပါ။



BURMESE CLASSIC .com

www.burmeseclassic.com



(၅) ရွှေသုံးထပ်ချပြီးသော ပိတုန်းကောင်များကို နေ့ချင်းပြီး တန်ခိုးကြီး ဘုရားမှာ သရဏဂုံသုံးပါးဖြင့် တစ်ထောင်တိတိစုတ်ပါ။

(၆) ထို့နောက် ပိတုန်းသား၊ လှည်းပုံတောင်းဖြင့် ပြုလုပ်ထားသော ပုတီး ခေါင်းတွင် ပိတုန်းကောင်ကလေးကို ချည်နှောင်၍ ပိတ်ချင်းထိုးပါ။

## ဓာတ်ပုတီးကို ပြန်လည်ဆန်းစစ်ခြင်း

ရှေးမြန်မာကြီးများသည် လောကီကိစ္စ အဆောင်အယောင်များကို ကက်ကင်းဓာတ် ဆင်လေ့ရှိကြပါသည်။ ထိုသို့ကက်ကင်းဓာတ်ဆင်ခြင်းဖြင့် ပြုဖွယ်အမှုကိစ္စများ အောင်မြင်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် လောကီ အဆောင်အယောင်များ၊ ပြုဖွယ်ကိစ္စများကို ကက်ကင်းဓာတ်များဆင်၍ အဆောင်အရွက်၊ အစီအမံ များပြုလုပ်လေ့ရှိကြပါသည်။

တင်ပြခဲ့သောဓာတ်ပုတီးကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ကက်ကင်း ဓာတ်များ လေးဆင့်ထပ်ယူထားသည်ကို တွေ့ရပါမည်။

(၁) ပိတောက်သား၊

(၂) ပုံတောင်း (လှည်းပုံတောင်းအုံ)

(၃) ပြဒါး၊

(၄) ပိတုန်း

စသည်တို့မှာ ကက်ကင်းဓာတ်များကို ထပ်ကာ၊ ထပ်ကာ ယူထားသည်ကို တွေ့ရမည်ဖြစ် သည်။

* ပိတောက် (၅+ ၇)
* ပုံတောင်း (၅+ ၇)
* ပြဒါး (၅+ ၇)
* ပိတုန်း (၅+ ၇)

ကျွန်တော်သည် လှည်းပုံတောင်း၊ ပိတောက်သားကို ပုတီးပြုလုပ်ပြီး ပုတီးခေါင်းတွင် ရွှေပိတုန်းကောင်လေး တပ်ဆင်ထားသည်။ ထိုပုတီးသုံးကုံးကို ကျွန်တော် ရဟန်းပြုသောအခါ သိမ်တွင်းသို့ယူသွားပြီး သပိတ်တွင်း ထည့်ထား



BURMESE CLASSIC .com

www.burmeseclassic.com



လိုက်သည်။ (ထိုဓာတ်ပုတီးများကို သိမ်ဝင်ခြင်း ဖြစ်သည်။) ကျွန်တော့်သပိတ် အတွင်းသို့ ပုတီးများထည့်လိုက်သည်ကို ထိုကျောင်းတိုက်မှ ပဓာနဆရာတော် မြင်သွားသည်။ ကျွန်တော်ရဟန်းဖြစ်ပြီး သိမ်ဆင်းသောအခါ ဆရာတော် ဘုရားက သူ့ကျောင်းသို့ခေါ်သွား သူ့အနားတွင် နေရာချပေးသည်။ ပြီးလျှင် စောစောက သိမ်ဝင်သော ဓာတ်ပုတီးအကြောင်းကို မေးပါတော့သည်။

'ဟဲ့. . . မောင်သုသုက၊ စောစောကနင့် သပိတ်ထဲမှာထည့်လိုက်တဲ့ ပုတီးတွေက ဘာပုတီးတွေလဲကွဲ့ '

' မှန်လှပါ. . . ပိတောက်၊ ပြဒါး၊ ပိတုန်းတို့ဖြင့် စီရင်ထားသော ဓာတ်ပုတီးများပါဘုရား' ဟုပြောကာ ကျွန်တော်သည် သပိတ်တွင်းမှ ပုတီး တစ်ကုံးကို ယူပြလိုက်ပါသည်။

ကျွန်တော်ပြုလုပ်ထားသော ဓာတ်ပုတီးများမှာ အလုံးညီခြင်း၊ ပိတ်ချင်း ထိုးထားသော လက်ရာမှာကောင်းမှန်ခြင်း၊ ပိတုန်းကောင်ကလေးမှာ လက်ရာ ကောင်းမွန်ခြင်းတို့ကြောင့် ဆရာတော်ကြီးမှာ မျက်စိကျသွားဟန်တူသည်။

' သုသုကရေ၊ ငါ့ကို မင်းပုတီးတစ်ကုံး စွန့်ကွာ'

' မှန်လှပါ။ ဆရာတော်ဘုရားကို တပည့်တော် ပုတီးတစ်ကုံးလှူပါ သည်ဘုရား'

ဟု သပိတ်တွင်းမှ ပုတီးတစ်ကုံးယူကာ ဆရာတော်လက်တွင်း ကပ်လှူ လိုက်ပါသည်။

ဆရာတော်ကြီးမှာ ပြုံးလို့ကျေနပ်သွားပါသည်။ ကျွန်တော်သည် ထို ဆရာတော်ဘုရား၏ တပည့်ဖြစ်သည်။ သူ့ကျောင်းတွင် ကျွန်တော်နေရသည်။ ထို့ကြောင့် ဤပုတီးကို နှမြောတွန့်တိုနေ၍မရ။ ရက်ရက်ရောရော လှူလိုက် ခြင်းဖြစ်သည်။

'မောင်သုက'

' အမိန့်ရှိပါဘုရား'

' မင်းပုတီးကို ဘယ်လိုစိပ်ရမလဲ။ ပြီးတော့ကော ဘာတွေစွမ်းသလဲကွယ့်'

' မှန်လှပါဘုရား၊ ဒီပုတီးကို ကက်ကင်းဓာတ်တွေဆင်ပြီး ပြုလုပ် ထားခြင်း ဖြစ်ပါတယ်ဘုရား။ ပုတီးစိပ်ပုံစိပ်နည်းကတော့-

www.burmeseclassic.com



(၁) သောဘဂ၀ါ ဣတိပိ အရဟံ၊
သောဘဂ၀ါ ဣတိပိ အရဟံ၊
အဲဒီလို နှစ်ကြိမ်ရွတ်ပြီးမှ ပုတီးတစ်လုံးချရပါတယ်ဘုရား။ ပြီးတော့-

(၂) သောဘဂ၀ါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သောဘဂ၀ါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ. . . နှစ်ကြိမ်ဆိုပြီးမှ ပုတီးတစ်လုံးချ။

(၃) သောဘဂ၀ါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
သောဘဂ၀ါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော. . . နှစ်ကြိမ်ဆိုပြီးမှ ပုတီးတစ်လုံးချ။

(၄) သောဘဂ၀ါ ဣတိပိ သုဂတော၊
သောဘဂ၀ါ ဣတိပိ သုဂတော. . . ဂုဏ်တော်ကို နှစ်ကြိမ်ရွတ်ပြီးမှ ပုတီးတစ်လုံးချ။

(၅) သောဘဂ၀ါ ဣတိပိ လောကဝိဒူ၊
သောဘဂ၀ါ ဣတိပိ လောကဝိဒူ. . . လို့ နှစ်ကြိမ်ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးချ။

(၆) သောဘဂ၀ါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ လို့ ဂုဏ်တော်ကို နှစ်ကြိမ်ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးချ။

(၇) သောဘဂ၀ါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ လို့ ဂုဏ်တော်ကို နှစ်ကြိမ်ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးချ။

(၈) သောဘဂ၀ါ ဣတိပိ ဗုဒ္ဓေါ လို့ နှစ်ကြိမ်ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးချ။

(၉) သောဘဂ၀ါ ဣတိပိ ဘဂ၀ါ လို့ ဂုဏ်တော်ကို နှစ်ကြိမ်ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးချပြီး ပုတီးစိပ်ရပါမယ်ဘုရား။

ဂုဏ်တော်တစ်ပါးကို နှစ်ကြိမ်ရွတ်ပြီးမှ ပုတီးတစ်လုံးချပြီး ဂုဏ်တော်ကိုးပါးကို အစဉ်အတိုင်း ပုတီး(၉)ပတ်စိပ်ရပါမယ်ဘုရား။ (၉)ရက်၊ (၉)ရက်-(၁၈)ရက် အဓိဋ္ဌာန်စခန်းဝင်ပြီးရင် ကြံသမျှတွေ ပြည့်ဝတယ်လို့ ရှေးဆရာမြတ်တို့ အမိန့်ရှိပါတယ်ဘုရား’

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



'သုသုကရဲ့ . . . မင်းစာက တယ်ဆိုပါလားကွဲ့။ ကြံသမျှဆန္ဒတွေ ပြည့်ဝတယ်ဆိုတော့ ငါကဘုရင်လုပ်ချင်သကွာ၊ သိန်း (၃၀၀)ဆုကြီးပေါက်ချင်သကွာ။ အဲဒီလိုဆိုရင်ကော မင်းအဓိဋ္ဌာန်က ပြည့်ပါ့မလား'

' ဆရာတော်ဘုရားကြီးသည် သူ့စိတ်တွင်းမှ မရှင်းလင်းသည်များကို ဒိုးဒိုး ဒေါက်ဒေါက် မိန့်ကြားပါသည်။

' တပည့်တော် လျှောက်ထားသည့်သဘောကို ဆရာတော်သိပြီးဖြစ်လိမ့်မယ်ဘုရား'

'အိမ်း. . မင်းက ကြံသမျှဆန္ဒတွေ ပြည့်ဝတယ်လို့ ပြောလို့ ဖြစ်နိုင်၊ မဖြစ်နိုင်ကို ငါက မေးတာကွ'

ဟု ဆရာတော်က မိန့်ကြားပါသည်။ တစ်ဆက်တည်း-

'ဂုဏ်တော်ကို ပုတီးစပ်ကြပါတယ်၊ အဓိဋ္ဌာန်ဝင်ကြတယ်ဆိုတာ ကိုယ်နဲ့တန်ရာ၊ တန်ရာ အဓိဋ္ဌာန်ကိုသာ တင်ရသကွဲ့။ ဘုရင်ဖြစ်ချင်တာတို့၊ သိန်း (၃၀၀)ဆုကြီးပေါက်ချင်တာတို့ကို အဓိဋ္ဌာန်တင်ရင် ဘယ်တော့မှမရဘူးကွဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီဆုတွေက ကံပါမှပြည့်တာကွဲ့' လို့ မိန့်ကြားပါသည်။ ပြီးလျှင်-

' ဂုဏ်တော်ကို ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ပြုခြင်းဟာ မိမိတွေ့ကြုံနေရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို လွန်မြောက်စေနိုင်တယ်။ အဲဒီလို အစွမ်းသတ္တိထူးတွေနဲ့ ပြည့်စုံတဲ့ဂုဏ်တော်အပေါင်းကို မင်းက ကက်ကင်းဓာတ်တွေနဲ့ ဆင်ပြီး စီရင်ထားတဲ့ပုတီးနဲ့စိပ်တော့ ပိုပြီးအောင်မြင်မှုကို ရမှာပေါ့ကွယ်'

ကျွန်တော်သည် ထိုကျောင်းတိုက်ကြီးတွင် တစ်ပတ်ရဟန်းဝတ်ပြီး လူဝတ်လဲခဲ့ပါသည်။ ကျွန်တော်ဓာတ်ပုတီးနှင့် ဂုဏ်တော်တစ်ပါးကို နှစ်ကြိမ်အာရုံပြု၍ ပုတီးတစ်လုံးချနည်း စနစ်အတိုင်း ဆရာတော်ကြီးမှာ ပုတီးစိပ်သည်ကို ကျွန်တော်တွေ့ရပါသည်။

ဆရာတော်ကြီးသည် ဤဓာတ်ပုတီးဖြင့် ပုတီးမှန်မှန်စိပ်ခဲ့ရာ ပထမ (၆)လတွင် သံဃာ့အဖွဲ့အစည်းကြီး၌ အဖွဲ့ဝင်ဖြစ်လာပြီးနောက်တစ်နှစ်တွင် အတွင်းရေးမှူး ဖြစ်လာပါသည်။ (ကျွန်တော်၏ ဆရာ ဆရာတော်ဘုရားကြီးမှာ ယခုအခါ ပျံလွန်တော်မူသွားလေပြီ။)



BURMESE CLASSIC .com

www.burmeseclassic.com



## နိုင်ငံခြားသွားပြီး အလုပ်လုပ်ချင်သူ

ဦးလှထွန်းမှာ ကျွန်တော့်သူငယ်ချင်း။ သူ့မှာ သားတစ်ယောက်ရှိသည်။ သူ့သားကို နိုင်ငံခြားလွှတ်၍ အလုပ်လုပ်ခိုင်းချင်သည်။ သို့သော် နိုင်ငံခြားပို့ပေးမည့်သူများက သူတို့ငွေသာယူပြီး ဘာမှလုပ်မပေးသဖြင့် အခက်တွေ့နေသည်။

တစ်နေ့ ဦးလှထွန်းတစ်ယောက် ကျွန်တော်ထံအလည်ရောက်လာသည်။ သူ့သားတစ်ယောက် နိုင်ငံခြားမရောက်ဘဲ ဒုက္ခရောက်နေပုံကို ပြောပြရှာသည်။ ကျွန်တော်သည် သူ့တို့သားအဖဖြစ်ပုံကိုသနား၍ ကျွန်တော့် ဓာတ်ပုတီးနှစ်ကုံးရှိရာမှ တစ်ကုံးကိုပေးပြီး စိပ်ပုံစိပ်နည်းများနှင့်တကွ အဓိဋ္ဌာန်ပြုပုံများကို အသေးစိတ်ပြောပြလိုက်သည်။

ကိုလှထွန်း၏သား ကျွန်တော့်ဓာတ်ပုတီးဖြင့် အဓိဋ္ဌာန်(၁၈)ရက်ဝင်လေသည်။ အဓိဋ္ဌာန် (၁၈) ရက်ဝင်ပြီး မကြာမီတွင် အဓိဋ္ဌာန်အောင်ကာ စင်ကာပူနိုင်ငံသို့ ထွက်သွားလေသည်။ ကျွန်တော့်ဓာတ်ပုတီးပါ ယူဆောင်သွားပါသည်။ ကျွန်တော့်တွင် ဓာတ်ပုတီးတစ်ကုံးသာ ကျန်တော့သည်။

## မြေယာမှုခင်းနှင့် ဓာတ်ပုတီးအစွမ်း

ကျွန်တော်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ တောင်သူလယ်သမား အစည်းအရုံး၊ ဗဟိုဦးစီးအဖွဲ့တွင် အလုပ်လုပ်သည်။ ထိုစဉ်က မြေယာဥပဒေမှာ လယ်လုပ်သူက လယ်လုပ်ပိုင်ခွင့် ရှိသည်ဟူသောမူကို ချမှတ်ထားသည်။ သာယာဝတီဘက်တွင် ကျွန်တော့်ဆွေမျိုးများမှာ သူတို့လယ်ကိုမလုပ်ဘဲ သူများကို သီးစားခဖြင့် ချထားသည်။ သီးစားခဖြင့် ချထားသူများက ထိုလယ်များကို သုံးလေးနှစ်လုပ်ပြီးသောအခါ သူတို့ပိုင်သည်ဟု ဆိုကာ သီးစားခများကိုမပေးတော့။ ထို့ကြောင့် မြေယာမှုခင်း ဖြစ်ပါတော့သည်။

အောက်ခြေတွင် ကျွန်တော့်ဘကြီးမှာ လယ်လုပ်သူသာ လယ်လုပ်ပိုင်ခွင့်ရှိသည် ဟူသောမူအရ အမှုရှုံးတော့သည်။ တိုင်းရုံးတွင်လည်း ထိုမူအရ အမှုရှုံးပြန်သည်။ ထို့ကြောင့် ဗဟိုသို့ရောက်လာသည်။ ကျွန်တော့်အိမ်တွင် ကျွန်တော့်ဆွေမျိုးများ တည်းကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်သည် အမှုအခင်းဖြစ်နေသော ကျွန်တော့်ဘကြီးကို ဓာတ်ပုတီးကိုပေးပြီး ပုတီးစိပ်ပုံစိပ်နည်းကိုပြသကာ ကျိုက္ကဆံဘုရားတွင် အဓိဋ္ဌာန် (၁၈)ရက်ဝင်ရန် တိုက်တွန်းလိုက်ပါသည်။ ကျွန်တော်ပြောသည့်အတိုင်း ဘကြီးမှာ အဓိဋ္ဌာန်(၁၈)ရက် ဝင်လေသည်။ အဓိဋ္ဌာန် အောင်မြင်သွားပါသည်။

ဘကြီး၏ မြေယာမှုခင်းကို ဗဟိုက ပြန်လည်စစ်ဆေးကာ-

* လယ်လုပ်သူသာ လယ်လုပ်ပိုင်ခွင့်ရှိသည့်မူမှာ နိုင်ငံတော်မှ ချမှတ်ထားသောမူ ဖြစ်ကြောင်း၊
* သို့သော် မူလပိုင်ရှင် ဦးဘခင်မှာ သားသမီးများမရှိခြင်း၊ အသက်အရွယ်ကြီးရင့်၍ လယ်မလုပ်နိုင်ခြင်း၊ ဆေးဝါးကုသရန် ငွေလိုခြင်း၊
* ထို့ကြောင့် တစ်ရွာတည်းသားများကို လယ်သီးစားခချ၍ ထိုမှရရှိသည့်ငွေဖြင့် စားသောက်ကာ ဆေးဝါးကုသနေရခြင်းတို့ကြောင့် မြန်မာ့လူမှုရေးအရ အသက်အရွယ်ကြီးသူများကို ကူညီပံ့ပိုးထောက်ပံ့ရမည်ဖြစ်ကြောင်း၊
* ထို့ကြောင့် မူလလယ်ပိုင်ရှင် ဦးဘခင်သာ လယ်ယာမြေပိုင်ဆိုင်ခွင့်ရှိကြောင်း အမိန့်ချမှတ်လိုက်သည်။

ထို့ကြောင့် ကျွန်တော့ဘကြီးမှာ သူ့လယ်သူပြန်ရ၍ တပြုံးပြုံးရှိနေသည်။ သူပြုံးနေသည်က ကိစ္စမရှိ၊ ကျွန်တော့်တစ်ကုံးတည်းသာရှိတော့သည့် စိပ်ပုတီးကို အတင်းအလျှုခံနေပါသည်။ နောက်ဆုံး ကျွန်တော်က လက်လျှော့၍ တစ်ကုံးတည်းသာရှိသော ဓာတ်ပုတီးကို လှူလိုက်ရပါသည်။ ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား-

ကျွန်တော့်ဆောင်းပါးကို အဆုံးသတ်ပါတော့မည်။ ကျွန်တော်တင်ပြခဲ့သည့် ဓာတ်ပုတီးအစီအစဉ်အတိုင်း နေ့ကောင်းရက်များ ရွေးချယ်ပြီးပြုလုပ်ကာ အဓိဋ္ဌာန်တင်၊ ပုတီးစိပ်ကြပါ။ ဤဓာတ်ပုတီးစိတ်ရင်နည်းမှာ အနည်းငယ်လက်ဝင်သော်လည်း အစွမ်းထက်မြက်လှပါသည်။ ရှေးဆရာမြတ်တို့ အစဉ်အဆက် လျှို့ဝှက်သုံးခဲ့သော နည်းကောင်းလမ်းမှန် ဖြစ်ပါသည်။

ကြံသမျှဆန္ဒများ ပြည့်ဝပါစေ၊ ဓာတ်ပုတီးစိပ်ပြီးတော့ သိလိမ့်မယ်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com




## သမ္မုဒ္ဒေအကျိုးနှင့် တန်ခိုးသိဒ္ဓိထူးများ

'တေးဘုမ္မာ' ဓမ္မတေးသီချင်းကို မြန်မာလူမျိုးတိုင်းကြားဖူးကြသည်။ အဆိုပါ တေးဘုမ္မာ တေးသီချင်းသည် ဓမ္မတေးဖြစ်သည့်အားလျော်စွာ ကြားရလူများအဖို့ သတိသံဝေဂများ ရရှိလာနိုင်သည်။ ဖြစ်မှု ပျက်မှုတို့၏ ရုပ်နာမ်ပိုင်းဆိုင်ရာကိုလည်း ဖော်ညွှန်းဖွင့်ဆိုထားသည်။ ထိုတေးသီချင်းကို ရေးဖွဲ့သီကုံးလူကား ဆရာကြီး ဦးပြုံးချိုပင်ဖြစ်သည်။ ဆရာကြီး ဦးပြုံးချိုသည် မဟာဂီတပေါင်းချုပ်ကို ပြုစုရေးသားခဲ့သူလည်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီအချိန်က ဆရာကြီး ဦးပြုံးချိုသည် သမ္မုဒ္ဒေဂါထာတော်မြတ်နှင့်ပတ်သက်၍

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



စာပေ ကျမ်းဂန်များကို နှံ့စပ်ပြီး မြန်မာတစ်နိုင်ငံလုံး ကျော်ကြားလျက်ရှိသော ကျိုက်လတ်မြို့ ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးအား အဆုံးအဖြတ်ပေးပါရန် လျှောက်ထားပန်ကြားခဲ့ပါသည်။

ဦးပြုံးချိုကဲ့သို့ မြန်မာပညာရှိကြီးတစ်ဦးက ပိဋကတ်စာပေများကို နှံ့စပ်ကျော်ကြားသော ပစ္ဆိမာရုံဆရာတော်ဘုရားကြီးအား သမ္ဗုဒ္ဓေဂါထာတော် မြတ်နှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးပါရန် လျှောက်ထားချက်သည် သမ္ဗုဒ္ဓေ ဂါထာတော်နှင့် ပတ်သက်၍ အလွန်အရေးကြီးသော အကြောင်းအရာ အချက်အလက်များဖြစ်ပါသည်။

ထို့ကြောင့် ဦးပြုံးချို၏ ပန်ကြားလျှောက်ထားချက်နှင့် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်တို့ကို သူ့မူရင်းအတိုင်း ပကတိအတိုင်း ဓမ္မမိတ်ဆွေများ လေ့လာဖတ်ရှုနိုင်ရန် တင်ပြလိုပ်ရပါသည်။

## ပစ္ဆိမာရုံ ဆရာတော်ဘုရားထံ အဘိယာစက လျှောက်လွှာ

ဘုရားတပည့်တော် မောင်ပြုံးချိုခြေတော်ဦးခိုက် လျှောက်ထားပါ သည်။ ကျေးဇူးရှင် ပစ္ဆိမာရုံဆရာတော်အရှင်သူမြတ်ကြီးဘုရား။

'သမ္ဗုဒ္ဓေ' အစချီသောဂါထာသည် ဘုရားတပည့်တော်များ ငယ်စဉ် ကပင် ရရှိရွတ်အံခဲ့ရသည်မှာ နှစ်ဂါထာခွဲသာ ရှိပါသည်။

ယခု မကြာမီက ပေတိုစာဟောင်းတစ်ခု၌ တစ်ပါဒပို၍ သုံးဂါထာ အပြည့်ရှိသော 'သမ္ဗုဒ္ဓေမူဟောင်း'ကို တွေ့ရှိမှတ်သားထားပြီးလျှင် အချို့ပညာ အရည်အချင်းရှိ ဆရာများကို ဆွေးနွေးမေးမြန်းကြည်ရာ. . .

'၎င်းဂါထာသည် အာနိသင် ကြီးမားလှ၍ အန္တရာယ်ကင်းရုံသာမက ကာယသိဒ္ဓိလမ်းများကိုပင် စွမ်းနိုင်သဖြင့် ပုန်ကန်ရိုင်းပျကြသူများလိမ့်မည်' ကိုစိုး၍ ရှေးဆရာတော်ကြီးများ တစ်ပါဒကို ဖြုတ်လျက် နှုတ်ပယ်ချထားတော် မူခဲ့ကြသည်။ ဂါထာတော်မူမှန်မှာ သုံးဂါထာမှန်ပါသည်ဟု ပြောကြားပါသည်။

သို့ရာတွင် ထိုစကားသည် မှန်သည်ဖြစ်စေ၊ ဂါထာမူမှန်ကိုသာ အလိုရှိ သည်ဖြစ်ပါ၍ ယခု အရှင်ဘုရားအား ဆက်ကပ်သော သမ္ဗုဒ္ဓေသုံးဂါထာကို မှားသောပါဌ် အက္ခရာများကို သုတ်သင်ပြင်ဆင်လျက် တပည့်တော်အား မူမှန်



BURMESE CLASSIC .com

www.burmeseclassic.com



ရရှိရန် သနားတော်မူပါမည့်အကြောင်း ရှိခိုး လျှောက်ထား တောင်းပန်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

မောင်ပြုံးချို
အယ်ဒီတာ

## ကျိုက်လတ်မြို့
## ပစ္ဆိမာရုံဆရာတော်ဘုရားကြီးအကျဉ်းဖြေကြားတော်မူအပ်သသော
## ‘ သမ္ဗုဒ္ဓေဂါထာအဆုံးအဖြတ် ’

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသံစ၊
ဒွါဒသံစ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။
(၂) အပ္ပကံ ဝါဠုကံဂင်္ဂါ၊
အနန္တံ နိဗ္ဗုတံ ဇိနံ။
တေသံ- ဓမ္မံစ သံဃံစ၊
အာဒရေန နမာမဟံ။
(၃) နမက္ကာရာ နုဘာဝေန၊
ဟိတွာ သဗ္ဗေဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

အသံထွက်ရွတ်ဖတ်နည်း သုံးဂါထာလုံး ပထျာဝတ္တဂါထာချည်း

- (အဋ္ဌဝီသံ)၌ ‘ဋ္ဌ’ ဝမ်းဘဲ ‘သံယုတ်’ ရှိသောကြောင့် ‘အတ်’ ဟု ‘တသတ်သံ’ ထင်အောင်ဖတ်။

- (ဒွါဒသံစ)၌ ‘ဒွါဒသစ’ ဆိုလိုလျက် ‘န-ဂိုဏ်း’ ပျက်အောင် ‘နိဂ္ဂဟိတ်’ လာသည်။ ‘နဋ္ဌက္ခရေသု ပါဒေသုသွာဒိမှာ’ ဟူသော ဆန်းသုတ်နှင့် ညီညွတ်သည်။ရုပ်ပြီးတိုင်း ‘ဒွါဒသစ’ ဟုနေလျှင် ‘န- ဂိုဏ်း’ ဖြစ်နေသည်။ ၎င်းမှာ ဆန်းသုတ်နှင့်မညီ။ (ပဉ္စသတ)၌လည်း ‘နဂိုဏ်း’ ပျက်

www.burmeseclassic.com



အောင် ' ဿ-သံယုတ်' နှင့် ရှိရမည်။ ' ပဋ္စတ်' ဟု 'တသတ်သံ' ထင်အောင်ဖတ်ရမည်။ (သိရသာ)၌ 'သိရသာ'ဟု 'ဒီဃ'နှင့် ရေးဖတ်တတ်ကြသည်။ 'သိရဿာ'ဟု 'ရဿ' နှင့် ဖတ်၊ 'သိသေဝါယံရော' သုကာမာဒီဟိ သေဝိယ တေတိသိရော။ သေဝန္တိဧတေနာတိဝါသိရော (အဘိဓာနပ္ပဒီပိကာသူစိ ကျမ်းကိုကြည့်) (နိဗ္ဗုတံ)၌ 'နိဗ္ဗုတံ' ဟု'ဦ-ဒီဃ'နှင့် ရေးဖတ်တတ်ကြသည်။ 'နိဗ္ဗုတံ'ဟု 'ဥ-ရဿ'နှင့် ဖတ်ရမည်။ 'ဝိဏောတိ၊ အာဝုဏောတိ၊ သံသာရတော နိက္ခန္တ- မပ္ပဒါနဝသေနာ တိဝုတိ။ တဏှာ။ ကတော နိက္ခန္တတ္တာ နိဗ္ဗုတိ' ဟူသော အဘိဓာနပ္ပဒီပိကာသူစိကျမ်း၌လာသော 'နိဗ္ဗုတိ' သဒ္ဒါနှင့် 'ဥ-ရဿ' ချင်း တူသည်။ (နမက္ကရာ)၌ 'မုဒ္ဒဇ-ရ' နှင့် 'က္က-သံယုတ်' မပါဘဲ 'နမကာရာ' ဟူ၍ ရေးဖတ်တတ်ကြသည်။ ရူပသိဒ္ဓိနှင့် ညီအောင် 'က္က-သံယုတ်' 'မုဒ္ဒဇ-ရ' နှင့် 'နမက္ကာရာနုဘာဝေန' ဟုနေသင့်သည်။ 'နမက်ကာရာ' ဟု အသံထွက်အောင်ဖတ်ရမည်။ (ဥပဒ္ဒဝေ)၌ 'ပ္ပ-သံယုတ်' ၏မရှိသင့် "ဥပ္ပဒ္ဒ-ဝေ ဟု "ပ္ပ-သံယုတ်"နှင့် ရေးဖတ်တတ်ကြသည်။ 'ဥပဂန္ဒာဒုနောတီတိ ဥပဒ္ဒဝေါ၊ ဒုပရိတာပေ၊ အ၊ ဒုဟိံသာယံဝါ၊ ဥပဂန္ဒာဒဝတိ ပိဋ္ဌေတီတိဝါ ဥပ္ပဒ္ဒဝေါ' (သူစိ)

- (အနေကာ အန္တရာယာပိ)၌ 'ရဿ' နှင့် 'အနေက အန္တရာယာပိ' ဟုရေးဖတ်တတ်ကြ သည်။ 'အနေကာ' ဟု 'အာ-ဒီဃ'နှင့် ဖတ်ရမည်။
- (ဝိနဿန္တု)၌ 'ဿ-သံယုတ်' မပါဘဲ ' ဝိနသန္တု' ဟုရေးဖတ်တတ်ကြသည်။ ' ဝိနတ်' ဟု'တ-သတ်' သံ ပေါ်အောင်ဖတ်။ 'နသော ဒိဝေါ' ဟူသော ဓာတွတ္တသ-ဂြိုလ်ကို ကြည့်။
- ဤ၌'ဥပဒ္ဒဝ' သဒ္ဒါဖြင့် ယာနိကာ နိစိ ဘိက္ခဝေဘယာနိ ဥပ္ပဇ္ဇန္တိ။ သဗ္ဗာနိတာ နိဗာလတော ဥပ္ပဇ္ဇန္တိ။ နောပဏ္ဍိတတော။ ယေကေစိဥပ္ပဒ္ဒဝါ ဥပ္ပဇ္ဇန္တိ၊ သဗ္ဗေတေ ဗလတော ဥပ္ပဇ္ဇန္တိ။ နောပဏ္ဍိ တတော။ ယေကေစိဥပသဂ္ဂါ ဥပ္ပဇ္ဇန္တိ။ သဗ္ဗေတေ ဗာလတော ဥပ္ပဇ္ဇန္တိ၊ နောပဏ္ဍိတတော။ ဟူသော ဥပရိပဏ္ဏာသပါဠိတော် ဗာဟုဓာတုကမည်သော သုတ်။ (ဝါ) စတုပရိဝဋ္ဋမည်သော

www.burmeseclassic.com



သုတ်။ (ဝါ) ဓမ္မာဒါသမည်သော သုတ်။ (ဝါ) အမတဒုန္ဒုဘီမည် သောသုတ်။ (ဝါ) အနုတ္တရသင်္ဂါမ ဝိဇယမည်သော သုတ်၌ လာသော 'တသ- ဥပဒ္ဒဝ- ဥပသဂ္ဂ' တို့ကို ယူ။

အကျယ်ကို သိလိုမူ ၎င်းသုတ်ပါဠိတော်နှင့် ပပဥ္စသူဒနီမည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာ မှာရှု။

"လောကီလောကုတ္တရာ စီးပွားချမ်းသာတို့ကို ပေးစွမ်းနိုင်သော ဂါထာများဖြစ်၍ ကောင်းမွန်စွာ ပြင်ဆင်၍ပေးလိုက်သည်။ ပါဠိ၌ ပါဠိကို ကျကျနန ကျက်ရမည်။ အနက်ကို အကျဉ်းမျှရေးလိုက်သည်။

## သမ္ဗုဒ္ဓေဂါထာတော်အနက်

(၁) အဋ္ဌဝီသံ = နှစ်ကျိပ်ရှစ်ဆူကုန်သော သမ္ဗုဒ္ဓေစ ဘုရားရှင်တို့ကို လည်းကောင်း။ ဒွါဒသံသ ဟဿကေ = တစ်သောင်းနှစ်ထောင် ကုန်သော။ သမ္ဗုဒ္ဓေ = ဘုရားရှင် တို့ကိုလည်းကောင်း။ ပဥ္စသတ သဟဿာနိ = ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေစ = ဘုရားရှင် တို့ကိုလည်း ကောင်း။ အဟံ = အကျွန်ုပ်သည်။ သိရသာ = ထွက်မြတ်အင်္ဂါ ဦးထိပ် ရတနာဖြင့်။ နမာမိ = ရှိသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

(၂) အပ္ပကံ ဝါဠုကံဂင်္ဂ = ဂင်္ဂါမြစ်ထဲ ကျောက်သလဲက နည်းစွာထသော။ အနန္တ = သိန်းသန်းကုဋေ တွက်ရေများပြား အပိုင်းအခြားမရှိထ သော။ နိဗ္ဗုတံ = ခန္ဓာ ဇာတ်သိမ်း ငြိမ်းတော်မူပြီးထသော။ ဇိနံစ = ဘုရားရှင်ဟူသမျှကိုလည်းကောင်း။ တေသံ = ထိုဘုရား ရှင်ဟူသမျှ တို့၏။ ဓမ္မံ = မဂ်လေးဝဖိုလ်လေးတန် နိဗ္ဗာန် ပရိယပ်ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃံစ = ကလျာဏ ပုထုဇဉ် သံဃာတော်မြတ်နှင့် တကွအရိယာ သံဃာတော်မြတ်ကိုလည်း ကောင်း။ အဟံ = အကျွန်ုပ်သည်။ အာဒရေန = ရှိသေမြတ်နိုးစွာ၊ နမာမိ = ရှိခိုးပါ၏ အရှင်ဘုရား။

(၃) နမာကာရာ နုဘာဝေန = ရှိသေမြတ်နိုး ရှိခိုးမှုကို ပြုရသော ကောင်းမှုရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေဥပဒ္ဒဝေ = ကြွင်းမဲ့ ဥသုံအလုံးစုံ- စိတ္တုတြာသ၊ ဘေးဘယာ နှောင့်ယှက် - စိတ်လက် မရွှင် -မကြည်လင် မငြိမ်သက်၊ ဧကဂ္ဂတာ၊ တည်ကြည်ရာမရသော

www.burmeseclassic.com



ဥပဒ်၊ ထိုထိုအရပ်၌ အကျိုး မနပ်ဆင်းရဲစွာကပ်၍နေခြင်း ဟူသော ဥပသဂ္ဂါ၊ ဤ သုံးဖြာတို့ကို ဟိတွာ = ပယ်ဖျောက်၍ အနေကာ = များပြားကုန်သော။ အန္တရာယာပိ=အန္တရာယ် အပေါင်းဟူသမျှကိုလည်း၊ အသေသ တော-အသေသေန = အကြွင်းအကျန်မရှိ-အကုန်အစင်အားဖြင့်၊ ဝိနဿန္တု-ကင်းစင် လွင့်ပျောက်မလာရောက် ကြပါစေကုန်သတည်း။

## နိဗ္ဗာဏ်ရေထုံး

ဎင်းဂါထာအနက်၌ 'နိဗ္ဗာဏ်' ကိုဏကြီးသတ်၍ ရေးလိုက်ခြင်းမှာ 'ဝါဏာသင်္ခါတာယနိက္ခ န္တတ္တာ နိဗ္ဗာတိ ဧတေနရာ ဂဂ္ဂိအာဒိကော တိနိဗ္ဗာဏံ ဟု ဏကြီးနှင့် သူစိဉ်ရှိ၍ ဎင်းအတိုင်း 'ဏ' ကြီးသတ်' လျက် 'နိဗ္ဗာဏ်' ဟု ရေးလိုက်သည်။ ကြိုက်လျှင် ယူ။

'ပရိယတ္တိ' ပုဒ်၌ ပရိရေးရှိသော အပဓာတ်ဖြစ်၍ 'ပရိယပ်' ကို 'ပသပ်' ရမည်ဟူသော မဟာဝိသုဒ္ဓါရုံနည်းကို လိုက်၍ 'ပရိယပ်' မှာ 'ပသပ်' ရေးလိုက်သည်။ ကြိုက်လျှင် မှတ်။

'သဗ္ဗေ ဥပဒ္ဒဝေ' အနက်ကို ဘာယန္တိ စိတ္တုတြာသော၊ ဥပဒ္ဒဝေါတိ အနေကဂ္ဂတာ ကာရော၊ ဥပသဂ္ဂေါတိ ဥပသတ္တာကာရော၊ တတ္တတတ္တလဂ္ဂနာ ကာရော' ဟူသော ဥပရိ ပဏ္ဏာသ အဋ္ဌကထာ နှင့် လျော်ညီစွာ အနက်ကို ဆိုလိုက်သည်။

အယ်ဒီတာ မောင်ပြုံးချို
၁၂၈၈-ခု ပြာသိုလဆုတ် ၁၅ရက်၊
အင်္ဂါနေ့ ပြီးဆုံးသည်။
ပစ္ဆိာရုံ ဆရာတော်ဘုရား
ကျိုက်လတ်မြို့။

အထက်ပါ သမ္ဗုဒ္ဓေဂါထာတော်မြတ်နှင့် ပတ်သက်သော အကြောင်းအရာ တို့မှာ မြန်မာပညာရှိကြီးဦးပြုံးချို၏ လျှောက်တင်ချက်ကို ရဟန်းပညာရှိကြီး ပစ္ဆိမာရုံဆရာတော်ဘုရားကြီးကလည်း အလေးအနက်ထားကာ မှတ်သား နာယူဖွယ်များကို ကျမ်းကိုး၊ ကျမ်းကားဖြင့် ပြန်လည်ဖြေကြားထားခြင်း ဖြစ်



BURMESE CLASSIC .com

www.burmeseclassic.com



ပါသည်။ ပစ္ဆိမာရုံကဲ့သို့သော ဆရာတော်ဘုရားကြီး၏ ပြန်လည်ဖြေကြား ချက်တွင် သမ္ဗုဒ္ဓေဂါထာတော်နှင့် ပတ်သက်၍ . . .

လောကီ လောကုတ္တရာ စီးပွားချမ်းသာတို့ကို ဆောင်စွမ်းနိုင်သောဂါထာ ဖြစ်၍ ကောင်းစွပြင်ဆင်၍ ပေးလိုက်ပါသည်။ ပါဠိ၊ ပါဠိကို ကျကျနန ကျက်မှတ်ရမည်။ အနက်ကို အကျဉ်းမျှ ရေးလိုက်သည်” ဟူ၍ ပါရှိသည်။

ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး၏ မှာကြားချက်တွင် အဓိကအရေးကြီးဆုံး သော အချက်များကို ဖော်ပြထားလေသည်။

## မြန်မာနိုင်ငံနှင့် သမ္ဗုဒ္ဓေ

သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးသည် ပြည်ထောင်စုဖွား မြန်မာနိုင်ငံသား များအား သုဝဏ္ဏဘုမ္မိ သထုံခေတ်မှသည် ယနေ့ မျက်မှောက်ခေတ်အထိ အန္တရာယ်ဆိုးအမျိုးမျိုး၊ ဘေးဆိုးအဖုံဖုံ တို့ကို ကာကွယ်စောင့်ရှောက်ပေး ခဲ့ပါသည်။ နောင်တွင်လည်း ကာကွယ်စောင့်ရှောက်နေဦး မည်မှာ မလွဲပါချေ။

ဤသမ္ဗုဒ္ဓေဂါထာတော်မြတ်ကို မြန်မာလူမျိုးတိုင်းရကြသည်။ အထူး သဖြင့် ပစ္ဆိမာရုံဆရာတော်ဘုရားကြီး၏ မှာကြားသလို၊ ပါဠိအသံများကို ဌာန်ကရိုဏ်းကျကျ မမေ့မလျော့ ရွတ်ဖတ်လျက်ရှိခြင်း၊ သတ္တဝါများအပေါ် မေတ္တာ ထားခြင်း၊ သီလကံများကို စောင့်ထိန်းခြင်းစသော မိမိဘက်မှ ပြုဖွယ်များကို ပြုကျင့်သူများကို သမ္ဗုဒ္ဓေဂါထာတော်မြတ်သည် ထာဝရစောင့်ရှောက်လျက် ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းကို ပေးစွမ်းမည်မှာ မုချမသွေ ဖြစ်ပါကြောင်း။

ကျမ်းကိုး

သမ္ဗုဒ္ဓေအမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိထူးများ သုသုက (ပဥ္စအကြိမ်)

www.burmeseclassic.com



## ဘိုးဘွားအမွေဂါထာတစ်ပုဒ်

ကျွန်မနာမည် လှလေးစိန်ပါ။ မလှလေးစိန်ပေါ့၊ အခုတော့ အဘွားစိန် ဖြစ်သွားပြီလေ။

ကျွန်မနေတာက ကမာရွတ်၊ လှည်းတန်းမှာ။ အရင်တုန်းက လှည်းတန်းကို 'လှည်းလမ်း' လို့ ခေါ်ပါတယ်။ နွားလှည်းသွားတဲ့ လမ်းကလေး ဘာရှိလို့ လှည်းလမ်းလို့ ခေါ်ကြခြင်းဖြစ်ပါတယ်။ လှည်းတန်းဟာ ဥယျာဉ် ချစ်သူတွေ၊ ပန်းစိုက်သူတွေ၊ ကွမ်းစိုက်သူတွေနေထိုင်တဲ့ အရပ်ပါ။

www.burmeseclassic.com



ကျွန်မမိဘများဟာ ဥယျာဉ်ခြံလုပ်ကြသူတွေပါ။ ကျွန်မမိဘများမှာ သမီးချည်းသုံးယောက် မွေးထားပါတယ်။ ကျွန်မက အငယ်ဆုံး၊ အထွေးဆုံးပေါ့။ ကျွန်မတို့ဟာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကဘဲ လှည်းတန်း (စံပယ်ခြံ) မှာ နေထိုင်ကြသူတွေပါ။

ကျွန်မမိဘများဟာ မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်တဲ့အတွက် ရတနာသုံးပါးကို အထူးရိုသေ ကိုင်းရှိုင်းသူတွေဖြစ်ပါတယ်။ ကျွန်မဖခင်ကြီးက နံနက်နှင့်ည ဘုရားရှစ်ခိုးပြီးတိုင်း ဘိုးဘွားစဉ်ဆက်က အမွေရထားတဲ့ဂါထာတော်မြတ်ကို အနည်းဆုံး(၁၀)ခေါက် ရွတ်ဖတ်သရဇ္ဈာယ်လေ့ ရှိပါတယ်။ အဲဒီဘိုးဘွားအမွေ ဂါထာတော်ကို ညီအစ်မသုံးယောက်စလုံး ရကြပါတယ်။ ကျွန်မတို့ဟာ မနက် (၁၀)ခေါက်၊ ည (၁၀)ခေါက် ဘိုးဘွားအမွေ ဂါထာတော်ကို ရွတ်ဆိုပြီးမှ အိပ်ရာဝင်လေ့ရှိပါတယ်။

ဘိုးဘွားအမွေ ဂါထာနှင့် ပတ်သက်ပြီး ဒီနေရာမှာ ကျွန်မအနည်းငယ် တင်ပြလိုပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ ပုလိပ်ရောဂါခေါ်တဲ့ ကာလဝမ်းရောဂါနှင့် ကျောက်ရောဂါတွေဟာ ကြောက်ခမန်းလိလိ ရှေးကဖြစ်ပွားခဲ့တာကြောင့် တချို့ရွာလုံးကျွတ် သေဆုံးကြတယ်။ တချို့မြို့တွေဟာ ပျက်သွားတဲ့ အထိ အခြေအနေဆိုးခဲ့ပါတယ်။

ကျွန်မတို့ဘိုးဘွားများဟာ ရတနာသုံးပါးကို အလေးအနက်ထားပြီး အဲဒီဂါထာတော်မြတ် ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြတယ်။ ကာလဝမ်းရောဂါနှင့် ကျောက်ကြီးရောဂါတွေဟာ ကျွန်မတို့ ဘိုးဘွားတွေမှာ လုံးဝမဖြစ်ခဲ့ပါဘူး။ ဘယ်အန္တရာယ်ဆိုးမျိုးမှလည်း ကျွန်မတို့ ဘိုးဘွားတွေကို မနှိပ်စက်နိုင်ခဲ့ပါဘူး။ ရန်သူမျိုးငါးပါးဘေးက လွတ်ကင်းခဲ့ကြပါတယ်။

မင်းပြောင်းမင်းလွဲဖြစ်တဲ့ အင်္ဂလိပ်အပြေး ဂျပန်တွေဝင်စ ရန်ကုန်မှာ ဓားပြမှုတွေ ဒုနှင့်ဒေး ဖြစ်ခဲ့တယ်။ ကျွန်မတို့နေတဲ့ မြို့စွန်မြို့ဖျား လှည်းတန်းမှာ ဓားပြတွေ ညတိုင်း တဒိုင်းဒိုင်း သေနတ်သံပေးပြီး တိုက်နေတယ်။ ကျွန်မတို့ အိမ်မှာ ယောကျ်ားဆိုလို့ အဖေတစ်ယောက်တည်းရှိလို့ ကျွန်မတို့ အားငယ်လှပါတယ်။ ဒါပေမဲ့ အဖေကတော့-

' သမီးတို့ မကြောက်ကြနဲ့၊ တို့ဘိုးဘွားတွေရဲ့ ဂါထာတန်ခိုးတော်ကြောင့် ဘယ်သူခိုး၊ ဘယ်ဓားပြမှ တို့အိမ်ကို မလုယက်နိုင်ဘူး၊ မခိုးဝှက်နိုင်ဘူး၊ သမီးတို့

www.burmeseclassic.com



တစ်တွေ ရတနာသုံးပါးကို တိုးလို့ကိုးကွယ်ဆည်းကပ်ကြ ဘိုးဘွားအမွေဂါထာကို မမေ့မလျော့ရွတ်ဖတ်ကြ။'

အဖေဟာအဲဒီလိုအမြဲမပြတ်ပြောဆိုဆုံးမလေ့ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ ညီအစ်မတစ်စုဟာ ရတနာသုံးပါးကို ပိုလို့ရိုသေကိုင်းရှိုင်းပြီး ဘိုးဘွားအမွေဂါထာကို အဆက်မပြတ် ရွတ်ဖတ်ခဲ့ကြပါတယ်။

ဂျပန်ခေတ် တစ်နေ့မနက်မှာ ကျွန်မတို့အိမ်ကို လူသုံးယောက် ရောက်လာပါတယ်။ ကျွန်မတို့အထင်က အဲဒီလူသုံးယောက်ဟာ စိုက်ပျိုးရေးကိစ္စနှင့် ပတ်သက်ပြီး ခြံဝယ်ချင်ကြသူတွေလို့ ထင်မိပါတယ်။

' ဆရာကြီးနဲ့ တွေ့ချင်လို့ပါခင်ဗျာ။ ဆရာကြီး ဘယ်သွားပါသလဲ'

' ရှိပါတယ်၊ ခြံထဲမှာ ပေါင်းရှင်းနေတယ်' လို့ အမေက ပြောကြားရင်း-

' ကိုလူလှရေ. . . ဧည့်သည်တွေရောက်နေတယ်' လို့ လှမ်းပြောလိုက်တယ်။

' အစ်မကြီး. . ကျွန်တော့်ကို လင်ပန်းတစ်ချပ် ခဏပေးပါ'

ဧည့်သည်သုံးယောက်ဟာ သူတို့တွင်ပါလာတဲ့ အထုပ်ကလေးများကို ဖြေလိုက်ကြတယ်။ ကျွန်မတို့ ညီအစ်မသုံးယောက်ဟာ တိုင်ကွယ်က ခိုးကြည့်ပြီး အံ့သြနေမိတယ်။ အဲဒီဧည့်သည် သုံးယောက်ရဲ့ အထုပ်တွေဖြေလိုက်တော့ အထဲမှာ ဖယောင်းတိုင်၊ အမွှေးတိုင်၊ လက်ဖက်စို၊ လက်ဖက်ခြောက်နဲ့ ထန်းလျက်ခဲတွေ ထွက်လာပါတယ်။ အဲဒီပစ္စည်းတွေကို အမေကမ်းပေးတဲ့ လင်ပန်းထဲမှာပြင်ပြီး အဖေ့အလာကို စောင့်နေပါတယ်။ အဖေဟာခြေတွေ၊ လက်တွေ ဆေးကာ အိမ်ပေါ်တက်လာပြီး ဧည့်သည်သုံးယောက်ကို စူးစမ်းသလိုကြည့်ပြီး-

' ဘာကိစ္စများ ရှိကြပါသလဲ'

' ဆရာကြီးခင်ဗျာ. . တခြားကိစ္စအကြောင်းထူးမရှိပါဘူး။ ဆရာကြီးကို ပြစ်မှားမိလို့ လာကန်တော့ကြတာပါ။ ဘုရားခန်းရှေ့ကို ကြွပါခင်ဗျာ'

ကျွန်မတို့အဖေက အဲဒီဧည့်သည်စကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားပါတယ်။ အဖေဟာ ဟိုကြည့် ဒီကြည့်နဲ့ ဖြစ်နေရှာတယ်။

' ဒီလိုပါဆရာကြီးခင်ဗျာ. . ကျွန်တော်တို့ဟာ ကြည့်မြင်တိုင်၊ ဝါးရုံဆိပ်၊ လှည်းတန်း၊ ကမာရွတ်တစ်ဝိုက်မှာ ဓားပြတိုက်နေတဲ့ ဓားပြတွေပါ။ ဒီစကား

www.burmeseclassic.com



ကိုကြားလို့ ဆရာကြီးတို့မိသားစု ကြောက်မသွားကြပါနဲ့။ ဆရာကြီးတို့မိသားစုကို ကျွန်တော်တို့ လက်ဖျားနဲ့တောင် မထိပါဘူး။ ကျွန်တော်တို့ ဆရာကြီးကို သုံးကြိမ်ကြိမ်တိုင်တိုင် ဓားပြတိုက်ဖို့ ကြံစည်ခဲ့ပါတယ်။ အဲဒီလို ဓားပြတိုက်ဖို့လာတိုင်း ဆရာကြီးတို့အိမ်ကို ရှာမတွေ့ပါဘူး။ မနက်ရောက်လို့ လာကြည့်တော့ ဆရာကြီးတို့အိမ်ကို တွေ့ရပါတယ်။ ဒါကြောင့် အသေအချာ မှတ်ပြီး ညဘက်မှာ ဓားပြတိုက်ဖို့ လာကြပြန်ပါတယ်။ ဒုတိယအကြိမ်မှာလည်း ဆရာကြီးတို့အိမ်ကို လုံးဝရှာမတွေ့ပါဘူး'

အဲဒီလို ဋ္ဌေ့သည်က ကျွန်မတို့အိမ် ဓားပြတိုက်ဖို့ လာကြောင်းကြားရတော့ ကျွန်မတို့ညီ အစ်မတစ်စု အကြောက်ကြီးကြောက်သွားပါတယ်။

'ရှာမတွေ့တဲ့ဆရာကြီးတို့အိမ်ကို မနက် ကျွန်တော်တို့လာကြည့်တော့ ရှိနေပါတယ်။ ဒါကြောင့် သေသေချာချာမှတ်ပြီး အဲဒီညမှာပဲ ဓားပြတိုက်ဖို့ လာကြပြန်ပါတယ်။ အဲ. . . ဒီသုံးကြိမ်မြောက်မှာလည်း ဆရာကြီးတို့အိမ်ကို လုံးဝရှာမ၍လို့မတွေ့ပါဘူး။ ကျွန်တော်တို့ဟာ စိတ်ပျက်လက်ပျက်နှင့် ပြန်ခဲ့ပြီး တို့ဟာ သူတော်ကောင်းကို ပြစ်မှားမိပြီ။ တို့ဓားပြတိုက်ဖို့ သုံးကြိမ် ကြံတိုင်း အိမ်ကိုရှာမတွေ့ဘူး။ ဒီဆရာကြီးကို တို့သွားကန်တော့ပြီး သူ့ဆီကပညာကို တောင်းခံမယ်။ ပြီးတော့ ဒီမကောင်းတဲ့ ဓားပြတိုက်ခြင်းအလုပ်ကို စွန့်ကြမယ်လို့ဆုံးဖြတ်ပြီးမှ ဆရာကြီးဆီကို လာကန်တော့ကြတာပါခင်ဗျာ'

ဋ္ဌေ့သည် ဓားပြကြီးရှင်းပြမှ ကျွန်မတို့လည်း ရင်အေးသွားပါတယ်။

'အင်း. . . ကောင်းသောလာခြင်းပါ။ မိတ်ဆွေတို့ အခုလို မကောင်းမှုကို အချိန်မီသိပြီး စွန့်လွှတ်နိုင်တာကတော့ အလွန်တရာ ချီးမွမ်းဖွယ်ရာ ကောင်းလှပါတယ်။ ဒီမကောင်းမှုကြောင့် အကုသိုလ်ဟာ လှည်းဘီးပမာ လှည်းဆွဲရာသွားတဲ့ နွားနောက်က လိုက်နေသလို အစဉ်အမြဲ လိုက်နေပါတယ်။ ဒီကြားထဲ အခန့်မသင့်ရင် တုတ်၊ ဓား၊ လှံ စတဲ့ လက်နက်ဘေးဒဏ်တွေက လည်းသင့်နိုင်တယ်။

ကျွန်မတို့အဖေဟာ အဲဒီဓားပြကြီးသုံးဦးကို တရားဟောနေပါတယ်။ ဓားပြကြီးသုံးဦးဟာ အဖေ့ကို သူတို့မှာပါလာတဲ့ ပစ္စည်းလေးတွေနဲ့ ကန်တော့လိုက်ပါတယ်။ အဲဒီနောက် အဖေက-



BURMESE CLASSIC .com

www.burmeseclassic.com



' ကျွန်တော့်မှာ ကြီးကျယ်တဲ့ပညာ မရှိပါဘူး။ နံနက်တစ်ကြိမ်၊ ည တစ်ကြိမ်၊ ပေါင်းနှစ်ကြိမ် မှန်မှန်ဘုရားရှိခိုးတယ်။ ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းတယ်။ နောက် ဘိုးဘွားအမွေဂါထာကို မနက် (၁၀)ခေါက်၊ ည(၁၀)ခေါက် ရွတ်ပါတယ်၊ ဘိုးဘွားအမွေဂါထာဆိုတာ ဦးတို့ရဲ့ အဖေ၊ အမေတွေ နှုတ်တိုက်ချပေးခဲ့တဲ့ ဂါထာပါပဲ။ ဒီဂါထာဟာ အံ့မခန်း အစွမ်းသတ္တိထူးနဲ့ ပြည့်စုံတယ်။ အန္တရာယ်ဆိုးအမျိုးမျိုး၊ ဘေးဆိုးအဖုံဖုံ၊ ရောဂါဘယ အထွေထွေတို့က ကင်းလွတ်ခဲ့တာ ဦးတို့လက်တွေ့ ကြုံခဲ့ရပေါင်းများလှပြီ။ အခုလည်း မောင်ရင်တို့သုံးဦး သုံးညတိုင်တိုင် ကိုယ်တွေ့ကြုံကြုပြီမဟုတ်လား။ ဒါကြောင့် ဦးတို့ မိသားတစ်စုလုံးဟာ နေ့စဉ်ဘုရားရှိခိုးပြီးတိုင်း အမြဲတမ်း ရွတ်ဖတ်ကြတယ်ကွဲ့။ မောင်ရင်တို့ကို ဒီဂါထာ ဦး လှူလိုက်ပါ့မယ်။ ဒါပေမဲ့ ကံငါးပါး ထိန်းရမယ်။ ဒါမှ ဒီဂါထာဟာ ပိုပြီးစွမ်းတယ်။ မောင်ရင်တို့ ကံငါးပါးကို ထိန်းနိုင်ကြမလားကွဲ့'

' ဟုတ်ကဲ့ပါ ဆရာကြီး'

အဖေဟာ ဘိုးဘွားအမွေဂါထာကို မပေးမီ ကတိတောင်းလိုက်ပါတယ်။ ပြီးနောက် ရေနွေးကြမ်းတစ်ပန်းကန်ကို ကောက်သောက်လိုက်တယ်။

အဲဒီနောက် အဖေဟာ ကျွန်မတို့ ဘိုးဘွားအမွေ ဂါထာတော်မြတ်ကို ရေးသားပေးလိုက် ပါတယ်။ ကျွန်မတို့ ဘိုးဘွားအမွေဂါထာကတော့-

ဘုရားဟူက မောက္ခလူ 'နှစ်ဆယ့်လေး'၊

တရားဟူက ဘာလိကွေး 'လေးဆယ့်ငါး'၊

သံဃာဟူက သံချပ်ဝတ် 'ခြောက်ဆယ့်ခုနှစ်'၊

'ဓူတင်တေရသကို ကျင့်ဆောင်တော်မူသော ငါတို့ရှင်မဟာကဿပကြီး ကျိန်းစက်တော်မူသည်၊ ရန်သူဟူသမျှ ရှောင်လေ၊ ရှားလေ၊ ဖယ်လေ'

ဒီဂါထာတော်မြတ်ကြီးကို ကျွန်မတို့ဘိုးဘွား လက်ထက်တော်ကစပြီး နေ့စဉ်အမြဲတမ်းထားကာ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပါတယ်။ ဒီဂါထာတော်မြတ်ကြီးဟာ ရတနာသုံးပါးရဲ့အားကို အသေးစိတ် သင်္ချာဂဏန်းတွေနဲ့ဖွဲ့နွဲ့သီကုံးထားပါတယ်။ ပါဠိဂါထာ သက်သက် မဟုတ်ပါဘူး။ ရှေးသူတော်စင်တွေ ရေးဖွဲ့သီကုံးခဲ့ဟန်တူပါတယ်။ ပုံနှိပ်မှုနဲ့ ဘုရားရှိခိုးစာအုပ်တွေမှာ မတွေ့ရ

www.burmeseclassic.com



ပါဘူး။ ဒီဂါထာဟာ တိုတိုလေးပါ။ အရေးကြုံလာရင် တရစပ်ရွတ်ဆိုခြင်းဖြင့် ဘေးအန္တရာယ် အပေါင်းက လွတ်ကင်းစေပါတယ်။ ကျွန်မကိုယ်တိုင်ကြုံတွေ့ ရပုံ အဖြစ်အပျက်ကို တင်ပြချင်ပါသေးတယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့နောက်မှာလည်း ကျွန်မတို့ဟာ ကမာရွတ်၊ လှည်းတန်း (စပယ်ခြံ)မှာပဲ နေထိုင်ကြပါတယ်။ ကျွန်မဟာ သမီးထွေး၊ အပျိုစင်၊ (၁၀)တန်းကျောင်းသူပါ။ ကျွန်မနေတဲ့ကျောင်းက မြို့မကျောင်းကြီးမှာ။ ကျွန်မဟာ နေ့စဉ်မီးရထားစီးပြီး ကျောင်းတက်ရပါတယ်။ တစ်နေ့ ကျွန်မကျောင်းဆင်းပြီး လမ်းမတော်ဘူတာကနေ လှည်းတန်းဘူတာကို ရထားနဲ့ စီးလိုက်လာပါတယ်။ ကျွန်မစီးလာတဲ့တွဲမှာ ခရီးသည်တွေ အသင့်အတင့် ရှိပါတယ်။ လမ်းမှာ ခရီးသည်တွေ တဖြည်းဖြည်းဆင်းသွားလို့ ကြည့်မြင်တိုင်ဘူတာ ရောက်တော့ ကျွန်မစီးတဲ့တွဲမှာ ခရီးသည်တစ်ယောက်မှ မရှိတော့ပါဘူး။ ရထားကြီးစထွက်တော့မှ လူသုံးယောက်တက်လာပြီး ကျွန်မနဲ့မလှမ်းမကမ်းမှာ ထိုင်နေကြပါတယ်။ ယောကျ်ားသုံးယောက်ရဲ့ အကြည့်ဟာ စူးစူးရှရှရှိပါတယ်။ ကျားသတ္တဝါတစ်ဦးက မ သတ္တဝါတစ်ဦးအပေါ်ကြည့်တဲ့ အကြည့်မျိုး မဟုတ်ဘူးရှင့်။ သူတို့အကြည့်ဟာ တစ်ခုခုတော့ တစ်ခုခုပါပဲ။ အဲဒီအချိန်တုန်းက ရထားတွေပေါ်မှာ အလစ်သုတ်တာတို့၊ လုယက်မှုတို့ မကြာခဏ ဖြစ်လေ့ရှိပါတယ်။

ဒါကြောင့် ကျွန်မဟာ ကြောက်ကြောက်နဲ့ ဘိုးဘွားအမွေဂါထာကို အဆက်မပြတ် ရွတ်နေပါတယ်။ ကျွန်မကိုယ်မှာ ဆွဲကြိုးကတစ်ကုံး၊ လက်ကောက်ကလေးကွင်း၊ လက်စွပ်ကတစ်ကွင်း ရှိပါသည်။ ကျွန်မဆင်းပြေးရအောင်ကလည်း ရထားအရှိန်က အားပြင်းနေပြီ။ ဒီ့ပြင်တွဲ ကူးရအောင်ကလည်း တစ်တွဲနဲ့ တစ်တွဲဆက်တဲ့တံခါးဟာ ပိတ်လို့။ ကျွန်မပြေးလမ်း မရှိပါ။ အဲဒီ လူသုံးယောက်ဟာ ပြုံးဆိုထရပ်ပြီး ကျွန်မဆီလာနေကြပါပြီ။ ကျွန်မကြောက်လွန်းလို့ အသားတွေတုန်နေပါတယ်။ ဒါပေမဲ့ ဂါထာကိုတော့ ရွတ်ဆဲပါ။ အဲဒီအချိန်မှာပဲ ကျွန်မဘေးက တွဲကူးတံခါးဟာ အုန်းခနဲအသံမြည်ပြီး ပွင့်သွားလို့ ကျွန်မလည်း ကြောက်ကြောက်နဲ့ တစ်ဖက်တွဲကို ခုန်ကူးလိုက်ပါတယ်။



BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီတွဲမှာ ခရီးသည်တွေရှိလို့ လူဆိုးတွေလက်က ကျွန်မ လွတ်သွားခဲ့ပါတယ်။

ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။


ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါ။ တစ်တွဲနဲ့တစ်တွဲ ဖြတ်ကူးတဲ့တံခါးကို အန္တရာယ်ဖြစ်မှာ စိုးလို့ အသေပိတ်ထားရာက ပြုန်းကနဲပွင့်သွားတာဟာ ထူးဆန်းလှပါတယ် အခုတော့ ကျွန်မသိပြီ။ ဒါဟာရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး၊ ဂါထာတော်မြတ်ရဲ့ စွမ်းပကားသတ္တိကြောင့် ကျွန်မ လုယက်ခံရမယ့် အန္တရာယ်က လွတ်ကင်းခဲ့ခြင်းပါပဲရှင်။

ယခုတော့ ကျွန်မဟာ အမေစိန်ဘဝရောက်နေပါပြီ။ ဒါကြောင့် နှောင်းခေတ် ကျွန်မတို့ မြေးမြစ်တွေ အန္တရာယ်ကင်းဖို့ ဒီဂါထာတော်မြတ်ကို မကွယ်မဝှက် တင်ပြလိုက်ရပါတယ်ရှင်။

ဘေးကင်းကြပါစေ၊ ရန်ရှင်းကြပါစေ

◆

www.burmeseclassic.com



## ငွေဝင်သော လမင်းဂမုန်း

ကျွန်တော့်မိတ်ဆွေတစ်ဦးအိမ်သို့ အလည်ရောက်သွားသည်။ သူ့အိမ်တွင် လှပသောပန်းများ၊ မြေစိုက်သစ်ခွများ၊ ရွက်လှများ အစီအရီ စိုက်ထားသည်။ ကျွန်တော်လည်း အလှအပကို ကြိုက်သည်။ ထို့ကြောင့် သူ့အိမ်ဝိုင်းထဲ လှည့်လည်ကြည့်ရှုနေမိသည်။

တချို့က အလှအပကြိုက်သဖြင့် ပန်းများစိုက်ပျိုးထားသော်လည်း ရေလောင်းခြင်း၊ ပေါင်းနှိမ်ခြင်း၊ မြေဆွပေးခြင်း၊ မြေဩဇာကျွေးခြင်းမရှိ။ ထို့ကြောင့်အလှပန်းများမှာ ညှိုးနွမ်းကာ သေကုန်ကြသည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်မိတ်ဆွေမှာ ဤသို့မဟုတ်။ ဒဂုံမြို့သစ်တွင် နေထိုင်သော်လည်း ရွက်လှကလေးများ၊ မြေစိုက်သစ်ခွများ၊ ပန်းပင်များကို (၁၂)ရာသီ လန်းဆန်းအောင် စိုက်ပျိုးထားသည်။ သစ်ပင်၊ ပန်းပင်တို့မည်သည် လူသတ္တဝါများကဲ့သို့ပင် ပြုစုယုယပါမှ ကြီးထွားရှင်သန်နိုင်ပါသည်။ လူသတ္တဝါများသည် နေ့စဉ် လူ့ဘဝရှင်သန်နိုင်ရေးအတွက် အစားအစာများကို စားသုံးရသည်။ ထို့အတူ သစ်ပင်၊ ပန်းပင်ကလေးများသည် သူတို့ဘဝရှင်သန်နိုင်ရေးအတွက် ရေလိုသည်။ ထိုရေမှတစ်ဆင့် မြေတွင်းရှိ မြေဆီ၊ မြေသြဇာများကို စားသုံးကြသည်။

တချို့အပင်ကလေးများမှာ နေရောင်ကိုကြိုက်သည်။ တချို့အပင်ကလေးများမှာ နေရောင်ကို မကြိုက်ကြ။ မည်သို့ပင်ဆိုစေ၊ သစ်ပင်ပန်းပင်ကလေးများသည် မြေ၊ လေ၊ ရေနှင့် နေရောင်ခြည်များကို ရရှိပါမှ သူတို့လေးတွေ ရှင်သန်နိုင်ကြမည်ဖြစ်သည်။

ကျွန်တော်သည် မိတ်ဆွေ၏ အိမ်ဝိုင်းကလေးတွင် သီးပင်စားပင်များ၊ ပန်းအလှကလေးများကို လှည့်လည်ကြည့်ရှုရင်း

‘ ကိုအောင်မြင့် . . . ခင်ဗျား ခုရက်ပိုင်းအတွင်းမှာ ငွေဝင်ရမယ်ဗျာ’

‘ ဟာ . . . ဆရာ ဘယ်လိုလုပ်သိတာလဲ’

‘ ခင်ဗျားကို ဗေဒင်တွက်ကြည့်တာမဟုတ်ဘူး။ ဂမုန်းပင်ကလေးက ပြောပြလို့သိရတာ’

‘ ထူးထူးဆန်းဆန်း ဆရာရယ်၊ ဂမုန်းပင်က ပြောပြလို့သိတယ်ဆိုတော့ အံ့သြစရာပဲ’

‘ ဒီလိုလေ ကိုအောင်မြင့်ရဲ့။ မသိသူကျော်သွား၊ သိသူဖော်စားဆိုသလို ဂမုန်းပင်လေးတွေ အကြောင်း သိထားရင် ဗေဒင်ဟောပြောသလို သိနိုင်တာပေါ့ဗျာ’

‘ ဘယ်လိုကြောင့်လဲဆရာ၊ ကျွန်တော်နားမရှင်းလို့ ရှင်းလင်းပါဦး’

ကိုအောင်မြင့်သည် သူသိလိုသောအချက်များကို ထပ်မေးနေသည်။

‘ဒီလိုလေ ကိုအောင်မြင့်ရဲ့၊ ဟောဒီ အရွက်ရှည်ပြီး အရွက်က ထူအမ်းအမ်း

www.burmeseclassic.com



ရှိနေတဲ့ (အစိမ်းရင့်ရောင်)အပင်က လမင်းဂမုန်းအဖိုပင်လို့ခေါ်သဗျ။ ဟိုမှာ ကြည့်ပါလား၊ ရိုးတံစိမ်းစိမ်း ကြီးထွက်ပြီး အပွင့်ဖြူဖြူလေးတွေ ရိုးတံထိပ်မှာ လွင့်နေတယ်လေ။ ဘယ်လောက်လှသလဲ။ အဲဒီ လမင်းဂမုန်းအဖိုပင်ပွင့်ရင် အိမ်ရှင်တွေမှာ ငွေဝင်မယ်။ ငွေရွှင်မယ်ပေါ့ဗျာ။ ဒါကြောင့် ခင်ဗျား အခု ရက်ပိုင်းမှာ ငွေဝင်မယ်လို့ ကျွန်တော်ပြောလိုက်တာလေ'

'တိုက်တိုက်ဆိုင်ဆိုင်ဆရာရယ်၊ မနက်ကပဲ ကျွန်တော့်မိတ်ဆွေတစ်ဦး လွန်ခဲ့တဲ့တစ်နှစ် ကျော်က ချေးယူထားတဲ့ ငွေငါးထောင်လာပေးသွားတယ်'

'အဲဒါ ဂမုန်းပင်ရဲ့ ထူးခြားတဲ့စွမ်းပကားကြောင့် ခင်ဗျားငွေဝင်ခြင်းပဲ။ တကယ်လို့သာ ခင်ဗျား ဒီလမင်းဖိုဂမုန်းပင်ကို အစီအရင်နဲ့ စိုက်ပျိုးထားမယ် ဆိုရင် လာဘ်တွေဝင်ပြီး ငွေတွေ ရွှင်မယ်ဗျာ'

'ဟာ ဆရာပြောတာ တဖြည်းဖြည်းနဲ့ စိတ်ဝင်စားစရာကောင်းလာပြီ။ ဒီလမင်းဂမုန်းပင်ကို ဘယ်လိုစိုက်ပျိုးရမယ်ဆိုတာ ပြောပြပါဦး'

ကျွန်တော်သည် သူတည်ခင်းထားသော ကော်ဖီနှင့် ဘီစကွက်မုန့်ကို ဝါးရင်း-

'တစ်နှစ်မှာ စနေလပြည့်သောရက်၊ အင်္ဂါလပြည့်သောရက်ကိုရွေးပြီး အဲဒီရက်မနက်မှာ ဒီ လမင်းအဖိုပင်ကို စိုက်ရမယ်။ စိုက်မယ့်အိုးထဲမှာလည်း ဆန်နဲ့ပေါက်ပေါက်ပွင့်ခံထားရမယ်။ အဲဒီလို စိုက်ပြီးတဲ့နောက် အပင်ကို ငွေရည်၊ ရွှေရည်လောင်းပေးရမယ်။ နောက်အဲဒီရက် ညနေပိုင်း ရောက်တဲ့အခါ လမင်း ဂမုန်းအမပင်ကို စောစောကပြောသလိုစိုက်ရမယ်'

'ကျွန်တော့်ဆီမှာ လမင်းဂမုန်းအမပင် မရှိဘူးဆရာ'

'ဒါကတော့ ရှာရမှာပေါ့ဗျာ။ လမင်းဂမုန်းအမပင်ဟာ အရွက်ဝိုင်းပြီး ထမင်းစားပန်းကန် လောက်ကြီးတယ်။ ရွက်ရိုးတံတွေဟာရှည်ပြီး အဲဒီရွက်ရိုးတံ ရဲ့ဘေးကနေ ဝိုင်းပြီးအရွက်ထွက်တယ်။ ပွင့်တဲ့အခါမှာ အပင်ရင်းက ဖူးတံ ရှည်ကြီးထွက်ပြီး အဖြူပွင့်သေးသေးလေးတွေ ပွင့်ကြတယ်။ ဒီလမင်းဂမုန်း အဖိုအမနှစ်ပင်စလုံးဟာ ပြိုင်တူပွင့်ကြရင် အဲဒီအိမ်မှာ လာဘ်အထူးဝင်မယ်၊ ထီပေါက်မယ်၊ အဲဒီအိမ်ကလူတွေ ရာထူးတက်တတ်တယ်။ အဲဒီလို လမင်း

www.burmeseclassic.com



ဂမုန်း အဖို/အမဟာ အကျိုးပေးတယ်'

ကျွန်တော်သည် ကိုအောင်မြင့်ကို ရှင်းလင်းလိုက်ရသဖြင့် မောသွားပါသည်။ ထို့ကြောင့် လက်ဖက်ရည်အကြမ်းရည်ကို သောက်နေမိသည်။

ဒီဂမုန်းနှစ်ပင်လုံးရဲ့ အောက်မှာ ကြက်သွန်တွေလို ဥတွေကနေပြီးမှ အပင်ပေါက်တာဗျ။ အဲဒီဂမုန်းနှစ်ပင်ကို စိုက်ပြီးတဲ့နောက် အမြင့်မှာထားရတယ်။ လပြည့်နေ့တိုင်းတတ်နိုင်ရင် အမွှေးနံ့သာပက်ဖျန်းပေးရတယ်။ ဒါမှလည်း ဒီလမင်းဂမုန်းအဖို အမပင်တွေဟာ အစွမ်းသတ္တိပြတယ်။အဲနောက်ဆုံးပြောရရင် ဒီလမင်းဂမုန်းအဖိုအမပင်တွေ စိုက်ထားတဲ့အိမ်ရှင်ဟာ သီရိမင်္ဂလာလို့ခေါ်တဲ့ ဂါထာကို မနက်(၁၀)ခေါက်၊ ည(၁၀)ခေါက် မှန်မှန်ရွတ်ပေးရမယ်။ အခု ကျွန်တော်ပြောတဲ့ အစီအရင်အတိုင်း မှန်မှန်ပြုလုပ်သွားရင် အဲဒီအိမ်ဟာ ကျက်သရေ အင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ရွှေငွေဝင်မယ်။ အိမ်ရှင်တွေ ကျန်းမာပြီး အလှူတွေ မကြာခဏ ပေးရတတ်တယ်'

' ဘယ်လိုမှ စိတ်မရှိပါနဲ့ဆရာရယ်၊ သီရိမင်္ဂလာဂါထာ ကျွန်တော့်ကို ချီးမြှင့်ခဲ့ပါဦး'

ကိုအောင်မြင့်သည် သီရိမင်္ဂလာဂါထာကို ကျွန်တော်ထံမှ တောင်းပြန်ပါသည်။ ထို့ကြောင့် မိတ်ဆွေကြီး ကိုအောင်မြင့်အား သီရိမင်္ဂလာဂါထာကို ရေးသားပေးခဲ့ပါသည်။

### သီရိမင်္ဂလာဂါထာ (ခေါ်) ဇေယျမင်္ဂလာဂါထာတော်ကြီး

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ၊
တာဒိသံ တေဇသမ္ပန်ံ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

ရန်အောင်စာပေ

BURMESE CLASSIC .com

မြန်မာပြန်

အာဒိစ္စော - ရောင်ခြည်တစ်ထောင်အလင်းဆောင်သော ထွန်းပြောင်ထိန်ဝင်း ရှင်းနေမင်းသည်၊

ဒိဝါ - နေ့အခါ၌၊

တပတိ - မိုက်မှောင်ပယ်ဖျောက် ထွန်းလင်းတောက်ပ၏။

စန္ဒိမာ - သော်တာယာဉ်နန်း လပြည့်ဝန်းသည်၊

ရတ္တိံ - ညဉ့်အခါ၌၊

မာဘာတိ - ထွန်းလင်းကျက်သရေ တောက်ပလေ၏။

ခတ္တိယော - လယ်မြေပိုင်နင်း ပြည့်ရှင်မင်းသည်၊

သန္နဒ္ဓေါ - ချပ်ဝတ်တန်ဆာဆင်ယင်သောအခါ၌၊

တပတိ - မင်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်လေ၏။

ဗြဟ္မဏော - မကောင်းမှုကို အပပြုပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည်၊

ဈာယီ - ဈာန်ဝင်စားသည်ရှိသော် (ဝါ) ဈာန်ဝင်စားသောအခါ၌၊

တပတိ - ရဟန်းကျက်သရေ ထွန်းလင်းတောက်ပလေ၏။

အထ - ထိုမှတစ်ပါး (ဝါ) နေမင်း၊ လမင်း အစရှိသည်တို့ထက်၊

ဗုဒ္ဓေါ - သစ္စာလေးရပ် တရားမြတ်ကို ဆတ်ဆတ်သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊

သဗ္ဗံ - အလုံးစုံသော၊

မဟောရတ္တိံ - နေ့ညတို့ပတ်လုံး၊

တေဇသာ - ပါရမီတော်ကြောင့်ဖြစ်သော တန်ခိုးတော်ဖြင့်

တပတိ - ဗုဒ္ဓကျက်သရေ ထွန်းလင်းတင့်တယ်တောက်ပတော်မူနိုင်လေသတည်း။

တာဒီသံ - ထိုသို့သဘောရှိသော၊

တေဇသမ္ပန္နံ - နေ့ညဉ့်မည်း တောက်ပဖြိုးသည့် တန်ခိုးတော်နှင့်လည်း ပြည့်စုံတော်မူထသော။


BURMESE CLASSIC .com

www.burmeseclassic.com



ပုဒ္ဓံ - မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
အာဒရံ - ကျိုးနွံမသွေ ရိုသေလှစွာ၊
ဝန္ဒာမိ - သဒ္ဒါဖြိုးဖြိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

မှတ်ချက်

သီဟိုဠ်ပြည့်ရှင် ဘာသိတမင်း လက်ထက်၌ ဘာသိတမင်း တောင်းပန်သဖြင့် ပညာရှိအမတ်တစ်ယောက်သည် ဤဇေယျမင်္ဂလာဂါထာတော်ကြီးကို တစ်ထောင်တိတိ ရွတ်ဖတ်သရဇ္ဈာယ်လေသည်။

ဤဇေယျမင်္ဂလာဂါထာတော်ကို ရွတ်ဖတ်ဆဲကာလ၌ အသပြာတစ်ထောင် လက်တွင်းသို့ ရောက်ရှိလာလေသည်။

ဤဇေယျမင်္ဂလာဂါထာတော်သည် လာဘ်လာဘအရာ၌ ဤသို့ အစဉ်အလာကြီးမားသော ဂါထာတော်ကြီးဖြစ်လေသည်။


(နိဒါနဝဂ္ဂ ဘိက္ခုသံယုတ်အဋ္ဌကထာ)

◆



BURMESE CLASSIC .com

www.burmeseclassic.com



# ပိတုန်းလေးကောင် ဓာတ်အဆောင်

ကျွန်တော်သည် ဂမ္ဘီရမဂ္ဂဇင်း၌ (၂၀၀၂)ခုနှစ်၊ ဖေဖော်ဝါရီလထုတ်တွင် 'ဓာတ်ပုတီးစိပ်ပြီး တော့သိလိမ့်မယ်' ဟူသောအမည်ဖြင့် ဆောင်းပါး တစ်ပုဒ်ကို ရေးသားခဲ့ပါသည်။ ထိုဆောင်းပါးတွင်ရှေ့က သူတော်စင်ကြီးများ ဓာတ်ပုတီးစီရင်ပုံ၊ ဓာတ်ပုတီးဖြင့် အဓိဋ္ဌာန်တင်ပုံ၊ ပုတီးစိပ် ပုံစိပ်နည်းများကို မကွယ်မဝှက် ရှေးဆရာမြတ်တို့၏ လမ်းစဉ်အတိုင်း တင်ပြခဲ့သည်။

အထက်ပါဆောင်းပါး ဓာတ်ပုတီးတွင် ပုတီး၏ခေါင်း၌ သီးခြား ဓာတ် ပိတုန်းကောင်လေးတစ်ကောင် တပ် ဆင်ထားပုံကို တင်ပြခဲ့ပါသည်။ ထိုသို့

www.burmeseclassic.com



တပ်ဆင်ထားခြင်းမှာ ဓာတ်ပုတီးကို ပို၍ အားဖြည့်ထားခြင်းဖြစ်သည်။

ယခု ကျွန်တော်တင်ပြလိုသည်မှာ ဓာတ်ပိတုန်းကောင်ကလေးများ အကြောင်းကို သီးခြားနောက်ဆက်တွဲ တင်ပြခြင်းဖြစ်သည်။

မြန်မာမှုနယ်ပယ်တွင် 'နံ့သာနီစစ်စစ်၊ ပိတောက်နှစ်' ဟူ၍ တင်စားကြပါသည်။ မြန်မာ ပိတောက်သားသည် နီရဲ၍နေသည်။ ပြီးတော့ မွှေးကြိုင်သော ရနံ့တို့ဖြင့် ပြည့်စုံသည်။ ပိတုန်းကောင်ကလေးများကို စီရင်တော့မည်ဆိုလျှင် ပထမဦးစွာ နေ့ကောင်းရက်မြတ်များကို ရွေးချယ်ထားပါ။ ပြီးလျှင် ပိတောက်နှစ်ကောင်းကောင်းကို နေ့ချင်းပြီး ပိတုန်းရုပ်ကလေးလေးရုပ်ကို ပန်းပုဆရာတစ်ယောက်ထံတွင် အပ်နှံပါ။ ပိတုန်းရုပ်ကလေးများပြီးပါက ပိတုန်းကောင်ကလေးများ၏ ဖင်ဘက်မှ ဝမ်းခေါင်းအတွင်းအထိ ပန်းပုဆရာကို အပေါက်ဖောက်ခိုင်းကာ ပြဒါးတစ်မူးသားစီကို ပိတုန်းကောင်၏ ဖင်ဘက်မှ ထည့်ခိုင်းပါ။ ပြီးလျှင် ပဒိုင်းသားကို စို့လုပ်ပြီး ပြဒါးတစ်မူးသားထည့်ထားသော ပိတုန်းကောင်ဖင်ကို ရိုက်ပိတ်ပါ။ ပိုသော ပဒိုင်းသားစို့ကို ဖြတ်ခိုင်းပါ။

ထိုသို့ ပိတုန်းကောင်ကလေးများကို နေ့ကောင်းရက်မြတ်ရွေးချယ်ပြီး ပိတောက်သားကို ပိတုန်းထုခြင်း၊ ပြဒါးသွင်းခြင်း၊ ပဒိုင်းစို့ရိုက်ခြင်းများ ပြုလုပ်၍ ပြီးစီးသွားပါက အခြောက်လွယ်သော သင်္ဘောဆေးဖြင့်သုတ်ပါ။ ပြီးလျှင် ဆေးမခြောက်တခြောက်တွင် ရွှေစစ်စစ်ဖြင့် သုံးထပ်ချပါ။ (ဒစ္စကိုရွှေနှင့် မချပါနှင့်။)

ဤသို့ ပိတုန်းကောင်ကလေးများကို ရွှေချပြီးပါက တန်ခိုးကြီးဘုရားရှေ့တော်သို့သွား၍ ငါးပါးသီလခံယူပြီး အောက်ပါသရဏဂုံသုံးပါးဖြင့် တစ်ထောင်တိတိ စုတ်ပါ။

(၁) ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၂) ဓမ္မောမေ သရဏံ အညံနတ္ထိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။

(၃) သံဃောမေသရဏံ အညံနတ္ထိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ရွှေပိတုန်းလေးကောင်ကို သရဏဂုံသုံးပါးတို့ဖြင့် သုံးပိုဒ်ဆိုပြီးမှ ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈)လုံး ပုတီးပတ်ရေ (၁၀)ပတ် စုတ်ပါ။



BURMESE CLASSIC .com

www.burmeseclassic.com



## ပိတုန်းလေးကောင်ကို ပြန်လည်စစ်ဆေးခြင်း

အထက်ပါတင်ပြခဲ့သော ဓာတ်ပိတုန်းလေးကောင် အစီအရင်မှာ လွယ်ကူလှပါသည်။ အမှန်စင်စစ် ပိတုန်းလေးကောင်ဟုဆိုသော်လည်း ပိတုန်းလေးကောင်မျှမက မိမိကြိုက် နှစ်သက်သလောက် အကောင်ရေကို ပြုလုပ်နိုင်သည်။

(၁) ပိတောက် (၅ - ၇)
(၂) ပိတုန်း (၅ - ၇)
(၃) ပြဒါး (၅ - ၇)
(၄) ပဒိုင်း (၅ - ၇)

စသော ဓာတ်ဖက်ပစ္စည်းများ လေးဆင့်ယူထားသည်ကို တွေ့ရှိရပါမည်။ ထိုသည်ကို ဝက်နင်း ဓာတ်ဆင်ခြင်းဟုခေါ်ပါသည်။

'ဓာတ်တူ နာမ်တူ ဆေးဖက်ယူ၊ နာမ်တူသတ်က အသေရ' ဟူသော ရှေးဆရာမြတ်ကြီးတို့၏ နည်းနာအတိုင်း နာမ်တူသတ်ထားသော ဓာတ်ပိတုန်းကောင်ကလေးများကို ရရှိလာပါသည်။

ဤဓာတ်ပိတုန်းကောင်ကလေးများကို စီရင်ရာ၌ စီရင်သော ပုဂ္ဂိုလ်၏ သီလဂုဏ်၊ သမာဓိ ဂုဏ်၊ ပညာဂုဏ်တို့ကို လိုက်၍ စွမ်းပကားသတ္တိထူးများ ဖြစ်ပေါ်လာပေမည်။

## ပိတုန်းကောင်ကလေးများ၏အစွမ်း

ဆရာကြီးဦးဘိုးထောင်းအမည်ရှိ တိုင်းရင်းဆေးဆရာကြီးတစ်ဦးသည် ဓာတ်ပုတီးအစီအရင်နှင့် ပိတုန်းကောင်ကလေးများ အစီအရင်ကို ကျွန်တော့်အား သင်ကြားပြသခဲ့ပါသည်။

ဆရာကြီးဦးဘိုးထောင်းသည် ဒုတိယကမ္ဘာစစ် ဖြစ်ပွားနေစဉ်ဝယ် စစ်ဘေးဒုက္ခသည်များ အား လုယက်နှိပ်စက်လျက်ရှိသော သူခိုး၊ ဓားပြများ အန္တရာယ်ကို ဤပိတုန်းကောင်ကလေးများဖြင့် ကာကွယ်မှုပေးခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ရေကြောင်းခရီး၌ ကုန်များတင်ကာ ကူးသန်းသွားလာကြသော ဆရာကြီး ဦးဘိုးထောင်၏ တပည့်များသည် ရွက်တိုင်ထိပ်ဖျား၌ ပိတုန်းရုပ်ကလေး တစ်ရုပ်ကို ဆွဲထားသည်။ ထို့အတူ လှေ၊ သမ္ဗန်ဦး၌လည်း ပိတုန်းကောင်လေး တစ်ကောင်ကို ထည့်ထားကြသည်။

ဤသို့ ပိတုန်းကောင်ကလေးများဖြင့် သွားလာကြကုန်သော လှေ၊ သမ္ဗာန်များမှာ ဓားပြ တိုက်ခြင်းဘေး၊ လုယက်မှုဘေးများမှ လွတ်ကင်းလေ့ ရှိကြသည်။ ရေလမ်းခရီးသွားလာကြသော ကုန်တင်လှေ၊ သမ္ဗန်ကြီးများသည် လုယက်လေ့ရှိသော၊ ဓားပြတိုက်လေ့ရှိသောနေရာများတွင် ဣန္ဒြေရရသွား နိုင်ကြသည်။တစ်ကြိမ်တစ်ခါမျှ လုယက်ခံရခြင်း၊ ဓားပြတိုက်ခံရခြင်းတို့ မဖြစ် ပွားခဲ့ဟုဆိုသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ် စစ်ဘေးဒဏ်မှ အသက်လုကာ ရှောင်တိမ်းကြသော စစ်ဘေးဒုက္ခသည်များမှာ တောအရပ်ဒေသများတွင် လာရောက်နေထိုင်ကြသည်။

ဤသို့ ရှောင်တိမ်းနေထိုင်ကြသော ဒုက္ခသည်များကို ဓားပြ၊ သူခိုးများက ညတိုင်းလိုလို ဓားပြတိုက်၊ ဝင်ရောက်လုယက်လေ့ရှိသည်။ ဤဓာတ်ပိတုန်း ကောင်ကလေးများကို ခြံလေးထောင့်၌လည်းကောင်း၊ အိမ်လေးထောင့်၌ လည်းကောင်း စီရင်ထားကြသောအိမ်များ၊ ခြံများမှာ သူခိုးဘေး၊ ဓားပြဘေးမှ လွတ်ကင်းခဲ့ကြသည်။

တစ်ကြိမ်တစ်ခါမှ ထိုအိမ်နှင့် ခြံများအတွင်းသို့ လူဆိုး၊ ဓားပြများ ဝင် ရောက်တိုက်ခိုက်နိုင်ခြင်းမရှိဟု ဆရာကြီးဦးဘိုးထောင်းက မိန့်ကြားပါသည်။ ထိုသို့ ဓားပြမတိုက်နိုင်ခြင်းမှာ ပိတုန်းသည် ဓားပြကို ကက်ကင်းဓာတ်ပြန်ထား ခြင်းကြောင့်ဟုဆိုသည်။

ထို့အတူ ဆရာကြီးဦးဘိုးထောင်၏ တပည့်များ ခရီးသွားလာရာ၌ ဓာတ် ပိတုန်းကောင်လေးကို လက်ကိုင်ပဝါ၏ ထောင့်စွန်း၌ချည်ကာ ဆောင်သွား လေ့ရှိသည်။ ဤသူများသည် တစ်ခါမျှ လမ်း၌လုယက်ခြင်း၊ ဓားပြတိုက်ခြင်း မခံရဟုဆိုသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ပိတုန်း၊ ပိတောက်၊ ပြဒါး၊ ပဒိုင်းဟူသော ဓာတ်ပစ္စည်းများသည် 'ဝက်နင်း' ဓာတ်များ မိလျက်ရှိပြီး ရတနာသုံးပါး၏ ဂုဏ်တော်ဖြင့် ထပ်ဆင့်လိုက်သောအခါ အစွမ်းသတ္တိထူးများ ပြည့်ဝလာခြင်းဖြစ်သည်။

ကျွန်တော်က ဆရာကြီးဦးဘိုးထောင်းအား-

' အဘ. . အခုခေတ်က အိမ်နဲ့ခြံနဲ့ နေကြတဲ့သူတွေအပြင် တိုက်ခန်းတွေမှာနေထိုင်သူတွေအတွက် အန္တရာယ်ကင်းအောင် ဓာတ်ပိတုန်းကောင်ကို ဘယ်လိုလုပ်ရမလဲဟင်'

' ဒါက လွယ်ပါတယ်ကွယ်၊ မိမိနေတဲ့ တိုက်ခန်းလေးထောင့်မှာ ဓာတ်ပိတုန်းကောင်လေးတွေကို ဆွဲထားလိုက်ပေါ့' ဟု ပြန်ဖြေပါသည်။

အဘ. . ဒီပိတုန်းကောင်လေးတွေကိုသာ အိမ်လေးထောင့်၊ ခြံလေးထောင့်၊ တိုက်လေးထောင့်မှာ ဆွဲချိတ်ထားရသလား။ တခြားဘာပစ္စည်းတွေပါသေးသလဲ'

' တခြားပစ္စည်းတစ်မျိုးလည်း ပါသကွဲ့။ အဲဒါကတော့ ကံ့ကော်ဝတ်ဆံရယ်၊ ကြာဝတ်ဆံတွေကို အဲဒီပိတုန်းကောင်လေးနဲ့အတူ ရောထားရတယ်။ ဒီလို ကံ့ကော်ဝတ်ဆံ၊ ကြာဝတ်ဆံ တွေနဲ့ထားခြင်းကြောင့် ပိတုန်းကောင်လေးဟာ မွှေးကြိုင်နေတယ်။ ပြီးတော့ ပိတုန်းကောင်တွေဟာ ပန်းတွေရဲ့ ဝတ်ဆံ၊ ဝတ်မှုန်ကလေးတွေကို စားကြတယ်လေ'

' အဘ. . အဲဒီပိတုန်းကောင်လေးတွေကို တခြားပန်းဝတ်မှုန်တွေနဲ့ ရောထည့်ထားရင် ကောရပါသလား'

' ရသပေါ့ကွယ်. . ကြာဝတ်ဆံနဲ့ ကံ့ကော်ဝတ်ဆံဆိုတာက ပရဆေးဆိုင်တိုင်းမှာ ဝယ်လို့ အလွယ်ရသကွဲ့။ ဒါကြောင့် အသုံးပြုတာပါ'

'ဒီဓာတ်ပိတုန်းကောင်လေးတွေကို အိမ်လေးထောင့်နဲ့ ခြံလေးထောင့်မှာ ချိတ်ဆွဲထားရုံနှင့် ပြီးရောလား အဘ'

' ဒီလိုတော့ မဟုတ်ဘူးကွယ်။ ဓာတ်ပိတုန်းကောင်ကလေးတွေကို ဖြစ်သလို ပြီးစလွယ် မချိတ်ရဘူး။ အိမ်ဆိုရင်လည်း အမြင့်မှာ ဆွဲထားရတယ်။ ခြံဆိုရင်လည်း ခြံထောင့်ရဲ့ တိုင်လေးတိုင်ရဲ့ အမြင့်မှာ အပေါက်ဖောက်ပြီး

www.burmeseclassic.com



ထည့်ထားရသကွဲ့။ နားလည်ပြီလား’

‘ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ်အဘ’

အထက်ပါတို့မှာ ဆရာကြီးဦးဘိုးထောင်း၏ မိန့်ကြားချက်များသာ ဖြစ်သည်။ ကျွန်တော့်အနေဖြင့် စာဖတ်ပရိသတ်အတွက် ပြန်လည်တင်ပြထားခြင်း ဖြစ်ပါသည်။

◆



BURMESE CLASSIC .com

www.burmeseclassic.com



# ကွင်းပိုင်ကြီးနှင့် ကျွန်တော့်အဘိုး

ဝလေးလုံးပွိုတ်၊ ဝတ်ဆိပ်ဂါထာတွင် ' ဝ ' လုံးရေပေါင်းတစ်ဆယ့်ရှစ်လုံးပါသည်။

ထိုတစ်ဆယ့်ရှစ်လုံးသော ဝလုံးများကို ပြန်လည်ပေါင်းလိုက်သောအခါ 'ကိုး' ရသည်။ ကိုးဂဏန်းသည် ခုဂဏန်းများထဲ၌ အရေအတွက် အမြင့်ဆုံးသော ဂဏန်းဖြစ်သည်။ မြတ်စွာဘုရားသခင်သည် ၁၀၈ ကွက်သော စက်လက္ခဏာတို့ဖြင့် ပြည့်စုံသည်။ ထိုတစ်ရာ့ရှစ် ဟူသောဂဏန်းကို ပြန်လည်ပေါင်းလိုက်



BURMESE CLASSIC .com

www.burmeseclassic.com



သောအခါ ကိုးကိုပင်ရသည်။ ထို့အပြင် မြတ်စွာဘုရား၏ ဂုဏ်တော်အပေါင်း သည် ကိုးပါးရှိသည်။ ထိုကိုးကို 'နဝင်း' ဟုခေါ်ဆိုပါသည်။

ထိုကိုးနဝင်းဂဏန်းသည် လောကီအရာတွင် အဆင့်အမြင့်ဆုံး၊ အထက်မြက် ဆုံးဟု ရှေးဆရာမြတ်တို့ သတ်မှတ်ကြသည်။

ဝလေးလုံးပိတ်၊ ဝတံဆိပ်ဂါထာကို တောင်တွင်းကြီးမြို့ မသုံးလုံးကြေ ဆရာတော် ခင်ကြီးပျော်မှာ ဖွဲ့နွဲ့သီကုံးခဲ့သည်ဟု သိရှိရသည်။ တောင်တွင်း ဆရာတော် ခင်ကြီးပျော်မှာ လောကီအရာတွင် အလွန်နာမည်ကြီးလှသည့် အရှင်သူမြတ်တစ်ပါးဖြစ်ပါသည်။ ဤဂါထာကို ဆရာတော်ကိုယ်တိုင် ဖွဲ့နွဲ့ သီကုံး၍ ဆရာတော်ကိုယ်တိုင် အမြဲတစေ ရွတ်ဖတ်သရဇ္ဈာယ်လေ့ ရှိသည်ဟု ဆိုပါသည်။

ဤဂါထာကို ပထမံ ဦးအောင်လည်း ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြောင်း အမှတ်အသားများတွင် တွေ့ရှိရသည်။

ဝလေးလုံးပိတ်၊ ဝတံဆိပ်ဂါထာသည် အလွန်တရာ ထက်မြက်စူးရှလှ သည့်ဂါထာတစ်ပုဒ် ဖြစ်ပါသည်။ လောကီအရာတွင် သူမတူအောင် တန်ခိုး ထက်မြက်လှပေသည်ဟု ဆရာမြတ်တို့ မိန့်မှာကြပါသည်။

ဤဂါထာတွင် ဝအက္ခရာကို အဓိကထားပြီး ဖွဲ့နွဲ့ထားသည်ကို တွေ့ရှိရ သည်။ ဘိုးတော်ဦးဝိုင်းလက်ထက် ပထမံ ဘိုးဘိုးအောင်၏ သမိုင်းလမ်း ကြောင်းတွင်လည်း ဝတစ်လုံးမှနှစ်လုံး၊ ဝနှစ် လုံးမှသည် တစ်နန်းတော်လုံး ဝလုံးများပြည့်နှက်သွားခဲ့လေသည်။

ဤဂါထာကို နေ့စဉ်ဝတ်ထားပြီး ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် မိမိကြုံတွေ့ နေရသော အခက်အခဲမှ လွတ်မြောက်နိုင်သည်။ အချုပ်အနှောင်အဖွဲ့တို့မှ ပွင့်ထွက်၍သော်လည်းကောင်း၊ ကျွတ်ထွက်၍သော်လည်းကောင်း လွတ်မြောက် သွားစေနိုင်သည်။

ရှေးက ဤဂါထာတော်မြတ်ကို ကာယဘက်တွင်လည်းကောင်း၊ အန္တရာယ်ကင်းဝေးစေရန် အတွက်လည်းကောင်း၊ သဗ္ဗညုပညာတွင် လည်းကောင်း အမျိုးမျိုးအသုံးပြုသည်ကို တွေ့ရှိရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မသိသူကျော်သွား- သိသူဖော်စား စကားအတိုင်းပင် ဤဂါထာတော်၏ ထူးခြားချက်များ နှင့်တကွ အသုံးပြုနည်းများကို တင်ပြလိုက်ခြင်းဖြစ်သည်။

ဂါထာ - မန္တန်ဟူသည် မည်မျှပင်အစွမ်းထက်မြက်သော်လည်း ရွတ်ဖတ်သရဇ္ဈာယ်သူ၏ ဖြူစင်သောသစ္စာတည်းဟူသော အခြေခံမှုများ ပေါ်တွင်တည်၍ ထက်မြက်စူးရှခြင်း၊ မထက်မြက်ခြင်းတို့ တည်ရှိနေပါသည်။

မည်မျှပင် အစွမ်းသတ္တိကြီးမားစေသော ဂါထာ၊ မန္တန်၊ မန္တယားတို့ဖြစ်စေ ကာမူ သီလကံနှင့် မေတ္တာဘာဝနာမရှိသော သူတို့ ရွတ်ဖတ်သရဇ္ဈာယ်လျှင် လည်း အချည်းအနှီး ဖြစ်စေပါသည်။ ထို့အပြင် အနန္တောအနန္တငါးပါးကို ပြစ်မှားမိသူတို့ ရွတ်ဆိုပါလျှင်လည်း ထိုဂါထာမန္တန်တို့သည် အစွမ်းထက်မြက် ခြင်း မရှိတော့ပါ။

ထို့ကြောင့် ဂါထာကလည်းမှုမှန်၊ ရွတ်ဖတ်သူကလည်း သီလကံများ စောင့်ထိန်း၍ မေတ္တာရှေ့ထားပြီး ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် မိမိတို့ကြုံတွေ့နေ ရသော အခက်အခဲတို့သည် ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ လျှောကျ ပျောက်ကင်းသွားစေပါသည်။

ဤ ဝပိတ်ဂါထာကို မိမိကြုံတွေ့ရင်ဆိုင်နေရသော အခက်အခဲပေါ် မူတည်၍ စေတနာ မှန်၊ မေတ္တာမှန်ဖြင့် အဓိဋ္ဌာန်ဝင်ပြီး ရွတ်ဖတ်ပါ။ မိမိ၏ အခက်အခဲတို့သည် မုချအောင်ပွဲသို့ ကူးပြောင်းသွားမည်ဖြစ်ပါသည်။

## ဝတံဆိပ်ဂါထာ

ဝဏ္ဏတေန၊ ဝဏ္ဏတောဝ
ဘာသဝရော၊ ရုနောနဝ
ဝဏ္ဏတော၊ ဝရံဋ္ဌာနေဝ
ခေမတော၊ ဝရံတဿနဝ
ဝရံဝဏ္ဏ၊ နိနေနဝ
ဝရံဟိ၊ သပ္ပနဝ
ဝရံကံမိတော၊ နလ္လိင်ပန္တော
ဝဿ တဃ နဝ။

ရန်အောင်စာပေ

www.burmeseclassic.com



## ကွင်းပိုင်ကြီး

ဤ ဝပိတ်ဂါထာတော်နှင့် ကျွန်တော်၏ ဖြစ်ရပ်ဆန်းတစ်ခုကို ဤနေရာ၌ တင်ပြလိုပါသည်။

ဤအဖြစ်အပျက်မှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်ဝယ် ကျွန်တော်တို့ရွာ၌ ဖြစ်ပျက်ခဲ့ သော ကျွန်တော့်ကိုယ်တွေ့ ဖြစ်ရပ်ဆန်းတစ်ခုဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်၏အစ်မမှာ အပျိုဖြန်းကလေးဖြစ်သည်။ ရွာရှိကာလသားများမှာ အစ်မ၏အလှသတင်းကြောင့် လာရောက်ပိုးပန်းကြသည်မှာ အလွန်များပြားလှသည်။ အစ်မကိုမှီ၍ ကျွန်တော်တို့ မောင်ငယ်လေးများမှာလည်း ဟို ကာလသားများကကျွေး၊ ဒီကာလသားများကကျွေးဖြင့် ဝဝလင်လင် စားသာနေပါသည်။

အစ်မမှာ အချိန်တန်အရွယ်ရောက်လာပြီဖြစ်၍ အိမ်ထောင်ပြုချင်နေဟန်ရှိသည်။ သို့သော် မွေးချင်းများ၌ အစ်မမှာ အကြီးဆုံးဖြစ်၍ အိမ်ထောင်မပြုနိုင်။ မိသားစုကို ငဲ့နေဟန် ရှိသည်။

ကျွန်တော်တို့မှာ လယ်သမား၊ ကိုင်းသမားများဖြစ်၍ မိုးရာသီသို့ရောက်သောအခါ လယ်တဲသို့ မိသားစုလိုက် ပြောင်းရွှေ့သွားကြသည်။ မိသားစုဟုဆိုရာတွင် အဘိုး အဘွားတို့သာ ရွာရှိအိမ်၌ထားခဲ့ပြီး ကျွန်တော့်အဖေ အမေ၊ အစ်မနှင့် ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ဖြစ်ကြသည်။

အစ်မသည် အမေနှင့်အတူ အိမ်တွင်းမှုများကို ချက်ပြုတ်လုပ်ကိုင်ရင်း ကျွန်တော်တို့လယ်ကို ကောက်စိုက်သည်။ တစ်ပါးသူ၏ လယ်များကိုလည်း လက်စားလိုက်ကာ ကောက်စိုက် ပေးနေသည်။

ကျွန်တော်တို့မှာ ရေတဖွေးဖွေးရှိနေသော လယ်ကွင်းကြီးဝယ် ပုဇွန်လုံးကောက်၊ ငါးဖမ်းခြင်း အလုပ်တို့ဖြင့် အပျော်ကြီးပျော်နေကြသည်။

တစ်နေ့ညနေတွင် ကျွန်တော့်အစ်မမှာ ကောက်စိုက်ပြန်လာရာမှ ငိုလိုက် ရယ်လိုက် ကြုံးဝါးလိုက်ဖြင့် သောင်းကျန်းနေပါသည်။ ကျွန်တော့်အမေက အဖေ့ကို ခေါ်ခိုင်းသဖြင့် ကျွန်တော်လယ်တဲသို့ ပြေးခေါ်ပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အဖေရောက်လာသောအခါ အစ်မမှာ ပိုပြီးသောင်းကျန်းကာ မကြားဝံ့ မနာဝံ့ဖြင့် ဆဲဆိုပြန်ပါသည်။ နောက်ဆုံး ကျွန်တော်တို့တစ်တွေ အစ်မကို ဝိုင်းဝန်းချုပ်နှောင်ကာ လယ်တဲအိပ်ခန်းထဲတွင် ထားရသည်။

ကျွန်တော့်အဖေက ကျွန်တော့်အဘိုးကို ရွာမှ အမြန်သွားခေါ်ခိုင်းပါသည်။ ကျွန်တော့် အဘိုးသည် ဆရာတစ်ဆူတော့မဟုတ်ပါ။ ဂိုဏ်းဝင်ပုဂ္ဂိုလ်တစ်ဦးလည်းမဟုတ်ပါ။ သို့သော် အဘသည် ရတနာသုံးပါးကို အစဉ်ကိုင်းရှိုင်းသူဖြစ်ပြီး အဘ၏ရေမန်းမှာ အလွန်ပင် အစွမ်းထက်မြက်လှပါသည်။ ကျွန်တော်တို့ရွာတွင် စုန်းပူးသလိုလို၊ နတ်ပူးသလိုလို ဖြစ်နေပါက အဘလိုက်သွားပြီးရေမန်းတိုက်ခြင်း ရေမန်းဖြင့်တောက်ခြင်း ပြုလုပ်ပေးလိုက်ပါက ပျောက်ကင်းချမ်းသာမြဲဖြစ်သည်။ ထို့ကြောင့် ယခုလို အစ်မတစ်ယောက် စုန်းပူးသလိုလို၊ နတ်ပူးသလိုလို ဖြစ်နေသောအခါ ကျွန်တော့်အဖေက အဘိုးကိုပင် ပြေးပင့်ခိုင်းခြင်း ဖြစ်ပါသည်။

အဘိုးရောက်လာသောအခါ . . .

“ ဟဲ့ . . . လုံမလေး၊ နင်ဘာဖြစ်နေတာလဲ၊ ကိုယ့်အဘိုးတစ်ယောက်လုံးရောက်နေတာ တောင် ရေနွေးလေး ဘာလေး လာမချသေးဘူးလား”

အစ်မမှာ ဘာမျှတုတ်တုတ်မလှုပ်ပါ။ သူ့အခန်းထဲကလည်း ထွက်မလာပါ။ ထိုအခါ ကျွန်တော့်အဘိုးသည် ရေတစ်ခွက်ကို ခပ်ယူကာ အိမ်ဦးခန်းတွင်ချ၍ ဦးသုံးကြိမ်ချပြီးလျှင် ထိုရေခွက်ကိုပင် မန်းမှုတ်နေပါသည်။ ပြီးလျှင်ကျွန်တော့်အဖေကို ခေါ်ယူကာ တစ်အိမ်လုံးကို အိမ်ပြင်မှ လှည့်ပတ် ပက်ဖျန်းရန်စေခိုင်းလိုက်ပါသည်။ ထို့နောက် အမေ့ကို ထိုရေစင်ခွက်ကို ပေးအပ်ပြီးအိမ်ခန်းနှင့် အစ်မကိုယ်ပေါ်သို့ ပက်ဖျန်းပေးရန် ပေးအပ်လိုက်သည်။

အမေသည် ပန်းညိုညွှန့်ကလေးဖြင့် အိမ်ခန်းတွင်းသို့ဝင်ကာ ပက်ဖျန်းပါတော့သည်။ အစ်မကိုယ်ပေါ်သို့ အဘိုး၏ရေစင်ရေမန်းများ ကျရောက်သွားသောအခါ . . .

“ကြောက်ပါပြီဗျို့၊ ကြောက်ပါပြီ၊ နောင် ကျွန်တော် ဒီလိုမလုပ်တော့ပါဘူး” ဟုထအော်ပါသည်။ အံ့ဩစရာကောင်းသည်မှာ အစ်မ၏ ပင်ကိုယ်အသံမှာ

www.burmeseclassic.com



ပျောက်ပြီး ယောကျ်ားကြီး တစ်ယောက်အသံဖြစ်နေသည်။ အဘိုးသည် အိမ်ဦးခန်းဝယ်ထိုင်ရင်း-

" ဟဲ့ . . . အိမ်ထဲက ခုထွက်ခဲ့စမ်း" ဟုအမိန့်ပေးလိုက်သောအခါ အစ်မမှာ တုန်တုန်ရင်ရင်ဖြင့် အိမ်ရှေ့သို့ ထွက်လာပြီး ကျုံ့ကျုံ့ကလေးထိုင်လိုက်သည်။

" နင် ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီမိန်းကလေးကို အရှက်တကွဲ အကျိုးနည်းအောင် ပြုလုပ်ရတာလဲ" ဟုဆတ်ဆတ်ပင်မေးလိုက်သည်။

" ကျွန်တော် လုပ်ချင်လို့လုပ်ရတာမဟုတ်ပါဘူး၊ ကျွန်တော့်ကို ခိုင်းလို့ ပြုလုပ်မိတာပါ"

" ကဲ . . . နင် ဘယ်သူလဲ ပြောစမ်း"

" ကျွန်တော် . . . ကွင်းပိုင်ပါ"

" ငါမေးမယ်၊ နင့်ကို ဘာကြောင့် ဒီလိုလုပ်ခိုင်းကြတာလဲ"

" ဆရာကြီးရယ် . . . မိန်းကလေးက ပြန်မကြိုက်လို့ အရှက်ကွဲပြီး ရူးသွားအောင်လုပ်ဖို့ ကျွန်တော့်ကို ဆရာတွေနဲ့ ခိုင်းလို့ လုပ်မိပါတယ်"

" ကောင်းပြီ၊ နင် နောက်ထပ် ဒီမိန်းကလေးကို မနှောင့်ယှက်နဲ့တော့"

" ဟုတ်ကဲ့၊ နောက်နောင် ဒီမိန်းကလေးကို ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူး"

" အေး . . . ကောင်းပြီ၊ နင့်ကို ဒီအတိုင်းတော့ ပြန်ပြီးမလွှတ်နိုင်ဘူး" ဟုဆိုကာ အဘိုးသည် ကွင်းပိုင်ကြီးကို သစ္စာဆိုစေ၍ စောစောကမန်းထားသော ရေမန်းကိုပင် တိုက်လိုက်သည်။

ချက်ချင်းဆိုသလိုပင် အစ်မမှာ အကောင်းပကတိဖြစ်သွားပြီး ထထိုင်ပါတော့သည်။ အကျိုးအကြောင်းသိသောအခါ အမေ့ကို ဖက်ငိုလေသည်။

ကျွန်တော်တို့ ညီအစ်ကိုမှာ အစ်မကိုကြည့်ပြီး အံ့ဩနေသည်။ အစ်မ၏ အသံမှာ မူလပင်ကိုယ်အတိုင်းပြန်ဖြစ်လာသည်။

အစ်မကိုယ်တွင်းသို့ ကွင်းပိုင်ကြီး ဝင်ပူးသည်။

ကွင်းပိုင်ဆိုသည်မှာ ကျွန်တော်တို့ တောအရပ်တွင် အလွန်ကြောက်ကြရသည်။ ကွင်းထဲ၌ မခန့်လေးစားမလုပ်ဝံ့။ လုပ်မိလျှင် ကွင်းပိုင်ကြီးက ဖမ်းစား



BURMESE CLASSIC .com

www.burmeseclassic.com



ပါတော့သည်။ ဤသို့ ကွင်းပိုင်ကြီး ဖမ်းစားလျှင် မလွယ်၊ သေသည်ကများပါသည်။

ယခုတော့ ကျွန်တော်တို့ အစ်မကို ရူးအောင်လုပ်သော ကွင်းပိုင်ကြီးကို အဘိုးက နိုင်လိုက်ပြီ။ ကျွန်တော်တို့ ကြောက်နေရသော ကွင်းပိုင်ကြီးကို အဘိုးက အနိုင်ယူလိုက်သည်။ ထိုသို့အဘိုး အနိုင်ရခြင်းမှာ အဘိုးသည် တရားမျှတသူ၊ ကွင်းပိုင်ကြီးမှာ မတရားညှဉ်းဆဲသူ ဖြစ်သောကြောင့်ပင်။

အဘိုးသည် ဘုရား၊ တရားနှင့် သံဃာတော်မြတ်များ၏ သားဖြစ်သည်။ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာဟူ၍ အမြဲနှလုံးသွင်းနေသော အဘသည် ကွင်းပိုင်ကြီးထက်ပင် တန်ခိုးကြီးလှပါပေ၏ ဟု ကျွန်တော်တို့ စွဲမြဲစွာ ယုံကြည်သွားပါသည်။

ကျွန်တော်သည် ထို့ကြောင့် အဘိုးကို ငယ်စဉ်ကပင် ပရလောကမှ ကွင်းပိုင်နှင့် မကောင်းဆိုးဝါးများကို နှိမ်နင်းသောပညာကို တောင်းခံမိပါသည်။ အဘိုးက ကျွန်တော့်ကို ကြည်ကြည်ဖြူဖြူပင် ပေးအပ်ပါသည်။

ပထမ - ကျွဲသား၊ နွားသားနှင့် ဝက်သားများစားခြင်းမှ ရှောင်ရပါသည်။

ဒုတိယ - သေရည်သေရက်နှင့် သူတစ်ပါး သားမယားကို ပြစ်မှားခြင်းမှ ရှောင်ရပါသည်။

တတိယ - နေ့စဉ် သရဏဂုံသုံးပါးကို ပုတီးဆယ်ပတ်ရအောင် ပွားများအားထုတ်ရပါသည်။ သရဏဂုံသုံးပါးမှာ-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊<br>
ဓမ္မံ သရဏံ ဂစ္ဆာမိ၊<br>
သံဃံ သရဏံ ဂစ္ဆာမိ။

မှတ်ချက် ။ ။ (အထက်ပါ သရဏဂုံသုံးပါးစလုံးကို ပေါင်းပြီးမှ ပုတီး တစ်လုံးချကာ ပုတီးစိပ်ရပါသည်။ ၎င်းကိုပင် ဒုတိယမ္ဗိနှင့် တတိယမ္ဗိများထည့်ကာ ပုတီးစိပ်လျှင် သရဏဂုံကိုးပါးဖြစ်သွားပါတော့သည်။ ၎င်းကိုပင် သဝေမပါ ကိုးဂါထာဟု ရှေးရာမြတ်တို့ ခေါ်ကြ ပါသည်။ သရဏဂုံတွင် သဝေမပါ-ပါချေ။)

www.burmeseclassic.com



ထို့နောက် ဝလေးလုံးပိတ်၊ ဝတံဆိပ်ဂါထာကို အစမှ အဆုံး အထိဆိုကာ ပုတီးတစ်လုံးချပြီး အထက်ပါ သရဏဂုံသုံးပါးနှင့် ဝလေးလုံးပိတ်၊ ဝတံဆိပ် ဂါထာကို ၃၇- အုပ်ရွတ်ပြီး စုန်းပူး၊ နတ်ပူး၊ သရဲပူး၊ ကွင်းပိုင်ပူးများကို တိုက်ရာ မကောင်းသောဝိညာဉ်လောကသားများကို နိုင်နင်းလှပါသည်။

ကျွန်တော့်အဘိုး၏နည်းမှာ နေ့စဉ် သရဏဂုံသုံးပါးကို ပုတီးစိပ်ခြင်း ကြောင့် ကုသိုလ်ရပါသည်။ နုသတိဆယ်ပါးအဝင်ဖြစ်ပါသည်။ အထူးသဖြင့် အန္တရာယ်ကင်းရန်စွယ်ရှင်း၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာဖြင့်တို့ဖြင့် ပြည့်စုံ စေပါသည်။

ဤသည်မှာ အဘိုးထံမှ ရလိုက်သော အမွေအနှစ်ဖြစ်ပါတော့သည်။

◆



BURMESE CLASSIC .com

www.burmeseclassic.com



# သေတွင်းမှ လွတ်ကင်းခဲ့သူ

"အပူကြီးလျှင် ရတနာသုံးပါးဂုဏ်ကို အာရုံမပျက်နှင့်၊ လူယုံလျှင် စကားကုန်ကို အာဂုံမမြွက်နှင့်"

အထက်ပါစကားပုံသည် မြန်မာ့ရှေးဟောင်းစကားပုံတစ်ခု ဖြစ်ပြီး မြန်မာမှုနယ်ပယ်၌ တွင်ကျယ်လျက် ရှိသည်။

မြန်မာ့ ရှေးသူဟောင်းတို့သည် သားစဉ်မြေးဆက်တို့အား ဆုံးမကြရာ၌ အထက်ပါ စကားပုံကို ပြောဆိုဆုံးမလေ့ရှိသည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ပထမ "အပူကြုံလျှင် ရတနာသုံးပါးကို အာရုံမပျက်နှင့်" ဟုဆိုသည်။

လူတိုင်းတွင် အပူရှိကြပေသည်။ အပူနည်းသူနှင့် များသူဟူ၍ နှစ်မျိုးနှစ်စား ခွဲခြား၍ ရသည်။ ထို့ကြောင့် လူတိုင်းသည် အပူနှင့် မကင်းကြ။ သို့သော် အပူကြုံလေတိုင်း နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ရတနာသုံးပါးဂုဏ်ကို မမေ့မလျော့ဘဲ စဉ်ဆက်မပြတ် ရွတ်ဖတ် ပူဇော်ခြင်း၊ ဂုဏ်တော်တို့ကို အစဉ်မြတ်နိုး၊ ကြည်ညိုသဒ္ဓါတိုးပွားအောင် ထပ်တလဲလဲ ပုတီးစိပ်ခြင်းနှင့် အစဉ်အမြဲ နှလုံးစွဲအောင် ကြည်ညိုခြင်းပီတိကို နှလုံးသွင်းနိုင်သူသည် အပူကြုံသော်လည်း ထိုအပူ၏ မီးဟပ်မှုကို သက်သာခွင့်ရသည်။

အဘယ်ကြောင့် သက်သာခွင့်ရသနည်းဟုမေးလာလျှင် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ ရတနာသုံးပါးသာလျှင် အမိက၊ ရတနာသုံးပါးသာလျှင် ကိုးကွယ်ဆည်းကပ် မှီခိုအားထားရာ ပဓာနဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ရှေးသူဟောင်းတို့က အရေးကြုံ လာလျှင်

"ဘုရားဂုဏ်ကို အာရုံမပျက်နှင့်
တရားဂုဏ်ကို အာရုံမပျက်နှင့်
သံဃာဂုဏ်တော်ကို အာရုံမပျက်နှင့်"

ဟု ရတနာသုံးပါးဂုဏ်ကို မမေ့မလျော့ရှိရန် မှာခြင်းဖြစ်သည်။

ရတနာသုံပါးဂုဏ်ဟူသည်-

- ကိလေသာ အညစ်အကြေး အပေါင်းကို ထွေးအန်တော်မူပြီးဖြစ်သည်။
- သံသရာစက်ကို ချိုးဖျက်တော်မူပြီးဖြစ်သည်။
- ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူ၊

ထို့ကြောင့် -

- ရတနာသုံးပါးသည် ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်း ဖြစ်သည်။

ထိုကဲ့သို့ ကိလေသာ အညစ်အကြေးမှ ဝေးကွာတော်မူသော ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ကြခြင်းဖြင့် ကိလေသာစိတ်တို့ဖြင့် အပူမီးဟပ်နေသော သတ္တဝါအပေါင်းတို့အား အပူအပေါင်းမှ အေးငြိမ်းမှုကို ပေးစွမ်းလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အောက်ပါ တကယ့်ဖြစ်ရပ်မှန်သည် ကိလေသာအပူမီးများ ဟုန်းဟုန်းတောက်လောင်နေသူတစ်ဦးအား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ထိုအပူမီး များမှ လွတ်ကင်းသွားပုံတို့ကို တည်တောဆရာတော်ဘုရားကြီး (စာရေးဆရာ ထီးချိုင့်နတ်စိုး)က စာရေးသူအား ပြန်လည် မိန့်ကြားခြင်း ဖြစ်ပါသည်။

* * *

ကျွန်မ နာမည်က မလှရွှေ။ ကျွန်မဟာ ကလေးသုံးယောက်အမေပါ။ ကလေးတွေကလည်း အရွယ်မရောက်ကြသေးတဲ့အရွယ်၊ ကျွန်မနောက်ဆုံး သားလေး မွေးပြီးလို့ (၁၅)ရက်ပဲ ရပါသေးတယ်။ ကျွန်မခင်ပွန်းဟာ ကွယ်လွန်သွားတယ်။ ကျွန်မဟာ မီးဖွားပြီးစသာ ရှိပါသေးတယ်။ စိတ်ညစ်လွန်းလို့ နို့က လည်းမထွက်၊ ကျွန်မ ကျန်းမာရေးကလည်းမကောင်း၊ နို့မဝတဲ့ သားလေးရဲ့ ငိုသံကိုကြားတိုင်း ကျွန်မရင်တွင်းမှာ မချိပါဘူး။

ဒီကြားထဲ စားသောက်ရေးက နေ့စဉ် ကျွန်မကို ခြိမ်းခြောက်နေပါတယ်။ ကျွန်မကလည်း သွေးနု၊ သားနုမို့ အလုပ်မလုပ်နိုင်သေးတဲ့အချိန်ပါ။ မြွေပူရာ ကင်းမှောင့်ဆိုသလို ကျွန်မ သားကြီး အပြင်းဖျားလို့ ဆေးရုံကိုတင်ထားရတယ်၊ ဆေးဖိုးဝါးခလိုတယ်၊ ကျွန်မမှာ တစ်ပြားတစ်ချပ်မှမရှိဘူး၊ ဒါကြောင့် ကျွန်မ သားကြီးဆေးမထိုးနိုင်ဘဲ အလကားရတဲ့ဆေးကိုပဲ နေ့စဉ် သောက်နေရတယ်။

အဲဒီအချိန်မှာ ကျွန်မတို့ အိမ်မှာ စားစရာဆန်ဆိုတာ တစ်စေ့တောင် မရှိဘူး၊ ကျွန်မရဲ့ အငယ်ဆုံး နို့စို့ရက်သားကလေးဟာလည်း နို့မဝလို့ ပိန်ကပ်နေပါပြီ၊ အရိုးအပေါ် အရေပဲတင်နေရှာတယ်။ ကျွန်မအနေနဲ့ကလည်း ဘယ်လိုလုပ်ပြီး နို့ထွက်အောင် လုပ်နိုင်ဦးမှာလဲရှင်။ ကြည့်ပါဦး . . . ကျွန်မတို့ မိသားစုဟာ ဆန်ပြုတ်ကိုတောင် နပ်မှန်အောင် မသောက်ကြရပါဘူး၊ကျွန်မ ဘယ်သူ့ကိုမှလဲ ကျွန်မရဲ့အဖြစ်ကို ပြောမပြရက်ပါ။ ကိုယ့်ကြောင့် သူတစ်ပါး စိတ်မချမ်းမသာဖြစ်မှာကို မလိုလားဘူးရှင့်၊ ဆင်းရဲမှုဒဏ်ကို ကျွန်မကျိတ်ခံခဲ့ ပါတယ်။

ရန်အောင်စာပေ

www.burmeseclassic.com



ဒီကြားထဲ ဈေးဆိုင်တစ်ဆိုင်က ကျွန်မသားကလေး ပိုက်ဆံခိုးပါတယ် ဆိုပြီး စွပ်စွဲခံရပါတယ်၊ ဆင်းရဲခြင်း စားစရာမရှိခြင်းဆိုတာ မှန်ပါတယ်၊ အကျင့်စာရိတ္တဘက်မှာ ကျွန်မတို့ မိသားစုဟာ မွဲစွန်းမရှိပါဘူး၊ ကြည့်ပါဦးရှင် ဆယ်နှစ်သားကလေးငယ် တစ်ယောက်ဟာ ဈေးဆိုင်ပေါ်ကိုတက်၊ ငွေသေတ္တာ ကြီးကိုဖွင့်ပြီး ပိုက်ဆံခိုးတယ်ဆိုတာ၊ ကိုယ့်သားမို့ပြောတာ မဟုတ်ပါဘူး၊ ကျွန်မ သားလေးဟာ ရိုးလည်းရိုး၊ အရှက်အကြောက်လည်းရှိတယ်။ သူများ ပစ္စည်း ဆိုလို့ အပ်တိုတစ်ချောင်းတောင် မယူရဘူးလို့ ကျွန်မက ဆုံးမထားတာပါ။

စားစရာမရှိလို့ ကျွန်မတို့လျှာမှာ မြက်ပေါက်ပါစေ၊ ဒီလို အကျင့်စာရိတ္တ ပိုင်းနဲ့ ထိခိုင်တော့ ကျွန်မရှက်လည်းရှက်၊ ချုံးပွဲချပြီး ငိုပါတော့တယ်၊ ဘယ် ဆိုင်ကိုမှလွှတ်ပြီး ဈေးမဝယ်ခိုင်း၊ အကြွေးမယူခိုင်းတော့ပါဘူး၊ ရှိရှိသမျှ ဆန်ပြုတ်ကလေးကို ကလေးတွေကို တိုက်လိုက်ပါတယ်။

ကျွန်မတို့ဟာ လူသာဆင်းရဲခံမယ်၊ ကိုယ်ကျင့်တရားကို အထိပါးမခံဘူး၊ အရှက်အကြောက်ဆိုတဲ့ ဟိရိဩတ္တပ္ပတရားနဲ့ လူလုပ်နေတာပါ၊ အသက်နဲ့ လူလုပ်နေတာ မဟုတ်ပါဘူး၊ ဒီအကြောင်းကို လူတွေကို ကျွန်မသက်သေပြ ချင်တယ်။

ဒါကြောင့် ကျွန်မဟာ သားကြီးဆယ်နှစ်သား၊ သားလတ် ငါးနှစ်သားနဲ့ မွေးစကလေးငယ်တို့ကို ကျွန်မရဲ့တဲအတွင်း အကုန်ခေါ်သွင်းလိုက်တယ်။ ပြီး တော့ ခြံတံခါးကို အသေအချာပိတ်ပြီး ကလေးတွေကို ကျွန်မချော့သိပ်လိုက် ပါတယ်။ အပြစ်ကင်းမဲ့တဲ့ကလေးတွေဟာ ခဏအတွင်းမှာ အိပ်ပျော်သွားကြ ပါတယ်။ ပြီးတော့-

အိမ်ထောင့်မှာထားတဲ့ ဓာတ်ဆီပုလင်းကို ယူလိုက်ပြီး ကလေးတွေ ခြုံမယ့်စောင်တွေနဲ့ ကျွန်မရဲ့ စောင်တွေကိုပါ ဓာတ်ဆီနဲ့ ဖျန်းပါတော့တယ်။ ပြီးတော့ တစ်တဲလုံးကိုလည်း ကျန်တဲ့ဓာတ်ဆီနဲ့ ဖျန်းလိုက်ပါတယ်။ အဲဒီလို ကျွန်မတစ်ယောက် လှုပ်ရှားလုပ်ကိုင်ပြီး မီးခြစ်ကို သွားယူလိုက်စဉ်မှာပဲ လမ်းထပ်က အသံချဲ့စက်သံတစ်သံကြားလိုက်ရပါတယ်။ အဲဒီအသံကတော့



BURMESE CLASSIC .com

www.burmeseclassic.com



ထီးချိုင့်တည်တော်ဆရာတော်ဘုရားကြီးရဲ့ ကံနှင့် နိဗ္ဗာန် ဆိုတဲ့ တရားပါပဲ၊ ကျွန်မဟာ မီးခြစ်ဘူးကို ကိုင်ရင်းမှင်တက်မိနေပါတယ်။

" ပညာရှိသောသူသည် အဘယ်မျှလောက် ဆင်းရဲ ဆင်းရဲ၊ ဆိုးဝါးတဲ့ ဒုက္ခမျိုးနဲ့ တွေ့ကြုံ ရင်ဆိုင်နေရသော်လည်း ဒုက္ခတွင်းမှ လွတ်မြောက်ရာ ချမ်းသာသုခရရှိရေးအတွက် ရည်မှန်းချက်ပန်းတိုင် အာသာဆန္ဒကို မပျောက်သင့်ကြောင်းနှင့် အပူကြုံလျှင် ရတနာသုံးပါးဂုဏ်ကို အာရုံမပျက်ဖို့ " တရားဟောသွားတဲ့အသံကို ကြားလိုက်ရတော့ ကျွန်မဟာ ချက်ချင်းသတိရပြီး၊ အဲဒီနေရာမှာပဲ ထိုင်ချပြီး ဆရာတော်ကြီးကို ကန်တော့လိုက်ပါတယ်။ အဲဒီနောက်

" - ဗုဒ္ဓဂုဏော အနန္တော
- ဓမ္မဂုဏော အနန္တော
- သံဃာ့ ဂုဏော အနန္တော
- မာတာပိတု ဂုဏော အနန္တော
- အာစရိယ ဂုဏော အနန္တော

× × ×

- ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
- ဓမ္မောမေ သရဏံ အညံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
- သံဃောမေ သရဏံ အညံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ "

ကျွန်မတို့ ငယ်စဉ်တောင်ကျေးကလေးဘဝက မိဘများသင်ကြားပေးလိုက်တဲ့ အနန္တော အနန္တငါးပါး ကန်တော့ခန်းနှင့် သရဏဂုံသုံးပါးကို ထပ်တလဲလဲ ကျွန်မလက်အုပ်ချီပြီး ရွတ်နေပါတယ်။ ခေါက်ရေကိုတောင် ကျွန်မ မမှတ်မိတော့ပါဘူး။ ကျွန်မရင်ထဲက လှိုက်လှိုက်လှဲလှဲရှိပြီး ကြည်ညိုသဒ္ဓါကြောင့် အဆက်မပြတ် ရွတ်ဖတ်နေမိခြင်းပါပဲ။

ကျွန်မမျက်လုံးက စီးကျနေတဲ့ မျက်ရည်တွေ၊ ကျွန်မရင်ထဲက တောက်လောင်နေတဲ့ အပူမီးတွေဟာ ချက်ချင်းပျောက်ကွယ်သွားပါတယ်။ ဒါဟာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး၊ အနန္တော အနန္တငါးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့်

www.burmeseclassic.com



ပါပဲ၊ ကျွန်မဟာ ဒုက္ခတွေပင်လယ်ဝေပြီး အပူမီးတွေဝိုင်းနေသော်လည်း ရတနာသုံးပါးကို မေ့နေခဲ့ပါတယ်။ အနန္တော အနန္တငါးပါးကို မေ့ထားမိခဲ့ပါတယ်။ ချက်ချင်းပဲ ကျွန်မဟာ တဲတံခါးတွေ ပြေးဖွင့်ပြီး ကလေးတွေကို နှိုးကာ တဲပြင်ကို ထွက်ခဲ့ကြပါတယ်။

ကျွန်မတို့ မိသားစုတစ်စုလုံး မီးလောင်တိုက်သွင်းပြီး သတ်သေမယ် ဆိုတဲ့ ကျွန်မရဲ့ မိုက်ရူးရဲအကြံကြီးဟာလည်း ကြက်ပျောက်၊ ငှက်ပျောက်၊ ပျောက်ကွယ်သွားပါပြီ။ သရဏဂုံမြတ်နှင့်အတူ အနန္တောအနန္တငါးပါး ဂုဏ်ကျေးဇူးတွေဟာ ဘယ်လောက်များ ထူးဆန်းသလဲဆိုရင် ကျွန်မတို့မိသားစု တစ်စုလုံး မီးလောင်တိုက်ဝင်ပြီး သေတော့မယ်ဆဲဆဲ ကယ်တင်ခဲ့ပါတယ်။ ကျွန်မဟာ တဲတွင်းကဓာတ်ဆီနံ့တွေ ထွက်သွားအောင်လုပ်ပြီး တဲပြင်ကို ထွက်လာစဉ် ချောင်လည်တဲ့ ကျွန်မရဲ့ ငယ်မိတ်ဆွေတစ်ဦးရောက်လာပြီး ကျွန်မတို့ မိသားစု ဆင်းဆင်းရဲရဲနေထိုင်နေရတာကို ကြားသိရကြောင်း၊ သူ့အလုပ်မအားချ၍ ယခုမှလာခဲ့ရကြောင်း ပြောဆိုပြီး ကျွန်မတို့ မိသားစုကို ငွေကြေး ထောက်ပံ့ပါတယ်၊ အဲဒီငွေကြေးကိုလည်း ဘယ်တော့မှ ပြန်မပေးဖို့ မှာသွားပါတယ်ရှင်။

ကျွန်မတော့ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ ကျွန်မဟာ ဒီငွေကြေးကို ထိုင်မစားဘဲ အရင်းအနှီး ကလေးတစ်ခုလုပ်ပါတယ်။ သားကြီးကို လက်ဆွဲ၊ သားလတ်ကို ခါးတစ်ခွင်ချီ၊ သားငယ်လေးကို ကျောပိုးကာ ဈေးရောင်းခဲ့ကြပါတယ်။ မကြာပါဘူး ကျွန်မတို့ဘဝ တိုးပွားလာပါတယ်။ တစ်ဖက်ကလည်း ရတနာသုံးပါးနဲ့ အနန္တောအနန္တဂုဏ်တွေကို ထပ်တလဲလဲ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါတယ်။ ဒီလို လမ်းလျှောက်ဈေးသည်ဘဝကနေပြီး ဈေးထဲမှာ ဆိုင်ထွက်လာနိုင်တဲ့ အခြေအနေအထိ ကျွန်မတို့ရဲ့ဘဝဟာ တိုးတက်လာပါပြီ။

ကျွန်မဟာ သမ္မာအာဇီဝအလုပ်ကို တစ်ဖက်ကလည်းကြိုးစားလုပ်သလို၊ တစ်ဖက်ကလည်း အနန္တောအနန္တဂုဏ်ကျေးဇူးတွေကို မမေ့မလျော့ ပြုလုပ်လာခဲ့တာဆိုရင် ယခု ကျွန်မဘဝဟာ စတိုးဆိုင်ပိုင်ရှင်ကြီးတစ်ဦး ဖြစ်လာပါပြီ။



BURMESE CLASSIC .com

✱ ✱ ✱

အထက်ပါ အကြောင်းအရာတို့မှာ တကယ့်ဖြစ်ရပ်မှန်တို့သာ ဖြစ်ပါသည်။ ဤအဖြစ် အပျက်တို့ကို တည်တော်ဆရာတော်ဘုရားကြီး ရန်ကုန်မြို့ ကမ္ဘာဇကုန်းမြေတွင် သီတင်းသုံးစဉ် မိန့်ကြားခဲ့ခြင်း ဖြစ်ပါသည်။

စာရှုသူ ဓမ္မမိတ်ဆွေများ ခင်ဗျား- လူသားတိုင်းတွင် အပူများရှိနေကြပါသည်။ အပူနည်းသူနှင့် အပူများသူဟူ၍သာ ကွာခြားပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ မည်မျှပင် အပူကြုံသော်လည်း 'ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် အနန္တော အနန္တငါးပါး'တို့ကို မမေ့ဖို့ အထူးလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

◆



BURMESE CLASSIC .com

www.burmeseclassic.com



## ရတနာသုံးပါး ပစ္စုပ္ပန်ကြီး

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ရာသီဥတုမျိုးစုံ၏ လွှမ်းမိုးမှုကြောင့် ဒေသများလည်း အမျိုးမျိုးကွဲပြားခြားနားသည်။ မြန်မာတောင်တန်းများဝယ် ရေခဲတောင်များတည်ရှိနေသလို မြန်မာပြည်အလယ်ပိုင်းသည် ပူပြင်းခြောက်သွေ့လျက်ရှိသည်။ ထို့အတူ မြန်မာပြည် အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသများသည် စွတ်စိုထိုင်းမှိုင်းသော သဘာဝတို့ဖြင့် လွှမ်းခြုံထား သည်ကို တွေ့ရှိရပါမည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ထို့ကြောင့် မြန်မာနိုင်ငံသည် ရာသီအလိုက်သီးနှံမျိုးစုံ ထွက်ရှိသလို မြေအောက်ရှိ ဓာတ်သတ္တုအမျိုးမျိုးတို့လည်း ထွက်ရှိကြသည်။ အထူးသဖြင့် မြန်မာ့မြေထွက် ကျွန်းသစ်နှင့် ကျောက်မျက်ရတနာများမှာ ကမ္ဘာပေါ်တွင် နာမည်ကြီးလှသည်။

မြန်မာ့ကျွန်းသစ်များကို ထွက်သလောက်နိုင်ငံခြားမှ ဝယ်ယူလျက်ရှိပြီး မြန်မာ့ကျောက်မျက်ရောင်းချပွဲများကိုလည်း နှစ်စဉ် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသည်။ မြန်မာ့ကျောက်မျက်သည် ကမ္ဘာ့ဝယ်မျက်နှာပန်း ပွင့်လျက်ရှိရာ နိုင်ငံခြား တိုင်းပြည်များမှ အလုအယက် လေလံဆွဲ ဝယ်ယူလျက်ရှိပါသည်။

ယခု ကျွန်တော်တင်ပြလိုသည်မှာ ထူးခြားဆန်းကြယ်သော ကျောက်မျက်ရတနာများအကြောင်း ဖြစ်သည်။ ကျောက်မျက်ရတနာတို့သည် ထိုက်တန်သူများ (ဝါ) ကံထိုက်သူများ လက်တွင်းသို့သာ ရောက်ရှိလာတတ်သည်။ ကံမထိုက်သူ၊ ကံမရှိသူတို့ လက်တွင်းသို့ရောက်ရှိမလာကြ။ ဤသို့ဆိုလျှင် ကျောက်တူးသမားများအဘယ်ကြောင့် ကျောက်များရရှိပါသနည်းဟု မေးခြားအံ့၊ ထိုကျောက်တူးသူများသည် ဝီရိယစွမ်းအားကြောင့်သာ ထိုက်သင့်သလောက် ရရှိကြခြင်းဖြစ်သည်။ သိန်းချီ၍ တန်ဖိုးရှိသော ကျောက်များကား ကံရှိသူများ လက်သို့သာ ရောက်ရှိလာတတ်ပါသည်။

အောက်ပါအဖြစ်အပျက်ကလေးသည် ကံရှိသူနှင့် ကံမရှိသူတို့အကြောင်းပင် ဖြစ်သည်။ ကံတရားက မည်သို့ဖန်တီးသည်ကို လေ့လာတွေ့ရှိရပါမည်။

ဒေါ်အေးမှုင်သည် သားထောက်သမီးခံမရှိ၊ ပေးကမ်းမည့်ဆွေမျိုးဉာတိလည်းမရှိ၊ ရှိသည့်ဆွေမျိုးဉာတိကလည်း ဒေါ်အေးမှုင် ဆင်းရဲလှ၍ တောင်းရမ်းမည်ကိုကြောက်သည်။ ထို့ကြောင့် ဒေါ်အေးမှုင်ကို အလာမခံကြ၊ ဒေါ်အေးမှုင်ကလည်း မာနတစ်ခွဲသားနှင့် ကိုယ့်အရိုး ကိုယ်ဆွဲပြီး နေ့စဉ်ဈေးထွက် ဟင်းသီးဟင်းရွက်ရောင်းသည်။ ရသမျှကလေးနှင့်စားသည်၊ သို့သော် ဒေါ်အေးမှုင်သည် ဘုရားပန်းကို အညှိုးမခံခဲ့၊ နေ့စဉ်ပန်းရေချမ်းများကို အမြဲလဲသည်။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်သူဖြစ်သည်။ မိမိအစားအသောက်၊ အနေအထိုင် ဆင်းရဲလှသော်လည်း ဘုရား၊ တရား၊ သံဃာနှင့် ပတ်သက်၍ကား ဒေါ်အေးမှုင် ဘယ်တော့မှ အဆင်းရဲမခံ၊ မိမိ



BURMESE CLASSIC .com

www.burmeseclassic.com



စားမည့်အထဲမှ ခြိုးခြံကာ ပန်းဝယ်၍ သူ့တဲတွင်းရှိ ဘုရားစင်တွင်လှူသည်။ ဒေါ်အေးမှင်၏ အိမ်မှာ တဲစုတ်သာဖြစ်သည်။ ဒေါ်အေးမှင်နေသည့်အရပ်မှာ မြို့ပြင်၊ မြို့စွန် အဖျားၖ ဖြစ်သည်။ ဒေါ်အေးမှင်နေသည်မှာ မြန်မာပြည်တွင် ကျောက်မျက်များထွက်သည့် မိုးကုတ်ဖြစ်သည်။ ဒေါ်အေးမှင်၏ဂေဟာမှာ တဲစုတ်သာဖြစ်သော်လည်း ဘုရားစင်ကား ရွှေထုပ်သည့် မြပဝါကဲ့သို့ အမြဲလှပ တင့်တယ်နေသည်။

ဒေါ်အေးမှင်သည် တစ်ယောက်တည်း မြို့စွန်ဖျားတွင် နေရသော်လည်း ကြောက်လန့်ခြင်းမရှိ။ ဒေါ်အေးမှင်တွင် အဖော်အပေါင်းမရှိ။ ဒေါ်အေးမှင်ကလည်း ဆင်းရဲသူကို မခေါ်မပြောချင်ကြောင်းသိ၍ မည်သူ့ကိုမှ ဟက်ဟက်ပက်ပက်မရှိ။ သို့သော် ဒေါ်အေးမှင်မှာ အားကိုးစရာ၊ အားထားစရာရှိသည်။ ထိုသည်မှာ အခြားမဟုတ်၊ မိမိတဲတွင်းရှိ ဘုရားစင်နှင့် ဘုရားသာဖြစ်သည်။ (ဝါ) ရတနာသုံးပါးဖြစ်သည်။

ရတနာသုံးပါး၏ တန်ခိုးတော်ကြောင့် ဒေါ်အေးမှင် မနက်ထမင်း၊ ညထမင်းကို နပ်မှန်အောင် စားနေရသည်။ ထို့ကြောင့် ဒေါ်အေးမှင်သည် ရတနာသုံးပါးကို အကြွင်းမဲ့အားကိုး အားထားပြုသည်။ ရတနာသုံးပါးသည်သာ မှီခိုရာ၊ လဲလျောင်းရာဖြစ်သည်။ ထို့ကြောင့် ဒေါ်အေးမှင် ဘာကိုမှမကြောက်။ သူခိုး၊ ဓါးပြနှင့် မြွေကင်းများကိုပင် ဒေါ်အေးမှင်ဂရုမစိုက်။

ဒေါ်အေးမှင်ထံ မနှစ်က ဘယ်ကလေလွင့်လာမှန်းမသိသော ခွေးပိန်မတစ်ကောင် ရောက်လာသည်။ ခွေးပိန်မဆိုသည့်အတိုင်း အရိုးပေါ် အရေတင်လျက်ရှိသည်။ ဒေါ်အေးမှင်မှာ သူနှင့်ဘဝတူမို့ ခွေးပိန်မကို ထမင်းရည်တိုက်ကာ မွေးထားလိုက်သည်။

ခွေးပိန်မက တာဝန်ကျေသည်၊ သူတို့၏ မဟာတဲစုတ်နားသို့ ဖြတ်သန်းသွားလာသူမှန်သမျှကို ဟောင်သည်။

ဒေါ်အေးမှင်၏ ကံကြမ္မာကို အလှည့်အပြောင်းဖြစ်လာစေမည့် နေ့တစ်နေ့သို့ ရောက်လာသည်။ ထိုနေ့က မိုးကလေးကတစိမ့်စိမ့်ရွာလို့၊ လကဝါဆိုလ၊ နေ့က လကွယ်နေ့၊ ဒေါ်အေးမှင်သည် စောစောစီးစီး ဘုရားဝတ်ပြုသည်။ ပြီးတော့ ပုတီးစိပ်ကာ အမျှအတန်းပေးဝေသည်။ အေးစိမ့်နေသဖြင့်

www.burmeseclassic.com



စောစောပင်အိပ်ရာဝင်၍ ကွေးနေသည်။

ခွေးဟောင်သံကြား၍ ဒေါ်အေးမှင် လန့်နိုးလာသည်။ သူမ၏ တဲနှင့် မလှမ်းမကမ်းတွင် အမှောင်ထုကိုခိုကာ ကျောက်ခိုးတူးသူများ လှုပ်ရှားနေသံကို ဒေါ်အေးမှင်ကြားနေသည်။ ထို့ကြောင့် "ဟဲ့--- ပိန်မတိတ်စမ်း" ဟုလှမ်း ငေါက်လိုက်သည်။ သို့သော် ပိန်မမှာဟောင်မြဲ ဟောင်နေသည်။ ဤသို့တရားမ ဝင် ကျောက်ခိုးတူးသူများသည် အမှောင်ထုကိုခိုကာ ညဥ့်အခါ မိုးကုတ်မြို့စွန် တွင် လှုပ်ရှားသည်မှာ အဆန်းမဟုတ်၊ ညဥ့်စဉ် ညတိုင်းလိုလိုရှိသည်။ သို့သော် ခွေးပိန်မမှာ သူ့တာဝန်ကိုကျေပွန်စွာဖြင့် မည်းမြည်းမြင်လျှင် ဟောင်ရမည်မှာ သူ့ဝတ္တရား မဟုတ်လား။

"ဟဲ့---ပိန်မတိတ်တိတ်နေစမ်း" ဒုတိယအကြိမ် ဒေါ်အေးမှင်က လှမ်းငေါက်လိုက် ပြန်သည်။ သို့သော် ပိန်မက ဟောင်မြဲဟောင်နေသည်။ အဟောင်မရပ်။

တစ်အောင့်လောက်ကြာသောအခါ ကျောက်ခိုးတူးသူများက စိတ်မရှည် ဘဲ သူတို့ ခိုးတူးနေသည့် ကျောက်တွင်းမှ ကျောက်ခဲတစ်လုံးကိုယူကာ ခွေး ပိန်မကို လှမ်းပစ်လိုက်သည်။ ကျောက်ခဲဖြင့်ပစ်သူမှာ လက်တည့်သူဖြစ်သည်။ ခွေးပိန်မနံရိုးကို တည့်တည့်မှန်ကာ ဂိန်ခနဲ အသံမြည်ကာ ခွေးပိန်မ ငြိမ်သွား သည်။ ကျောက်ခိုးတူးသူများလည်း သူတို့ရသော ကျောက်ခဲများကို ဂုန်နီအိတ် များအတွင်းထည့်ကာ ထွက်သွားသည်။

ဒေါ်အေးမှင်သည် ယနေ့အိပ်ရာထနောက်ကျသည်။ ညဥ့်က ပိန်မ ဟောင်၍ အိပ်ရေးပျက်ခဲ့သည်။ သူ၏တဲရှေ့ရှိမြေအိုးတွင်းမှ ရေကိုလှမ်းခပ်ပြီး မျက်နှာသစ်လိုက်သည်။ နေရောင်ခြည်မှာ ပွင့်လင်းလျက်ရှိရာ ဒေါ်အေးမှင် သည် သူ့တဲအတွင်းလှမ်းတက်မည်အပြု တံစက်မြိတ်အောက်တွင် ခရမ်းချဉ်သီး တစ်လုံးကို နီရဲစွာလှမ်းမြင်လိုက်သည်။ ထူးဆန်းသော မြင်ကွင်းကြောင့် ထိုနီနီရဲရဲ ခရမ်းချဉ်သီးကို လှမ်းကောက်လိုက်သည်။

ထိုအရာမှာ ခရမ်းချဉ်သီးမဟုတ်၊ အရည်အသွေးပြည့်ဝသော ပတ္တမြားကျောက်တုံးကြီး ဖြစ်နေသည်။ ဒေါ်အေးမှင်သည် မိုးကုတ်သူမို့ ကျောက်မျက်ရတနာအကြောင်း အနည်းငယ်သိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



နေရောင်ခြည်ဖြာကျနေသော အလင်းရောင်ထဲသို့ ထိုကျောက်ခဲကြီးကို ထောင်ကြည့်လိုက်ရာ အရည်များလည်နေပြီး တွက်တွက်ရဲနေသည်။

ဒေါ်အေးမှင်သည် ထိုပတ္တမြားခဲကြီးကို ကိုင်ပြီးစဉ်းစားနေမိသည်။ ညက ခွေးပိန်မ ကျောက်ခိုးသူများကို ထိုးဟောင်နေရာ ကျောက်တူးသူများ စိတ်မရှည်ဘဲ မိမိတို့တူးထားသော တွင်းထဲမှ ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး လှမ်းပေါက်ရာမှ ပိန်မကို မှန်ပြီး တံစက်မြိတ် အောက်ကျလာသည်။ ထိုကျောက်ခဲပေါ်သို့ မိုးရေစက်များတည့်တည့်ကျကာ ရေဆေးပြီးသားဖြစ်သွားသည်။ ထိုအခါ နီရဲတွက်နေသော ပတ္တမြားကြီး ဖြစ်လာကြောင်း ဒေါ်အေးမှင် သိရသည်။

ခရမ်းချဉ်သီးခန့်ရှိသော ထိုပတ္တမြားခဲကြီးကို ဒေါ်အေးမှင် သူ့မျက်နှာသုတ်ပဝါဖြင့်သုတ်ကာ တရိုတသေထုပ်လိုက်သည်။ ပြီးလျှင် သူရောင်းရန် ပြင်ဆင်ထားသော ဟင်းသီးဟင်းရွက်များကို တဲတွင်းပြန်သွင်းကာ တဲတံခါးကို ပိတ်လိုက်သည်။

ဒေါ်အေးမှင်သည် မိုးကုတ်မြို့ထဲသို့ သုတ်သုတ်လျှောက်လာသည်။ ပွဲစားကြီးတစ်ဦး၏ တိုက်ဝန်းထဲသို့ဝင်လာသည်။ ပွဲစားကြီးနှင့် တည့်တည့် မတ်မတ်ပင်တွေ့သည်။ သူမ ကောက်ရလာသော ပတ္တမြားကျောက်ခဲကြီးကို ပဝါတွင်းမှ ထုတ်ပြလိုက်သည်။ ပွဲစားကြီးမှာ မျက်လုံးပြူးလျက် အံ့သြစွာ ကြည့်နေရင်း-

“ ဟဲ့--- မအေးမှင်၊ ညည်းဒီကျောက်ကြီး ဘယ်ကရခဲ့သလဲ”

” ပွဲစားကြီး ကျွန်မတဲတံစက်မြိတ်အောက်က မနက်ကကောက်ရတာပါ”

“ အေး--- အေး ညည်းဘယ်သူ့ကိုမှ ဒီအကြောင်းတွေလျှောက်မပြောနေနဲ့။ ညည်း ကျောက်ကြီးကို ငါရောင်းပေးမယ်”

“ ဟုတ်ကဲ့ပါ ပွဲစားကြီး။ ကျွန်မယုံကြည်လို့ ပွဲစားကြီးကို လာပြပြီး ရောင်းဖို့အပ်တာပါ”

“ဟဲ့ --- အေးမှင်၊ နင်ရတနာသုံးပါးကို အမြဲရိုသေကိုင်းရှိုင်းလို့ ရတနာသုံးပါးရဲ့ ဂုဏ်က နင့်ကိုပြန်ပြီး အကျိုးပေးတာ။ နင့်ဘဝ ဆင်းရဲတွင်း


BURMESE CLASSIC .com

www.burmeseclassic.com



ကလွတ်ပြီ။ ဒီကျောက်ကြီးဟာ အနည်းဆုံး သိန်းဂဏန်းအထက်မှာရှိတယ်”

ဒေါ်အေးမှုင် ရင်မှာတလှပ်လှပ်တုန်ခါနေသည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် ဤကျောက်ကြီးကိုသူရသည်။ သူ့ဘဝဆင်းရဲမွဲတေ စုတ်ချာသောဘဝဆိုးမှ ကင်းလွတ်ပေတော့မည်။ ဒေါ်အေးမှုင်သည် မျက်ရည်များ တတွေတွေကျလာပြီး လက်အုပ်ချီကာ ပွဲစားကြီးကို ထိုင်ကတော့သည်။

“ သာဓု---သာဓု ကိုယ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပြီး ကြံသမျှဆန္ဒများ ပြည့်ဝပါစေ”

ပွဲစားကြီးက ဒေါ်အေးမှုင်ကို ဆုပေးသည်။ ကျောက်မျက်ရတနာတို့မည်သည် ထိုက်သူထံသို့သာ ရောက်လာတတ်သည်။ ဒေါ်အေးမှုင်သည် ကုသိုလ်ကံ အချိန်တန်၍ ဤသိန်းကျော် ကျောက်ကြီးကို သူ့အလိုလိုရရှိသွားခြင်းဖြစ်သည်။ ရှေးလူကြီးများပြောစကား တစ်ခုရှိသည်။ ထိုသည်မှာ အချိန်တန်လျှင် နွားပိန်ကန်သည်ဟူသောစကားပင်။ ယခု ဒေါ်အေးမှုင်မှာ ကုသိုလ်ကံ အချိန်တန်၍ ခွေးပိန်မပဟောင်သောကြောင့် ပစ်ပေါက်လိုက်သော ကျောက်ခဲမှာ သိန်းကျော်တန် ကျောက်ခဲကြီးဖြစ်နေသည်။

နေ့ချင်းညချင်း ဒေါ်အေးမှုင် ချမ်းသာသွားသည်။ တဲစုတ်မှ တိုက်ပေါ်သို့တက်လာ သည်။ သူမ၏ ခွေးပိန်မကိုလည်း တိုက်ပေါ်သို့ခေါ်လာသည်။ ပြီးတော့ ဒေါ်အေးမှုင်မှာ ရတနာသုံးပါးကို ကိုင်းရှိုင်းသူပီပီ ကျောင်း၊ သိမ်နှင့် ရေတွင်းများတူးကာ လှူသည်။ ခုတော့ အလှူရေစက်လက်နှင့်မကွာ ရှိနေသော ဒေါ်အေးမှုင်ကို ဘွားဘွားအေးမှုင်တဲ့. . . ကျောင်းဒါယိကာမကြီး ရဟန်းဒါ ယိကာမကြီးလို့ခေါ်ကြသတဲ့ဗျ။

မှတ်ချက်။

အထက်ပါအကြောင်းအရာအဖြစ်အပျက်သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက မိုးကုတ်မြို့တွင် ဖြစ်ပွားခဲ့သော အကြောင်းအရာဖြစ်သည်။ စာရေးဆရာ ကိုကိုမောင် (ဦးချစ်လှိုင်)၏ ပြန်လည်ပြောကြားချက်ကို ရေးသားထားခြင်းဖြစ်ပါသည်။

(စာရေးသူ)

www.burmeseclassic.com

# ဈေးရောင်းကောင်းချင်ကြသလား

သူမ နာမည်က. . . 'အေးကြည်မ' တဲ့။ ဤနာမည်ကို ရပ်ကွက်တွင်းရှိ သူမထက် အသက်ကြီးသူများ၊ ငယ်ပေါင်းမိတ်ဆွေများက ခေါ်ခြင်းဖြစ်သည်။ သူမထက်ငယ်ရွယ်သူများက သူမကို ဒေါ်အေးကြည်ဟုခေါ်သည်။ ဒေါ်အေးကြည်သည် ဤရပ်ကွက်နေ ဘုစုခရုမှ သက်ကြီးရွယ် အိုအထိ မသိသူမရှိ။ အားလုံးက ဒေါ်အေးကြည်ခေါ် အေးကြည်မကို သိကြ ခင်မင်ကြသည်။

အေးကြည်မသည် သူတို့ရပ်ကွက်တွင်းရှိ သမဝါယမဆိုင်၏ ဆိုင်တာဝန်ခံ ဖြစ်သည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



အေးကြည်မ သမဝါယမဆိုင်တာဝန်ခံဖြစ်သော အချိန်ကာလမှာ လွန်ခဲ့သော ၁၀ နှစ်ကျော် မဆလခေတ်တွင် ဖြစ်သည်။ အေးကြည်မသည် ဆိုင်တာဝန်ခံမို့ ဆိုင်တွင်းရှိပစ္စည်းများ အရှုံးမပေါ်စေရန်နှင့် မပျော့က်ပျက်စေရန် အထူးသတိထားရသည်။ မိမိတို့ တာဝန်မှာ စားသုံးသူ ရပ်ကွက်သူ၊ ရပ်ကွက်သားများ စျေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန် ဖြစ်သည်။ ပြီးတော့ မိမိတို့ ဘက်မှလည်း မရှုံးမပေါ်စေရန် အထူးသတိထားရသည်။

ခုကြည့်ပါဦး . . .

အေးကြည်မတို့ သမဝါယမဆိုင်ရှိ အာလူးများက ဝယ်မယ့်လူမရှိ။ နေ့စဉ် ပုပ်ကုန်သည်။ ကြက်သွန်နီများကလည်း တဖြည်းဖြည်း ပုပ်လာကြပြီ။ ငရုတ်သီးများလည်း ဖျော့ရော်လာသည်။ ကြက်သွန်ဖြူများက ခြောက်၍လာနေပေသည်။ အေးကြည်မသည် ဒီပစ္စည်းများကို ကြည့်လိုက်မိတိုင်း စိတ်မချမ်းသာ။ အေးကြည်မ၏ လက်အောက်ရှိ အရောင်းစျေးသည်များကို အာလူးပုပ်များ၊ ကြက်သွန်ပုပ်များကို ချက်ချင်း ဖယ်ထုတ်ရန် ပြောကြားပြီး မိမိထိုင်သော စားပွဲတွင် ဝင်ထိုင်ကာ စိတ်မောလူမော ဖြစ်နေသည်။

ထိုစဉ် သူ့သူငယ်ချင်း မတင်ဝင်း ရောက်လာသည်။ မတင်ဝင်းသည် ရတနာသုံးပါးကို အမြဲ ဆည်းကပ်သူ ကျောင်းဆရာမ တစ်ယောက်ဖြစ်သည်။

" ဟဲ့ . . . အေးကြည်မရဲ့ မှိုင်လှချည်လား"

" အစ်မရယ် . . . မပြောချင်တော့ဘူး"

" ဟဲ့ . . . မပြောချင်လို့ မပြောရင် ငါက ဘယ့်နှယ့်လုပ်သိပ့်မလဲ"

" ခွင့်လွှတ်ပါ အစ်မရယ်. . . ကျွန်မလည်း စိတ်ရှုပ်ရှုပ်နဲ့ ဘာတွေပြောလိုက်မိမှန်း မသိတော့ဘူး။ ဒီလို အစ်မရဲ့ ကျွန်မတို့ဆိုင်မှာရှိတဲ့ အာလူးနဲ့ ကြက်သွန်တွေ၊ ပြီးတော့ ငရုတ်သီးတွေပုပ်ပြီး ရော်ကုန်ကြပြီလေ။ အဲ. . . ဒီပစ္စည်းတွေအတွက် အလုပ်ရှုပ်ခံပြီး ထပ်ရွေးထုတ်နေရတယ် ကြည့်ပါလား"

အေးကြည်မသည် စိတ်ရှုပ်ရှုပ်နှင့် နှုတ်သီးကောင်း လျှာပါးဖြင့် ပြောချလိုက်သည်။

"ဟဲ့. . . အေးကြည်မရဲ့ ညည်းစိတ်ရှုပ်ပြီး ဘုမှုတ်နေလို့ ရမလားဟဲ့။ ဘယ်လို ရောင်းထွက်အောင် လုပ်မလဲဆိုတာကို မစဉ်းစားဘူးလား"



BURMESE CLASSIC .com

www.burmeseclassic.com



“ အစ်မရယ် ရောင်းမထွက်လို့ ဒီအာလူးနဲ့ ကြက်သွန်တွေပုပ်ကုန်ကြတာပေါ့”

“ ညည်းဈေးရောင်းကောင်းတဲ့ ဂါထာရွတ်မလား”

“ အမလေး. . . အစ်မရယ် ဈေးရောင်းကောင်းမယ်ဆိုရင် ရွတ်မှာပေါ့။ တစ်နေကုန် ရွတ်ရ ရွတ်ရ ကျွန်မ ငွေပြန်မလျော့ရရင် ပြီးရော”

ဆရာမ ဒေါ်တင်ဝင်းသည် သူမဆွဲခြင်းထဲမှ ဗလာစာအုပ်ကို ဆွဲထုတ်ပြီး စက္ကူပေါ်တွင် ဂါထာတိုကလေး တစ်ပုဒ်ကို ရေးချလိုက်သည်။

* သီဝလိစ မဟာထေရော။
ဒေဝ မနုဿ ပူဇိတော၊

* လာဘ သက္ကာရ ဌာနေသု။
အဂ္ဂ ပတ္တော မဟာဗ္ဗလော၊

* သော စမံ အနုဘာလေသု။
ဗလံမေ ဒေတု သဗ္ဗဒါ၊

“ ရော့. . . ညည်းဒီဂါထာကို အမြဲရွတ် ဒီဂါထာဟာ ရှင်သီဝလိ ရှေးဟောင်းဂါထာ တစ်ပုဒ်ပဲ။ ဈေးရောင်းကောင်းဖို့ ဆိုတော့ ညည်းအနေနဲ့ သစ်သီးဆွမ်းနဲ့ ရေချမ်းတွေကို မနက်တိုင်း ကပ်လှူရ မယ်။ ပြီးတော့ လိုတဲ့ဆုတောင်းပေါ့အေ. . . ”

ဆရာမ ဒေါ်တင်ဝင်းသည် ဒေါ်အေးကြည်ကို အထက်ပါ ရှင်သီဝလိ ဂါထာတိုကလေးကို ရေးပေးပြီး ကျောင်းသို့ အချိန်မီရောက်ရန် သုတ်ခြေတင်ပါတော့သည်။

ဒေါ်အေးကြည်သည် ဆန်ခြင်သော မိချောကို လမ်းထိပ်၌ သစ်သီး အဝယ်ခိုင်းလိုက်သည်။ မိချောကလည်း ၎င်းတို့ဆိုင်မှာ အာလူးပုပ် ကြက်သွန်ပုပ်များ ရောင်းကောင်းမည်ဆို၍ အပြေးသွားဝယ်ရာ မာလကာသီးတစ်လုံး ရလာသည်။ ရေဆေးပြီး ဒေါ်အေးကြည်ခိုင်းသည့်အတိုင်း ဆိုင်တွင်းရှိ ဘုရားစင်တွင် ရေချမ်းနှင့်အတူ ကပ်လှူလိုက်သည်။

“ ဟဲ့. . . မိချော ညည်းသေသေချာချာ ကပ်လှူရဲ့လား။ ပြီးတော့ ဆုရောတောင်းရဲ့လား”



BURMESE CLASSIC .com

www.burmeseclassic.com



" ဆုကို သေသေချာချာတောင်းပါတယ် အစ်မရယ် ကျွန်မတို့ ဆိုင်က အာလူးပုပ်နဲ့ ကြက်သွန်ပုပ်တွေ အစွံထုတ်ပေးပါ ဘုရားလို့ "

မိချောက သူ့ဆိုင်ထိုင်ကြီးကို လှမ်းပြောလိုက်ရာ. . .

" ဟဲ့. . မိချော နင့်ပါး ငါဆော်လိုက်ရနော်"

ဟု လှမ်းကြိမ်းလိုက်သည်။

ဒေါ်အေးကြည်သည် သူ့သူငယ်ချင်း ဒေါ်တင်ဝင်း ရေးပေးခဲ့သော ရှင်သီဝလိဂါထာတိုကလေးကို အရကျက်နေသည်။ ပထမ နာရီဝက်ကြာသွားပေပြီ။

နောက်ထပ် နာရီဝက်ကြာအောင် ထပ်ရွတ်နေမိပြန်သည်။ ဘာအစွမ်းအစမှမပြ။ ထို့ကြောင့် ဒေါ်အေးကြည်သည် စိတ်မောကိုယ်မောဖြင့် မတင်ဝင်း ရေးပေးခဲ့သောဂါထာလေးကို ချိန်ခွင်ထဲထည့်ပြီး အာလူးတစ်လုံးနှင့်ဖိကာ သူ့ကုလားထိုင် သူပြန်ထိုင်ပြီး ငိုက်မျဉ်းစ ပြုနေပါသည်။

" အာလူး တစ်ပိဿာပေးပါ"

ဟူသော ဈေးဝယ်သူအသံကြောင့် ဒေါ်အေးကြည် လန့်နိုးလာသည်။ ပြီးတော့. . .

" ကြက်သွန် တစ်ပိဿာပေးပါ ဗျို့"

ဒေါ်အေးကြည်တို့ဆိုင်ရှိ အာလူးနှင့် ကြက်သွန်များ၊ ငရုတ်သီးများ၊ ကြက်သွန်ဖြူများ ရောင်းကောင်းနေသည်။

ညနေပိုင်းသို့ ရောက်သောအခါ အဆိုပါ အရောင်းရသော ကုန်ပစ္စည်းများမှာ ပြောင်တလင်းခါသွားသည်။ ရောင်းစရာပင် မကျန်တော့။ ထိုစဉ် ဆရာမ မတင်ဝင်း ဖတ်သီ ဖတ်သီနှင့် ရောက်လာသည်။ ရောက်ရောက်ချင်း အေးကြည်မကို လှမ်းကြည့်ရာ ဘာမဆိုင် ညာမဆိုင် အရောင်းစာရေးမ မိချောက. . .

" အစ်မရေ. . အာလူးပုပ် ကြက်သွန်ပုပ်တွေ ရောင်းလို့ကုန်ပြီ။ အစ်မ ဂါထာက သိပ်စွမ်းတာပဲ"

ဟု လှမ်းပြောလိုက်ရာ အေးကြည်မက ထပြီး

www.burmeseclassic.com



" ဟဲ့. . မိချော နင့်ပါးတော့ ပုပ်အောင် ငါဆော်လိုက်ရမလား"

ဟု လှမ်းငေါက်လိုက်သည်။

ဆရာမ မတင်ဝင်းသည် ပြုံးစေ့စေ့မျက်နှာနှင့် ဆိုင်ထိုင်အေးကြည်မကို လှမ်းကြည့်လိုက်သည်။

"အစ်မရယ် ကျွန်မက အစ်မပြောတဲ့အတိုင်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ရှင်သီဝလိဂါထာ ကို ရွတ်ကြည့်တာ ခုတော့ အားလုံးရောင်းလို့ကုန်ပြီ။ အစ်မကို သိပ်ကျေးဇူးတင်တာပဲ။ ဒီရှင်သီဝလိဂါထာကလည်း သိပ်စွမ်းတာပဲနော်။ ဒို့အပြင် ဒီဂါထာဟာ ဘာတွေစွမ်းသေး လဲဟင်"

" စွမ်းပါပြီကောလား အေးကြည်မရယ်။ ငါ့အဖေ ကုန်သည်ဘဝတုန်းက အဲဒီဂါထာနဲ့ ၃၇အုပ် ရေကိုမန်းပြီး ငါးပိ၊ ငါးခြောက်တွေကို လက်ပေးသတဲ့။ မကြာမီ ရောင်းကုန်သွား သတဲ့။ အိမ်တို့၊ ကားတို့ ရောင်းချင်ရင်တော့ ဒီဂါထာကို ရေးပြီး ကပ်ထားရတယ်။ ပြီးတော့ အဓိဋ္ဌာန် (၉) ရက်ဝင်ကာ နေ့စဉ် သစ်သီးဆွမ်းတွေကပ် ဂါထာကို မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ် ရတယ်။ အဲဒီအိမ်၊ အဲဒီကားဟာ မကြာမီ ရောင်းစွံရောတဲ့"

"အစ်မရယ် ကျွန်မဖြင့် ကျေးဇူးတင်လိုက်တာ နို့မို့ရင်အဲဒီရောင်းမကုန်တဲ့ ပစ္စည်းတွေ တန်ဖိုးကို ကျွန်မက အားလုံးစိုက်လျော်ရမှာ။ ကဲ . . . အစ်မကို ကျေးဇူးဆပ်မယ် ဘာစားမလဲ"

" ဟဲ့. . အေးကြည်မ ငါ့ကို ကျေးဇူးဆပ်ဖို့ မလိုဘူး။ ရှင်သီဝလိ ရဟန္တာကြီးကို ညည်း နံနက်တိုင်း သစ်သီးဆွမ်းမှန်မှန် ကပ်ပါ့မယ်လို့ ကတိပေးရင် ငါကျေနပ်ပြီအေ"

" ပေးပါတယ်. . . အစ်မရယ်" အေးကြည်မက ဝမ်းသာအားရ ကတိပေးလိုက်ပါသည်။

www.burmeseclassic.com



# ဘိုးပိယ

ဘိုးပိယသည် သူတော်စင်တစ်ဦး။ ကျွန်တော် ဘိုးပိယနှင့် စတင်သိကျွမ်းသော အချိန်တွင် အသက် (၈၀)ခန့်ရှိလေပြီ။

ဘိုးပိယကို ကျွန်တော့်သူငယ်ချင်း ဦးတင်ကြိုင် (စာဆိုကြိုင်) ယခင် မြန်မာ့အသံမှ အစာရှိတစ်ဦးဖြစ်ပြီး သူ၏ ခေါ်သွားမှုကြောင့် စတင်သိကျွမ်း ခွင့်ရခဲ့သည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ဘာ့ကြောင့် ဘိုးပီယခေါ်ရသနည်းဟု ကျွန်တော့်မိတ်ဆွေကို စူးစမ်းမေးမြန်းကြည့်ရာ ဘိုးပီယသည် ပီယသိဒ္ဓိအောင်မြင်ပြီးဖြစ်ကြောင်း၊ လူတို့၏ချစ်ခင်လေးစားမှုကိုခံရသော ပုဂ္ဂိုလ်ထူးဖြစ်၍ ဘိုးပီယဟုခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဘိုးပီယသည် မျက်စိမမြင်သော ပုဂ္ဂိုလ်တစ်ဦး မျက်မမြင်သူတော်စင်တစ်ဦးသာဖြစ်သည်။

သို့သော် ဘိုးပီယသည် မျက်စိမြင်သူတစ်ဦးကဲ့သို့ အရာရာကို မြင်နိုင်သည်။ မျက်စိမြင်သော လူများ မမြင်နိုင်၊ မသိနိုင်၊ မကြားနိုင်သည်များကို မြင်နိုင်၊ သိနိုင်၊ ကြားနိုင်လေသည်။

လွန်ခဲ့သော (၁၅)နှစ်ကျော်က တောင်ဥက္ကလာပမှ သူ့တပည့်တစ်ဦး အိမ်တွင် ဘိုးပီယရောက်နေကြောင်း ကျွန်တော့် မိတ်ဆွေက ပြောကြားပြီး ခေါ်ငင်သွားပါသည်။ ကျွန်တော့်ဇနီးနှင့် ကျွန်တော်တို့ လိုက်သွားပြီး ပူဇော်ကန်တော့ပါသည်။

ကျွန်တော့်ဇနီး၏ လက်ကို လှမ်းဆွဲလိုက်ပြီး-

'သမီးမှာ သားသမီးများလှတယ်။ ငါးယောက်ဆိုတော်ရောပေါ့'

ဘိုးပီယက ရောက်ရောက်ချင်း ဤသို့ ပြောကြားသည်။ မှန်ပါသည်၊ ထိုအချိန်က ကျွန်တော်တို့တွင် သားသမီးငါးယောက် ရှိနေပါသည်။

သို့သော် ကျွန်တော့်ဇနီးမှာ နောက်ထပ်ကလေးမွေးမည်ဆိုလျှင်လည်း မွေးနိုင်တုန်း အရွယ်ဖြစ်သည်။

' သမီး . . သားသမီးထပ်လိုချင်သေးလား'

' မလိုချင်တော့ဘူးအဘ'

' အိမ်း . . . ကောင်းပြီ၊ ကာယကံရှင်က ကလေးမလိုချင်ကြောင်းပြောနေတယ်။ နောက် မလာကြနဲ့တော့'

ဘိုးပီယသည် အထက်ပါအတိုင်း ပြောဆိုကာ ကျွန်တော့်ဇနီးသည်၏ လက်ဖဝါးအလယ်သို့ သူ့လက်မနှင့် ချေပေးလိုက်ပြီး ပြန်လွှတ်လိုက်သည်။

ထိုအချိန်ကစပြီး နှစ်နှစ်တစ်ယောက် ကလေးမှန်မှန်မွေးနိုင်သော ကျွန်တော့်ဇနီးမှာ ကလေးငါးယောက်နှင့်ရပ်ပြီး ကလေးလုံးဝမမွေးတော့ပါ။ ဤသည်မှာ ဘိုးပီယ၏ ကျေးဇူးပင်။

www.burmeseclassic.com



နောက် ဘိုးဝီယသည် ကျွန်တော့်လက်ကောက်ဝတ်ကို လှမ်းကိုင်လိုက်သည်။ ကျွန်တော့် လက်ကောက်ဝတ်မှ လက်ပတ်နာရီကို အုပ်ကိုင်မိလျက်သားဖြစ်နေသည်။

'အင်း. . . ဒီနာရီက မင်းနာရီမှ မဟုတ်တဲ'

ဘိုးဝီယက ဤသို့မိန့်ကြားသည်။ ဘိုးဝီယသည် ဤသို့ပြောကြားပြီး တခြားစကားသို့ လမ်းလွှဲသွားသည်။ ဘိုးဝီယပြောသကဲ့သို့ ထိုလက်ပတ်နာရီမှာ ကျွန်တော်ဝယ်ထားသော နာရီမဟုတ်၊ သူငယ်ချင်းတစ်ယောက်က အလကားပေး၍ ပတ်ထားခြင်းဖြစ်သည်။ ထိုသည်ကို ဘိုးဝီယ သိဟန်တူသည်။ သို့သော် မပြောသင့်သောစကားများဖြစ်၍ မပြောခြင်းဖြစ်သည်။

ထို့ကြောင့် ဘိုးဝီယသည် မျက်စိမမြင်သော်လည်း ကျွန်တော်တို့ မသိနိုင်သည်ကို သိသည်၊ ကျွန်တော်တို့ မမြင်နိုင်သည်ကို မြင်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်ထူးဖြစ်သည်။

ဒုတိယအကြိမ် ဘိုးဝီယဆီ ကျွန်တော် မိုးမလင်းမီ ရောက်သွားသည်။ ဘိုးဝီယသည် ကျွန်တော်လာမည်ကို သိသည့်အလား ကျွန်တော့်အတွက် ထမင်းကြော်နှင့် ရေနွေးကြမ်းကို သူ့တပည့်များအား ပြင်ခိုင်းထားသည်။

ပထမအကြိမ် ဘိုးဝီယဆီ သွားရောက်ခဲ့ခြင်းမှာ ဘိုးဝီယသည် သူတော်စင်တစ်ဦး ဟုတ်-မဟုတ် စုံစမ်းခြင်း၊ သွေးတိုးစမ်းခြင်း၊ မှတ်ကျောက်တင်ခြင်းဖြစ်ပါသည်။ ယခု ဒုတိယအကြိမ် ဘိုးဝီယဆီ ကျွန်တော်ရောက်လာခြင်းမှာ ဘိုးဝီယ၏ စရဏကို လေ့လာခြင်းဖြစ်သည်၊ (ဝါ) ဘိုးဝီယ၏ ကျင့်စဉ်ကို လေ့လာရန်ဖြစ်သည်။

ကျွန်တော် ဘိုးဝီယထံရောက်ရောက်ချင်း ကျွန်တော့်ကို ထမင်းကြော်နှင့် ဧည့်ခံသည်။ ဘိုးဝီယသည် ရေနွေးကြမ်းသောက်နေခိုက်-

'အဘ. . . ကျွန်တော် နေ့စဉ်ပုတီးစိပ်ချင်ပါတယ်။ ဘယ်ဂုဏ်တော်ကို ပုတီးစိပ်ရင် ကောင်းပါ့မလဲ'

'အရဟံဂုဏ်တော် တစ်ပါးတည်းကိုသာ ပုတီးစိပ်ပါ'

'အဘ. . အရဟံ ဂုဏ်တော်ကိုသာ ဘာကြောင့်ပုတီးစိပ်ခိုင်းရပါသလဲ။ တခြားဂုဏ်တော် တွေကိုကော ပုတီးမစိပ်ရဘူးလား'

www.burmeseclassic.com



‘ ဒီလိုရှိတယ်လေ မောင်ရင်။ မောင်ရင်က တကယ်ပုတီးစိပ်မယ့်လူ၊ အန္တရာယ်ကင်းရုံ၊ စီးပွားတက်ရုံ၊ ကုသိုလ်ရရုံ ပုတီးစိပ်မယ့်လူမဟုတ်ဘူး။ ဒါကြောင့် ဂုဏ်တော်ကိုးပါးစလုံးကို ရောထွေးပြီး ပုတီးမစိပ်ခိုင်းတာပါ’

‘ အဘ . . ဒီလိုဆိုရင် ဘာကြောင့် အရဟံဂုဏ်တော်တစ်ပါးတည်းကိုသာ ပုတီးစိပ်ရပါသလဲခင်ဗျာ’

ကျွန်တော်သည် ဘိုးပီယကို မေးခွန်းများ ထပ်တလဲလဲမေးနေမိသည်။ အမှန်မှာ ဘိုးပီယကို ထိုမေးခွန်းများဖြင့် ချည်နှောင်ခြင်းဖြစ်သည်။ဘိုးပီယ မဖြေနိုင်ရန်ဖြစ်သည်။ သို့သော် ဘိုးပီယက ကျွန်တော့်အမေးများကို အသာကလေးဖြေသွားသည်။

‘ ကိုရင်ရေ . . . တကယ်ပုတီးစိပ်မယ့်သူတွေ၊ အထက်ပါရမီစခန်းကို တက်လှမ်းမယ့်လူတွေ၊ သမာဓိအားကို မွေးမြူချင်တဲ့ ပုဂ္ဂိုလ်တွေဟာ ဂုဏ်တော်တစ်ပါးတည်းကိုသာစတင်ပွားများရတယ်။ ဘာကြောင့် ဂုဏ်တော်တစ်ပါးတည်းကို ပွားများရသလဲဆိုရင် သမာဓိရလွယ်အောင်ပါ။ ဂုဏ်တော်တစ်ပါးရဲ့ အနက်ကိုထင်ပြီး ထပ်တလဲလဲ ဂုဏ်တော်ကိုပွားများခြင်းဟာ သမာဓိကို ရလွယ်စေတယ်။ အဲဒီလို သမာဓိရမှ အထက်ပါရမီ စခန်းကို တက်လှမ်းနိုင်မယ်။ အဘပြောတာ သဘောပေါက်ရဲ့လား’

‘ ဟုတ်ကဲ့ပါ အဘ’

‘ သစ်ပင်ကို လွှသွားနဲ့ တိုက်ဖြတ်တဲ့နေရာမှာ လွှကြောင်းတစ်ကြောင်းတည်းနဲ့တိုက်ဖြတ်မှ အဲဒီသစ်ပင်ဟာ လဲမယ်။ ဟိုမှာ လွှတစ်ကြောင်း၊ ဒီမှာ လွှတစ်ကြောင်း ခဏ ခဏ ပြောင်းပြီး လွှတိုက်နေရင် သစ်ပင်ဟာ ဘယ်ပြတ်နိုင်ပါမလဲ။ အဲဒီလိုပဲ ထူးခြားတဲ့သမာဓိရအောင် ပုတီးစိပ်မယ်ဆိုရင် ဂုဏ်တော်တစ်ပါးတည်းကိုသာ ထပ်တလဲလဲ ပွားရတယ်။ ဒီနည်းဟာ ရှေးသူတော်စင်တွေရဲ့ နည်းပဲ’

ဘိုးပီယသည် ကျွန်တော့်ကို မျက်နှာမူလျက် ပြောဆိုနေပြီး ရေနွေးကြမ်းတစ်ပန်းကန်ကို ကောက်ယူသောက်နေသည်။

‘ အဘကော ဘယ်ဂုဏ်တော်ကို ပုတီးစိပ်ပါသလဲ’



BURMESE CLASSIC .com

www.burmeseclassic.com



'အရဟံဂုဏ်တော်ပါ။ ပုတီးစိပ်ခါစကတော့ ပုတီးကိုကိုင်ပြီး စိပ်ပါတယ်။ နောက် သမာဓိတရားရလာတော့ ပုတီးကိုင်ဖို့ မလိုတော့ပါဘူး။ သွားရင်း လာရင်း၊ စားရင်းသောက်ရင်း၊ အိပ်ခြင်း၊ လျောင်းခြင်းတို့မှာ အရဟံ ဂုဏ်တော်ကို အမြဲနှလုံးသွင်းပြီး နှလုံးထဲမှာ ပုတီးစိပ်ခဲ့ပါတယ်'

'အခု အဘ ပုတီးမကိုင်တော့ဘူးပေါ့'

'အဘ ပုတီးမကိုင်တာ ကြာပြီကောကွယ်'

အဘ ဘိုးပီယသည် မျက်စိမမြင်သော်လည်း ကျွန်တော့်နှလုံးသားကို ထိုးဖောက်၍ မြင်နေသလို ထင်မိသည်။ ကျွန်တော်မေးသည့် မေးခွန်းများကို ကြိုတင်၍ သိနေသည်။ အံ့ဖွယ်ကောင်းသော မျက်မမြင်သူတော်စင်ကြီး။

'အရဟံဂုဏ်တော်ကို ပုတီးစိပ်ရာမှာ ဘယ်လိုနှလုံးသွင်းရပါမလဲ'

'သာမန်လူတွေ ပုတီးစိပ်သလို ပေါ့ပေါ့တန်တန်မဟုတ်ဘဲ အလေးအနက်ထားပြီး ဘုရားဂုဏ်တော်အနက်ကို ကြည်ညိုစိတ်ထားရမယ်။ ကိလေသာအပေါင်းမှ ဝေးကွာတော်မူသော၊ ကိလေသာအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူသော မြတ်စွာဘုရားကြီးကို အလေးအနက် ကြည်ညိုစိတ်ထားရမယ်။ အဲဒီလို မိမိစိတ်ကို ထပ်တလဲလဲနှိုးဆွ၊ လှုံ့ဆော် နှလုံးသွင်းနိုင်မှ သမာဓိတရား ရ လွယ်မယ်။ သမာဓိအားကြီးရလာမှ ပညာစခန်းဆီသို့ တက်လှမ်းနိုင်မယ်'

အဘဘိုးပီယ ကျွန်တော့်ကို ပြောကြားချက်များသည် အလွန်ပင်လေးနက်မှန်ကန်လှပါသည်။ မှတ်သားဖွယ်ရာကောင်းလှပါသည်။ သူ့ကျင့်စဉ်များကို မကွယ်မဝှက်ပြောကြားနေခြင်း ဖြစ်သည်။ ဘိုးပီယကို အလေးအနက် ကြည်ညိုလာသည်။ ယခင်က ကျွန်တော့်စိတ်နှင့် ပစ်မှားခဲ့သော မထီမဲ့မြင်ပြုမူများကို ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်လိုက်မိသည်။

'အေးကွယ်. . . ကိုယ့်အမှားကို ကိုယ်သိပြီ ပြုပြင်နိုင်သူဟာ သူတော်ကောင်းကွဲ့'

'အဘ. . . အရဟံဂုဏ်တော်ဟိတ် ကြီးမားကြောင်းကို ဘယ်လိုသိနိုင်ပါသလဲ'

ဘိုးပီယသည် ကျွန်တော့်အမေးကို ပြန်မဖြေဘဲ ခေတ္တငြိမ်၍ နေပြီးမှ နှုတ်ခံတွင်းက -



BURMESE CLASSIC .com

www.burmeseclassic.com



'အရဟံ. . အရဟံ. . အရဟံ'

ဟု ရွတ်ဆိုလိုက်သည်။ ဘိုးပီယ ရွတ်ဆိုလိုက်သံကြောင့် ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထပြီး ကျွန်တော့်နှလုံးကို တလှပ်လှပ် ခုန်သွားစေသည်။

ဤသို့ 'အရဟံ' ရွတ်သံမျိုးကို ကျွန်တော် တစ်ကြိမ်တစ်ခါမှ မကြားဖူး။ ကျွန်တောခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးမွေးညင်းများ ထောင်၍ထသွားအောင် ရွတ်နိုင်သူကိုလည်း မတွေ့ဖူး။ ဤသို့ အာဇာစက်ကြီးမားသူကိုလည်း မတွေ့ဖူးခဲ့။

'ကိုရင်က အရဟံဂုဏ်တော်ဟိတ် ကြီးမားကြောင်း သိချင်တယ်ဆိုလို့ အဘရွတ်ပြ လိုက်တာကွဲ့'

ကျွန်တော်သည် ဘိုးပီယဆီလာစဉ်က မျက်မမြင် အဘိုးကြီးအား လှုပ်၍ မရအောင် မေးမည်၊ ဂုဏ်တော်တွေအကြောင်း ငါသာသိသည်၊ ငါသာတတ် သည်ဟူသော မာန်မာနတစ်ခွဲသားဖြင့် သွားရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဘိုးပီယသည် ကျွန်တော့မာန်မာနတွေကို ပစ်ပစ်ခါခါ ချိုးဖွဲ့ခြင်းမပြုဘဲ အလုပ် တရား၊ သဘာဝတရား၊ အမှန်တရားဖြင့် ပြသခဲ့ပါသည်။

အံ့ဖွယ်သူတော်စင်ကြီး။

တစ်နေ့တွင် အဘဘိုးပီယသည် ရန်ကုန်တိုင်း၊ မှော်ဘီကျေးလက်မှ တပည့်ရှာသား တစ်ဦးက အတန်တန်ဖိတ်ကြား၍ တပည့်နှစ်ဦးနှင့် သွားရောက် ခဲ့သည်။ ဘိုးပီယရောက်သွားသောရွာမှာ အလွန်ခေါင်၍ ချောင်ကျသည်။

ဘိုးပီယသည် ထိုရွာတွင် တစ်ညတည်း၍ ဆင်းရဲလှသော ရွာသူရွာသား များကို စားစရာသောက်စရာများ၊ ဝတ်စရာများကို လှူဒါန်းသည်။ သက်ကြီး ရွယ်အိုများကိုလည်း ငွေကြေးများ လှူဒါန်းခဲ့သည်။ ထိုကြောင့် အနီးအနား ရွာများက ဘိုးပီယတို့အဖွဲ့ကို အထင်ကြီးသည်။

ဘိုးပီယတို့ကို အပြန်တွင် လှည်းနှင့်လိုက်ပို့ပါသည်။ တောလမ်းတွင် လှည်းနောက်မှ လူ (၂၀)ခန့် တုတ်၊ ဓား၊ လှံများကို ကိုင်ကာ ပြေးလိုက်လာ ကြသည်။ ထိုအကြောင်းကို ဘိုးပီယအား သူ့တပည့်များက ပြောကြားရာ-

'ဝေးပါသေးတယ်ကွာ'



BURMESE CLASSIC .com

www.burmeseclassic.com



' အဘ. . . နီးလာပြီ၊ လုပ်ပါဦး'

'ဝေးပါသေးတယ်ကွာ'

ဘိုးပီယက ဤသို့ချည်းပြောနေရာ လှည်းပေါ်ပါ တပည့်နှင့် ရွာသားများမှာ ကြောက်ဒူးတုန်နေပါသည်။ နောက်မှ တုတ်၊ ဓားကိုင် လုယက်မည့်သူများက-

' ဟေ့. . ရှေ့ကလှည်း၊ မသေချင်ရင် ရပ်ပေး. . . ရပ်ပေး' ဟု လှမ်းအော်နေသည်။

' အဘ. . သားတို့ကို ကယ်ပါဦး'

နောက်မှ လိုက်လာသောသူများ လှည်းအနီးသို့ရောက်လာသောအခါ အဘဘိုးပီယသည် ထူးခြားသောအသံဖြင့်-

' အရဟံ. . အရဟံ. . အရဟံ'

ဟု ငေါက်၍ ရွတ်ဆိုလိုက်သည်။ လှည်းနောက်သို့ လုရန်လိုက်လာသော တုတ်၊ ဓားကိုင် လူတစ်စုမှာ အဘဘိုးပီယ၏ အရဟံဂုဏ်တော်သံကြောင့် နောက်ကြောင်းပြန်လှည့်ကာ ပြေးကြပါသည်။

ဤမျှအထိ အရဟံဂုဏ်တော်သည် တန်ခိုးထက်မြက်လှသည်။

ဤသို့ တန်ခိုးကြီးမားလှသော အရဟံဂုဏ်တော်ကို အဘဘိုးပီယသည် အနှစ်နှစ်အလလ ပုတီးစိပ်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပြုခဲ့သည်။

အမှန်စင်စစ် အရဟံဂုဏ်တော်သည် အနုကိုလည်း အံ့မခန်းအောင် စွမ်းနိုင်သလို အကြမ်းကိုလည်း အံ့မခန်းအောင်မြင်နိုင်နင်းလှပါသည်။

'အရဟံ' ဂုဏ်တော်တစ်ပါးတည်းဖြင့် ကြံသမျှဆန္ဒများ ပြည့်ဝကြပါစေ။


(ဤဆောင်းပါးဖြင့် အရှေ့ရန်ကင်းမှ အစ်ကိုဦးတင်ကြိုင်နှင့် အစ်မဒေါ်မြင့်မြင့်ဦးသို့ အမှတ်တရ)



BURMESE CLASSIC .com

www.burmeseclassic.com

# စပါးကြီးသည်းခြေ သို့မဟုတ် ဝဋ်ကြွေးတုံ့တင်



ကျွန်တော့်နာမည်က မောင်မျိုး။ ကျွန်တော်နေတော့ သာကေတမှာပါ။ ကျွန်တော့်မှာ သားသမီးက သုံးယောက်ရှိပါသည်။ သားအကြီးက အိမ်ထောင်ကျသွားပြီး သမီးလတ်က ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေပါတယ်။ သားငယ်လေးက ကျောင်းနေတုန်းပါ။ ကျွန်တော်ဟာ ရန်ကုန်မြို့တော်ကြီးရဲ့ ရုံးတစ်ရုံးမှာ အလုပ်လုပ်နေတဲ့ ရုံးအုပ်ကြီးအဆင့်ပါ။ ကျွန်တော့် အထက်မှာက ဒု-ညွှန်မှူး

www.burmeseclassic.com



ဟာကျွန်တော့်ဆရာ၊ သူဘာစေခိုင်းခိုင်း ကျွန်တော်က တစ်သဝေမတိမ်း လုပ်တတ်ပါတယ်။ ဆရာ့အရိပ်အကဲကြည့်ပြီး ဆရာ့အလိုဆန္ဒတွေကို ကျွန်တော် ဖြည့်ဆည်းခဲ့ပါတယ်။ တပည့် ကောင်းတစ်ယောက်အဖြစ်ကျွန်တော်နေခဲ့တဲ့ သူပါ။

ဆရာ့ဂုဏ်ကျေးဇူးကြောင့်လားတော့ မပြောတတ်ဘူး၊ ကျွန်တော့်အိမ်ဟာ ပျဉ်ထောင်အိမ်က တိုက်အိမ်ဖြစ်လာတယ်၊ နောက်ဆုံးပေါ် ကားတစ်စီးလည်း ရှိပါတယ်။ သားကြီးစီးဖို့ မော်တော်ဆိုင်ကယ်လည်း တစ်စီးရှိပါတယ်။ ကျွန်တော့်ဇနီး ဆင့်ဆင့်မှာ ရွှေကသုံးဆယ်သား လောက်အသားတင်ရှိတယ်။ ကျွန်တော့်ခါးမှာ ဘယ်သွားသွား ဆယ်လူလာခေါ်တဲ့ဖုန်းတစ်လုံးကို အမြဲပဲ ချိတ်လို့။ ကျွန်တော်တို့ မိသားစု ပျော်လိုက်တဲ့ဖြစ်ခြင်း။

တစ်နေ့ကံကြမ္မာဆိုး ဝင်လာပါတယ်။ ကျွန်တော့်ဆရာရဲ့ဇနီး လေငန်းဖြစ်တယ်။ အထူးကုဆေးခန်းကြီးမှာ တက်ရောက်ကုသတာ နည်းနည်းတော့ သက်သာပါတယ်။ ဆရာကတော်ကြီးဟာ စကားမပြောနိုင်ဘူး၊ အကြောအခြင် တွေကလည်း သိပ်လှုပ်ရှားလို့မရဘူး။ ဒါကြောင့် အဲဒီ အထူးကုဆေးခန်းကြီးမှာပဲ အကြောပြင် မြန်မာဆရာတစ်ယောက်ခေါ်ပြီး နေ့စဉ် အကြောပြင်ခဲ့ပါတယ်။ အနည်းငယ်သာ သက်သာပြီး ဆရာကတော်ကြီးဟာ စကားမပြောနိုင် သေးပါဘူး။ ကျွန်တော့ဆရာဟာ သူ့ဇနီးကို ငွေအား လူအားနဲ့ ကုပေမယ့် ခုအထိ စကား ပီပီသသ မပြောနိုင်ရှာဘူး။

အဲဒီအခါ. . . မြန်မာအကြောပြင်ဆရာက ကျွန်တော့်ဆရာကို စပါးကြီး သည်းခြေစစ်စစ်ကို အရှာခိုင်းပါတော့တယ်။ ကျွန်တော့်ဆရာဟာ ငွေရှိတယ်။ အာဏာရှိတယ်၊ ဒါပေမယ့် စပါးကြီးသည်းခြေစစ်စစ်ကို ရဖို့ဆိုတာကတော့ မလွယ်ဘူးဗျ။

တစ်နေ့ ကျွန်တော့်ကိုခေါ်ပြီး စပါးအုံးမြွေသည်းခြေစစ်စစ် ရအောင်ရှာဖို့ တာဝန်ပေးပါတယ်။ စပါးကြီးနဲ့တူတဲ့ စပါးအုံးတို့နဲ့ တခြားမြွေသည်းခြေကိုပြ ပြီးတော့ စပါးကြီးသည်းခြေဆိုပြီးတော့ သောင်းဂဏန်းအထက် ငွေကြေးနဲ့ လိမ်ညာရောင်းတတ်ကြပါတယ်။


BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီ စပါးကြီးသည်းခြေရခဲ့ရင် လေငန်းဖြတ်ပြီး စကားမပြောဆိုနိုင်တဲ့ ဆရာကတော်ကြီးရဲ့လျှာကို လျှာပွတ်ဆေးအနေနဲ့ပွတ်ပြီး အကြောပြင်ပေးမယ်လို့ ပြောပါတယ်။ အဲဒီလို. . . နေ့စဉ် စပါးကြီးသည်းခြေနဲ့ လျှာကို ပွတ်ပြီး အကြောပြင်သွားရင် လေဖြတ်ပြီး စကားမပြောနိုင်သူဟာ စကားပြောလာနိုင်ပါတယ်။

ကျွန်တော့်ဆရာအတွက် ကျွန်တော်ဟာ စပါးကြီးသည်းခြေရှာပုံတော်ထွက်ခဲ့ရပါတယ်။ လှည်းကူးကို ကျွန်တော်ရောက်သွားပါတယ်။ ကျေးလက်တောရွာတွေနဲ့ အဆက်အသွယ်ရှိတဲ့ ကျွန်တော့်မိတ်ဆွေတစ်ဦးကို စပါးကြီးမြွေတစ်ကောင် အရှင်ဖမ်းပေးဖို့ တာဝန်ပေးပါတယ်။ ကျွန်တော့်မိတ်ဆွေကလည်း တောမှာရှိတဲ့မုဆိုးတွေကို ချက်ချင်းပဲ မှာပေးပါ့မယ်လို့ ကတိပေးပါတယ်။

မကြာလှပါဘူးခင်ဗျာ တစ်ပတ်အတွင်းမှာပဲ တောကမုဆိုးနှစ်ယောက် ခြင်းတောင်းတစ်ခုကိုထမ်းပြီး ကျွန်တော့်အိမ်ရောက်လာတယ်။ အဲဒီ ခြင်းတောင်းကြီးထဲမှာ လက်မောင်းလုံးခန့်ရှိတဲ့ စပါးကြီးမြွေကြီးတစ်ကောင် ပါလာတယ်။ ဒါကြောင့် ကျွန်တော်က သူတို့ကို ကျွေးမွေးဧည့်ခံပြီး ငွေငါးထောင် ပေးလိုက်ပါတယ်။ သူတို့ဟာ ကျွန်တော်ရဲ့ ပေးကျွေးမှုကို ကျေနပ်ပါတယ်။ စပါးကြီးမြွေနဲ့ပတ်သက်ပြီး မုဆိုးဦးကြီးနှစ်ယောက်တင်ပြချက်ကို ကျွန်တော် တင်ပြလိုပါ သေးတယ်။

စပါးကြီးမြွေဟာ အဆိပ်ရှိတဲ့ မြွေမဟုတ်ဘူးဗျ။ စပါးကြီးမြွေဟာ သူ့ထက်ကြီးတဲ့ ချေတို့ သမင်တို့ကို မျိုနိုင်ပါတယ်။ အဲဒီလို စပါးကြီးမြွေဟာ သားကောင်ကို မျိုပြီးတဲ့နောက် သူ့ဝမ်းတွင်းမှာရှိတဲ့ အရည်က ကြေညက်အောင် ချက်စွမ်းနိုင်ပါတယ်။ စပါးကြီးမြွေတွေဟာ သားကောင်ကို မျိုပြီးတဲ့နောက် အစာမစားဘဲ တစ်နှစ်ကျော်အထိ ခွေအိပ်ပြီးနေကြပါတယ်။

စပါးကြီးမြွေရဲ့ ကိုယ်ခန္ဓာဟာ အဝါ၊ အညို၊ အနက် ဆိုတဲ့ အရောင်သုံး ရောင်ခြယ်ထားပါတယ်။ စပါးကြီးမြွေများဟာ ရွှံ့နွံထပ်တဲ့ ရေတိမ်တွေမှာ ကျက်စားလေ့ရှိတယ်။ အအေးဓာတ်ကြိုက်တဲ့ သတ္တဝါပေါ့ဗျာ။ အဲဒီလို အအေးဓာတ်ကြိုက်တဲ့ စပါးကြီးသည်းခြေဟာ လူတွေမှာရှိတဲ့ အပူနာတွေကို ပျောက်ကင်းစေတယ်။

www.burmeseclassic.com



စပါးကြီးမြွေအမျိုးအစားမှာ စပါးအုံးမြွေလည်းပါတယ်၊ မသိသူများကတော့ စပါးအုံးမြွေကို စပါးကြီးမြွေလို့ထင်မှတ်ပြီး စပါးအုံးသည်းခြေကို ယူကြတယ်၊ စပါးအုံးမြွေဟာ ကုန်းပေါ်၌သာ ကျက်စားတယ်၊ ပြီးတော့ စပါးကြီးမြွေဟာ အမြီးသွယ်ပြီး အကွက်ဆက်နေတယ်။ စပါးအုံးမြွေကတော့ အမြီးတိုပါတယ်၊ ဟုတ်ပါတယ်၊ တချို့က စပါးအုံးသည်းခြေကို စပါးကြီး သည်းခြေလို့ဆိုပြီးလိမ် ရောင်းကြပါတယ်။ စပါးအုံးသည်းခြေဟာ စပါးကြီးသည်းခြေလို မစွမ်းဘူးဗျ။

စပါးကြီးမြွေမတစ်ကောင်ဟာ ဥအလုံး တစ်ရာနီးပါးမျှ ဥတတ်တယ်၊ စပါးကြီးမြွေမကြီးဟာ ဥမှအကောင်လေးများ ပေါက်ဖွားသည့်တိုင်အောင် ဘယ်အရပ်မှမသွားဘဲ သူ့ဥတွေကို စောင့်ရှောက်နေသတဲ့။ အစာလည်း လုံးဝ မစားရှာဘူး၊ အစာသွားရှာနေရင် သူ့ရင်သွေး ဥတွေကို အန္တရာယ်တွေ ကျရောက်မှာ စိုးလို့တဲ့ခင်ဗျ။ ကြီးမားတဲ့မိခင် မေတ္တာပါပဲ။

စပါးကြီးတစ်ကောင်ရဲ့ သက်တမ်းဟာ (၂၃)နှစ်ကျော် ရှည်ပါတယ်။ စပါးကြီးတစ်ကောင်လုံးမှာ သည်းခြေဟာ တန်ဖိုးရှိလှပါတယ်။ တိုင်းရင်းမြန်မာ့ဆေးတွေမှာ တော်ဝင်ဆေးအဖြစ် အသုံးပြုကြပါတယ်။ တန်ဖိုးထားကြပါတယ်။ ဈေးကြီးပေးပြီး ဝယ်ရပါတယ်။

စပါးကြီးမြွေများမှာ ညှို့ဓာတ်ရှိပါတယ်။ အစာရှာဖွေတဲ့အခါမှာ ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်ငယ်များကို သူတို့ရဲ့ ညှို့ဓာတ်နှင့် ညှို့ယူပြီးမှ တိရစ္ဆာန်ကိုဖမ်းယူတယ်။ စပါးကြီးမြွေဟာ သူ့ခန္ဓာကိုယ်နဲ့ ရစ်ပတ်တယ်။ အဲဒီလို ရစ်ပတ်ပြီး ဖျစ်ညှစ်ကာ တိရစ္ဆာန်ကောင်ရဲ့ ကိုယ်ခန္ဓာကို ဆွဲဆန့်လိုက်ပါတယ်။ အဲဒီလို ဖျစ်ညှစ်လိုက်လို့ အရိုးတွေကျိုးသွားတဲ့ တိရစ္ဆာန်ကောင်ကို တစ်ဖန်ဆွဲဆန့်လိုက်တော့ ရှည်ထွက်လာတယ်။ အဲဒီအခါကျမှ စတင် မျိုပါတော့တယ်။

စပါးကြီးမြွေဟာ ညှို့ပြီးတော့မှ ဖမ်းလေ့ရှိတယ်၊ စပါးကြီးမြွေရဲ့ ညှို့ကြိုးဟာ ချက်ပေါက်ဆီကထွက်ကျလာပြီး တိရစ္ဆာန်ရဲ့ခြေရာကို ကုပ်ထားပါတယ်။ အဲဒီအခါမှာ တိရစ္ဆာန်ဟာ ဘယ်မှထွက်မပြေးနိုင်တော့ဘဲ စပါးကြီး



BURMESE CLASSIC .com

www.burmeseclassic.com



မြွေရဲ့ သည်းခြေအိတ်ကို ကြည့်လိုက်ရင် ညှို့ကြိုးပါတယ်။ အဲဒီ ညှို့ကြိုးထိပ်မှာ သတ္တဝါတွေရဲ့ခြေရာကိုကုပ်တဲ့ ငှက်ခြေထောက်က ခြေချောင်းလေးတွေလို အကောင်ငယ်တွေကို တွေ့ရပါမယ်။ အဲဒီ စပါးကြီးသည်းခြေရဲ့ ညှို့ကြိုး ချောင်းလေးတွေဟာ ဘယ်တော့မှ ဆန့်လို့မရပါဘူး။ ဆွဲပြီးဆန့်လိုက်ရင် ခဏ သာ ဆန့်သွားပြီး လက်ကပြန်လွှတ်လိုက်ရင် ပြန်ကွေးသွားတယ်။

စပါးကြီးမြွေရဲ့သည်းခြေဟာ သူ့ခန္ဓာကိုယ်ထဲမှာ အတည်အမြဲ မနေပါဘူး၊ အမြဲပဲ ရွှေ့လျားနေတယ်။ မွန်းလွဲပြီး နောက်ဆိုရင်တော့ ချက်ကနေပြီး အမြီးဖျားအထိနေတယ်။

အဖိုးတန် စပါးကြီးသည်းခြေကို ရှာဖွေရာမှာလည်း မလွယ်ကူဘူးခင်ဗျ၊ ဒါက . . . ကျွန်တော့်ကိုယ်တွေ့ပါပဲ။ စပါးကြီးမြွေရဲ့ ဝမ်းဗိုက်ကို လှန်ပြီး ဓားထက်ထက်နဲ့ ခွဲရတယ်။ အဲဒီလိုခွဲပြီးတဲ့ ဗိုက်နေရာကို ချက်ချင်းပဲ လက်ညှိုးလောက်ရှိတဲ့ တုတ်တစ်ချောင်းနဲ့ ဟိုဘက် ဒီဘက်ကို ထောက်ထားရတယ်၊ အဲဒီလို ထောက်မထားရင် ပြန်စေ့သွားတတ်တယ်။ မတော်လို့ လက်ချောင်းများ ဝင်သွားရင် ကျိုးကြေသွားတတ်ပါတယ်။ စပါးကြီးမြွေဟာ သေနေသော်လည်း သူ့ဝမ်းတွင်းကြွက်သားများဟာ သန်မာဆဲ၊ စွမ်းပကားရှိဆဲပင် ဖြစ်ပါတယ်။

စပါးကြီးသည်းခြေကို ရှာဖွေရာမှာ အထက်ပိုင်းနှင့် အောက်ပိုင်း သို့သွားတဲ့ သွေးကြောကို စမ်းသပ်ရှာဖွေပြီး မတွေ့မချင်းသွေးများသွင်းကာ ရှာဖွေရပါတယ်။ သွေးကြောဆုံးမှ သည်းခြေကို တွေ့ရပါမယ်။

အဲဒီလို စပါးကြီးသည်းခြေရှာတာ ကျွန်တော့် မျက်မြင်ပါပဲ။ ကျွန်တော့် အကြောင်းကို ပြန်ဆက်ပြောပါဦးမယ်။ ကျွန်တော့်အိမ်မှာ တောင်းကြီးနဲ့ ထည့်ထားတဲ့ စပါးကြီးမြွေကြီးကိုသတ်ဖို့ လူရှာရပါတယ်။ ငွေငါးရာနဲ့စပါးကြီး အသား၊ အရေခွံပါပေးမယ့်အကြောင်းပြောလိုက်တော့ လူလတ်ပိုင်း နှစ်ယောက် ကျွန်တော့အိမ်ကို ရောက်လာပါတယ်။

အဲဒီအခါ ကျွန်တော့ဇနီးသည် ဆင့်ဆင့်က စပါးကြီးမြွေကြီးကို မသတ်ဖို့ အတန်တန် တားရှာပါတယ်။ လျော်ကားဘေးမဲ့ တောကိုသွားလွှတ်ဖို့ အတင်း

www.burmeseclassic.com



ပဲ တိုက်တွန်းနေရှာပါတယ်။ သို့သော် ကံကြမ္မာဆိုးက ဝင်လာချင်တော့ ကျွန်တော့် ဇနီးသည် ပြောစကားကိုလည်း နားမထောင်ဘဲ ကျွန်တော့် အိမ်အောက်ထပ်မှာပဲ စပါးကြီးမြွေကြီးကို သတ်လိုက်ပါတယ်။ ပြီးတော့ ဗိုက်ခွဲပြီး သည်းခြေကို ရှာရပါတယ်။

စပါးကြီးသည်းခြေစစ်စစ်ကို ကျွန်တော် ရလိုက်ပါပြီ။ ကျွန်တော့်အိမ်အောက်ထပ်တစ်ခုလုံး စပါးကြီးရဲ့ဝမ်းဗိုက်ကိုခွဲရာမှ ထွက်ပေါ်လာတဲ့ သွေးတွေကြောင့် ညှီနံ့ဟာ ဘယ်လိုပဲဆေးဆေး မပျောက်ပါဘူး၊ ကျွန်တော့်ဇနီးသည် မျက်နှာဟာညှိုးငယ်လို့နေတယ်။ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ကိုယ့်မျက်စိအောက်မှာပဲ စပါးကြီးမြွေကြီးကို သတ်၊ ဗိုက်ကိုခွဲပြီး သည်းခြေကို ရှာတာဆိုတော့ ဘယ့်နှယ်စိတ်ကောင်းမှာလဲဗျာ။

စပါးကြီးသည်းခြေ စစ်စစ်လိုချင်ရှာတဲ့ ဆရာ့လက်ထဲကို ကျွန်တော် ကိုယ်တိုင် စပါးကြီးမြွေကိုသတ်ပြီး စပါးကြီးသည်းခြေကို အခြောက်လှန်းကာ ပေးလိုက်ပါပြီ။

ကျွန်တော့်ဆရာကတော့ သူလိုချင်တဲ့ ပစ္စည်းရလို့ ပျော်လို့ရွှင်လို့ပေါ့။ ကျွန်တော်တို့ မိသားစုမှာတော့ မပျော်နိုင်ပါဘူး၊ သွေးစိမ်းရှင်ရှင်နဲ့ စပါးကြီးသည်းခြေရှာကြတာ ယခုအထိ ကျွန်တော့် မျက်စိထဲက မထွက်ဘူး။

ကျွန်တော် စပါးကြီးမြွေကြီးကို သတ်ပြီးတဲ့နောက် ကျွန်တော့်စီးပွားရေးဟာ တဖြည်းဖြည်း ကျလာပါတယ်။ အိမ်ရှိရွှေများကို ထုခွဲရောင်းချပြီးနောက် ရပ်မသွားပါဘူး၊ ကျွန်တော့်ကား၊ နောက် မော်တော်ဆိုင်ကယ်တစ်ခုပြီး တစ်ခုရောင်းချနေရပါတယ်။

မိသားစုစားဝတ်နေရေးဖူလုံဖို့ စားသောက်ဆိုင်လေးတစ်ဆိုင် ကျွန်တော် ဖွင့်လှစ်လိုက်ပါတယ်၊ အဖျော်ယမကာလည်းပါတယ်ပေါ့ဗျာ၊ ဆိုင်က ရောင်းကောင်းတော့မဆိုးပါဘူး၊ ဒါပေမယ့် လေးငါးလလောက်ကြာတော့ ကျွန်တော့် စားသောက်ဆိုင်ဟာ အလိုလို မီးထလောင်ပါတယ်။ မီးက ညသန်းခေါင်မှာ လောင်တာဆိုတော့ ဆိုင်တွင်းပစ္စည်းဘာတစ်ခုမှ မရလိုက်ပါဘူး၊ ဆိုင်ထိုင် ကျွန်တော့်တူဟာ ထောင်ကျသွားပါတယ်။ ကျွန်တော့်မှာရှိတဲ့ ပစ္စည်းတွေ အားလုံးကုန်ပါပြီ။



BURMESE CLASSIC .com

ကျွန်တော့် ကံကြမ္မာဟာ အဲဒီတွင် မရပ်ပါဘူး။ တစ်နေ့မြို့ထဲကို ပစ္စည်းတစ်ခုဝယ်ဖို့ထွက်လာစဉ် နေကလည်းပူလို့ အအေးတစ်ခွက်သောက်လိုက်ပါတယ်။ မိုက်ခနဲဖြစ်ပြီး ကျွန်တော်လဲကျသွားတယ်၊ သတိမရတော့ပါဘူး။ ပတ်ဝန်းကျင်က သူတော်ကောင်းတွေက လိပ်စာတွေ့ပြီး ကျွန်တော့်အိမ်ကို လိုက်ပို့ပေးပါတယ်။ ကျွန်တော့်အိမ်က ဆေးခန်းကိုပို့၊ ဆေးခန်းကတစ်ဆင့် ရန်ကုန်ဆေးရုံကြီးကို ရောက်လာပြီး ဦးနှောက်နှင့် အာရုံကြောဌာနကို ပို့လိုက်ပါတယ်။

ဆေးရုံရောက်တော့ ကျွန်တော့်ဦးနှောက် သွေးကြောပေါက်သွားလို့ ချက်ချင်းပဲ ခွဲစိတ်မှု ပြုရပါတယ်။

အဲဒီလိုနဲ့ ဆေးရုံပေါ်မှာ သုံးလလောက် ကြာခဲ့ပါတယ်။ ကျွန်တော့်မိသားစုမှာလည်း ဖြူကာဖြာကာကျပြီး အကြွေးသုံးသိန်းလောက်တင်သွားပါတယ်။ ကျွန်တော် ဆေးရုံက ပြန်ဆင်းလာတော့ ခြေတစ်ဖက်ဆွဲနေပါတယ်။ ကျွန်တော် စကားသံလည်း ကောင်းကောင်း မပီတော့ဘူး၊ အိမ်မှာ ကျွန်တော် တစ်လလောက်နားပြီး ဆေးကုပါတယ်၊ ခုတော့ ကျွန်တော် ရှုံးပြန်တက်နေပါပြီ။

တစ်ချိန်က ကျွန်တော်နဲ့သောက်ဖော်သောက်ဖက်တွေ၊ ကျွန်တော်က အကူအညီတွေပေးနေရတဲ့ လူတွေဟာ ကျွန်တော့်အနားတောင် မလာကြတော့ပါဘူး။ ကျွန်တော့်ကို ဝေးဝေးက ရှောင်ကြပါတယ်။ ကျွန်တော် လူတွေရဲ့အကြောင်း ကောင်းကောင်းသိပါပြီ။ အဲဒါကတော့ လူအများစုဟာ လူကိုပေါင်းကြခြင်းမဟုတ်။ ကျွန်တော့်ဆီမှာရှိတဲ့ ငွေကြေးကို ပေါင်းကြခြင်းပါ။ ကျွန်တော့်ဆီမှာ ငွေကြေးမရှိတော့ ရှောင်ခွာသွားကြပါပြီ။

ကျွန်တော့်ရင်ထဲမှာ စွဲစွဲမြဲမြဲ ရှိနေတာကတော့ တောတွင်းမှာနေတဲ့ စပါးကြီးမြွေကြီးကို မရမက ဖမ်းခိုင်းပြီး ကျွန်တော့်အိမ်မှာ ရင်ခွဲသတ်ခဲ့တယ်။ အဲဒီဝဋ်ကြွေးကို ကျွန်တော် လှလှကြီး ပြန်ပြီးခံစားနေရခြင်းပါပဲ။

- စားရမဲ့ သောက်ရမဲ့ ဖြစ်နေတဲ့ ကျွန်တော့်ဘဝ၊
- မစွမ်းမသန် ခြေတစ်ဖက်ဆွဲနေတဲ့ ကျွန်တော့်ဘဝ၊



BURMESE CLASSIC .com

www.burmeseclassic.com



- ငွေမရှိတော့တဲ့ ကျွန်တော့်ကို လူအများစုက စွန့်ခွာသွားကြတယ်၊ အဲဒီဒဏ်ကို သေတဲ့အထိ ကျွန်တော် ရင်ဆိုင်သွားရတော့မည်မှာ မလွဲပါ။
- သြော် စပါးကြီးသည်းခြေကြောင့် ဝဠ်ကြွေးတုံ့တင်ခဲ့ပါတကား။

(ချစ်မိတ်ဆွေတစ်ဦး၏ တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါကြောင်း။)

◆



BURMESE CLASSIC .com

www.burmeseclassic.com



လူ့ဘဝကား ထူးခြားဆန်းကြယ်လေစွ။ ကျွန်တော်သည် ယခင်က တပ်မတော်တွင် အမှုထမ်းခဲ့သူတစ်ယောက်ဖြစ်သည်။ တပ်မတော်မှ အငြိမ်းစားယူကာတစ်ဖန် ကြမ်းတမ်းသော ကျောက်တူးသမားအလုပ်ကို လုပ်ကိုင်ခဲ့သည်။ ကျောက်တူးသမားဆို၍ ကျွန်တော့်ကို သာမန် ကျောက်တုံး ကျောက်ခဲများတူးသူဟု မထင်မှတ်လိုက်ပါနှင့်။ ကျွန်တော်တူးသော ကျောက်မှာ သိန်းဂဏန်း အထက်ငွေကြေးရရှိနိုင်သော ကျောက်စိမ်းတုံးများဖြစ်သည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ဤသို့စိတ်ကူးလေးယဉ်မိရင်း ကျောက်တူးသမားဘဝရောက်လာသည်။ ကိုယ့်ဘဝကို ပြန်စဉ်းစားမိရင်း အံ့ဩနေမိသည်။

သို့သော် ယခု ကျွန်တော်တင်ပြမည်ဖြစ်သော ကျောက်စိမ်းတုံးကြီးအကြောင်းမှာ ထူးခြားဆန်းကြယ်လှသည်။ လျှို့ဝှက်နက်နဲမှုဖြင့် လူသားတို့ကို အမျိုးမျိုးပညာပြသွားသည်။

အချိန်မှာ- ၁၉၅၉ ခုနှစ်။ နယ်မြေမှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့လုံးခင်းတွင် ဖြစ်သည်။

ဤနယ်မြေများမှာ ကမ္ဘာတွင် နာမည်အကျော်ကြားဆုံးသော ကျောက်စိမ်းရတနာများ ထွက်ရှိသည်။ ကမ္ဘာပေါ်တွင် ကျောက်စိမ်းအကောင်းဆုံးသည် မြန်မာနိုင်ငံမှသာထွက်ရှိသည်။ မြန်မာ့ကျောက်စိမ်းသည် ကမ္ဘာ့ရတနာဈေးကွက်တွင် မျက်နှာပန်းပွင့်လှသည်။

ရှေးက. . . တရုတ်ကုန်သည်ကြီးများမှာ မြန်မာပြည်မြောက်ဖျားတရုတ်ပြည်မှထွက်သော ပိုးဖဲကတ္တီပါများကို သယ်ယူကာ လာရောက်ရောင်းချကြသည်။ ဤသို့ တရုတ်ကုန်သည်ကြီးများ မြန်မာပြည်သို့ စီးပွားရေးအတွက် လာကြရာဝယ် သဘာဝအန္တရာယ်ဆိုးအမျိုးမျိုး၊ ရောဂါဆိုးအဖုံဖုံနှင့် သူခိုးဓားပြ များဘေးအန္တရာယ်ကိုလည်း ကြောက်ကြရရှာသည်။

မြန်မာလူမျိုးတို့က ပိုးဖဲကတ္တီပါများကို တန်ဖိုးကြီးမြင့်စွာ ဝယ်သူသောကြောင့် အမြတ်အစွန်းမြိုးမြိုးမြက်မြက်ရှိလှသည်။ သို့သော်လည်း သွားလာရသည့်ခရီးမှာ အန္တရာယ်များသောကြောင့် တရုတ်ကုန်သည်များမှာ အသက်စွန့်ကာလာကြရရှာသည်။ တစ်နေ့တွင် တရုတ် ကုန်သည်ကြီးတစ်ဦးမှာ မြန်မာပြည်မှအပြန် လက်ဖက်ခြောက်များကိုအပြန်ကုန်အဖြစ် ဝယ်ယူသွားသည်။ ထမ်းပိုးဖြင့် လက်ဖက်ခြောက်များကို ထမ်းလာရာ တစ်ဖက်မှလေးနေပြီး အခြားတစ်ဖက်မှပေါ့နေရာ အလွယ်တကူပင် လမ်းဘေးမှတွေ့သောကျောက်တုံးတစ်တုံးကိုကောက်ယူပြီး ပေါ့နေသောခြင်းထဲသို့ အလေးချိန်ညီရန်ထည့်ယူခဲ့သည်။ ထိုတရုတ်ကုန်သည်ကြီးသည် တရုတ်ပြည်မကြီးသို့ရောက်သောအခါ ထိုကျောက်တုံးကို အမှတ်မထင်ထုခွဲလိုက်ရာ အရည်အသွေး ကောင်းမွန်

လှသော ကျောက်စိမ်းတုံးကြီးဖြစ်နေသည် ဟုဆိုသည်။ တရုတ်လူမျိုးတို့သည် ကျောက်စိမ်းကို အမြတ်တနိုးထားကြသူများဖြစ်သည်။ ထိုအချိန်မှစ၍ မြန်မာ့ကျောက်စိမ်းများ ကချင်ပြည်နယ်မှ ထွက်ရှိကြောင်း တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားကြောင်း သမိုင်းဆရာများက ညွှန်းဖွင့်ဆိုထားပါသည်။

ကျွန်တော်သည် လုံးခင်းနယ်ထဲမှ ကုဋ္ဌေမှော်၊ မာဆား၊ နမ်းမားရဲ၊ မလောင်ကြီး၊ မလောင်လေးနှင့် ဘော်လီကုန်းစသော ကျောက်စိမ်းထွက်သော ဒေသများကို ခြေချင်းထပ်မျှ လှည့်လည်ခဲ့သည်။ ထိုသို့ ကျွန်တော်လှည့်လည်ခဲ့ခြင်းမှာ ကျောက်ထွက်ကောင်းသော နယ်မြေဒေသများကို ရှာဖေခြင်းဖြစ်သည်။

သို့သော် ကျောက်မျက်ရတနာတို့ဟူသည် တူးသူ၏ကံကြမ္မာကိုလိုက်၍ ရရှိခြင်းဖြစ်သည်။ မိမိကံမထိုက်လျှင် ကျောက်စိမ်းထွက်သည့်အရပ်ဖြစ်သော်လည်း ဟုတ်တိပတ်တိ ကျောက်များမရရှိပါ။ အောက်ပါအဖြစ်အပျက်မှာ ကျွန်တော်နှင့် လုပ်ကွက်ခြင်းတူပါလျက် တူးသောကျင်းချင်းကပ်လျက်ရှိသော်လည်း သူက သိန်းကျော်တန်ကျောက်စိမ်းကြီးကိုရသည်။ ကျွန်တော့် ကျင်းမှ သာမန်ကျောက်ကလေးများသာရသည်။ သို့သော် . . .

ထိုကျောက်စိမ်းတုံးကြီး၏ကံကြမ္မာလှည့်စားချက်မှာ အံ့ဖွယ်ကောင်းလေစွ။ တွေ့ရှိသူမှာ ဦးခင်ရွှေနှင့်သူ့အဖွဲ့၊ ဦးခင်ရွှေမှာ တွင်းပိုင်ရှင်ဖြစ်ပြီး တွင်းတူးသမား (၄) ယောက်ရှိသည်။ ထို့အပြင် ရေစုပ်စက်မောင်းသော စက်ဆရာကတစ်ယောက်၊ စုစုပေါင်း ခြောက်ယောက်ရှိသည်။ ထိုစဉ်က တွင်းတူးသမားတစ်ယောက်ကို (ကျင်းတူးသမား)တစ်လလျှင် ဆန်ကတစ်တင်း၊ ငွေကနှစ်ဆယ့်ငါး ကျပ်ပေးရသည်။ ရေစုပ်စက်မောင်းသူကို ဆီနှင့် အင်ဂျင်ဝိုင်များ တွင်းပိုင်ရှင် ကပေးရသည်။

အကယ်၍ ကျောက်ကောင်းများကိုရရှိခဲ့ပါလျှင် ကျင်းပိုင်ရှင်က တစ်ပုံ၊ စက်သမားက တစ်ပုံ၊ ကျင်းတူးသမားလေးယောက်ကတစ်ပုံ၊ သုံးပုံပုံ၍ ခွဲယူကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယခု ဦးခင်ရွှေတို့လုပ်ကွက်ကျင်းထဲမှ ဇရာမကျောက်စိမ်းတုံးကြီးကို တူးဖော်ရရှိလာပါသည်။ ဦးခင်ရွှေတို့တူးနေသောကျင်းမှာ ကျွန်တော်နှင့် ကပ်လျက်ရှိသော ဂရမ်မြေမှ ထွက်ရှိလာခြင်းဖြစ်သည်။ ကျောက်စိမ်းတုံးကြီး၏ အလေးချိန်မှာ ပိဿာ ၆၀ ကျော်ရှိသည်။

ထိုကျောက်စိမ်းတုံးကြီး တွေ့ရှိချိန်မှာ ညနေသုံးနာရီကျော်ကျော်။ ကျွန်တော့်အားလှမ်းခေါ်သဖြင့် သူတို့ကျင်းရှိရာသို့ ကျွန်တော်ရောက်သွားသည်။

ကျင်းတူးသမားများမှာ ဝမ်းသာလွန်း၍ကခုန်နေကြသည်။ ထိုစဉ်က ကျွန်တော် မြက်ဦးထုပ်ကိုဆောင်းထားသည်။ ကျောက်စိမ်းတုံးကြီးအပေါ်မှ နေရောင်ခြည်ကိုဖမ်းကာ ဦးထုပ်ဖြင့်ကာ၍ ကြည့်လိုက်ရာ ထိုကျောက်စိမ်းတုံး၏ အခွံအမျိုးအစားမှာ 'မှုံထုခွံရှပ်' ခေါ်ပါမည်။ ထိုကျောက်စိမ်းတုံးကြီး၏ ကျောက်စွယ်လက်ငါးလုံးခန့်မှာ ကျောက်စိမ်းအရောင် 'လန့်ဆွေးလု' များ ဖြာဝင်နေသည်ကို ဝမ်းသာအားရဖွယ်တွေ့ရသည်။

ကျောက်စိမ်းတို့တွင် အရောင်သုံးမျိုးသာရှိသည်။ ထိုသည်မှာ (က) ဆွေးလုရည် (ခ) ပဲဆွေးလုရည် (ဂ) လန့်ဆွေးလုရည်ဟူ၍ ဖြစ်ကြသည်။ ထိုကျောက်စိမ်းရည်သုံးမျိုး သုံးစားကို ထပ်မံခွဲစိတ်ခေါ်ဝေါ်ကြရာ တစ်မျိုးလျှင် သုံးမျိုးစီအခေါ်အဝေါ်များ ဖြာဖွက်လာသည်။ ယခု ဦးခင်ရွှေတို့တွေ့သော ကျောက်စိမ်းတုံးကြီး၏အရည်မှာ လန့်ဆွေးလုရည်ဖြစ်၍ ဤကျောက်စိမ်းတုံးကြီးမှာ အကောင်းစား၊ ပထမတန်းစား ဖြစ်နေသည်။ ထို့ကြောင့် ကျင်းတူးသမားများကကြ၊ ခုန်ကြခြင်း ဖြစ်သည်။

ကျောက်စိမ်းမှာ ရေကျောက်နှင့် ကုန်းကျောက်ဟူ၍ နှစ်မျိုးနှစ်စား ရှိရာ ယခု ကျောက်စိမ်းတုံးကြီးမှာ ရေကျောက်ဖြစ်သည်။

ဦးခင်ရွှေနှင့်အဖွဲ့မှာ သူတို့ရရှိသော ကျောက်စိမ်းတုံးကို ရေဖြင့် အထပ်ထပ်သန့်စင်ကာ ရွှေရည်ငွေရည်များဖြင့် ပက်ဖျန်းသည်။ ညနေ နေဝင်ရီတရောတွင် ဦးခင်ရွှေနေအိမ်တဲတွင်းသို့ သွင်းကြသည်။ ဦးခင်ရွှေနေအိမ်မှာ အနည်းငယ်ညှိနေသည်။ အမှန်စင်စစ် ဤသို့ကြီးကျယ်သော ကျောက်ကို သူနှင့် ထိုက်တန်သောနေရာ (ဝါ) အိမ်တွင်သာထားသင့်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ထိုနေ့ညနေတွင် ဦးခင်ရွှေအိမ်၌ လူများစည်ကားနေသည်။ အနီးအနားတွင်းများမှ ဘဝတူကျောက်သမားများလာရောက် ကြည့်ရှုကြခြင်းဖြစ်သည်။ တစ်ချို့က မီးခွက်ကိုမြှောက်၍ ကျောက်စိမ်းတုံးကြီးကို လေ့လာကြည့်ရှုကြသလို၊ တစ်ချို့က လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လျက်ရှိသည်။ လာရောက်ကြည့်ရှုသူအားလုံးမှာ ကျွမ်းကျင်နားလည်သော ကျောက်စိမ်းသမားများ ဖြစ်သည်။ သူတို့၏နှုတ်မှ တစ်ပြိုင်တည်းထွက်လာသံမှာ ဤကျောက်တုံးကြီးသည် ကာလပေါ်ပေါက်ဈေး တစ်သိန်းအထက်တွင်ရှိသည်ဟု သတ်မှတ်ကြသည်။

ထိုကျောက်စိမ်းတုံးကြီးကို ဦးခင်ရွှေတို့အဖွဲ့က သူတို့မီးလှုံသော အိမ်ဦးခန်းတွင်ထားသည်။ညဉ့်နက်လာသောအခါ ကျောက်စိမ်းတုံးကြီးအပေါ်သို့ ဂုံနီအိတ်ခွံလွတ်များဖြင့် လွှမ်းခြုံပြီးအိပ်ကြသည်။

အမှန်စင်စစ် ဤသို့တန်ဖိုးကြီးမားသော ရတနာကြီးကို သန့်စင်သော အဝတ်အထည်၊ သို့မဟုတ် စောင်ဖြင့်သာ လွှမ်းထားသင့်သည်။

နောက်တစ်နေ့မနက်တွင် ဦးခင်ရွှေတို့ထံမှ ဆူညံသံများကို ကြားရသဖြင့် တပည့်တစ်ယောက်ကိုစေလွှတ်ပြီး ကြည့်ခိုင်းရာ ထိုသိန်းကျော်တန် ကျောက်စိမ်းတုံးကြီးပေါ်၌ ကြောင်တက်မွေးနေသတဲ့။

ကျွန်တော်သည် လောကီပညာနှင့်ဗေဒင်ပညာ မတောက်တခေါက် တတ်သူဖြစ်၍ ကျောက်နှင့်ကြောင်မှာ နှစ်ဂဏန်းကြီးချည်းဖြစ်၍ ကက်ကင်း ဓာတ်မိနေသည်။ ထို့ကြောင့် ကျောက်တုံးပေါ်ကြောင်တက်မွေးခြင်းမှာ ကက်ကင်းဓါတ်မိပြီး ဤကျောက်စိမ်းတုံးကြီးမှာ ပြဿနာတက်လာနိုင်သည်ဟု မှတ်ချက်ချမိသည်။ နောက်တစ်ပတ်ခန့်ကြာသောအခါ ဦးခင်ရွှေတို့ အဖွဲ့မှာ ပူညံပူညံဖြင့် ရန်ဖြစ်ပါတော့သည်။ ကျင်းတူးသမားများနှင့် ကျင်းပိုင်ရှင် ဦးခင်ရွှေ။ နောက်တစ်နေ့တွင်လည်း ဦးခင်ရွှေတို့တဲမှ ပူညံပူညံဖြင့် ဆူညံနေအောင် ရန်ဖြစ်ကြ ပြန်သည်။ ယနေ့ရန်ပွဲမှာ ဦးခင်ရွှေနှင့် စက်ဆရာ။

ရန်ဖြစ်ရခြင်းအကြောင်းမှာ ကျောက်စိမ်းတုံးကြီးကို မည်သူက မည်သည့်ဈေးပေးကြောင်း၊ ဦးခင်ရွှေတို့ အဖွဲ့မှာလည်း ငြင်းခုံရန်ဖြစ်လျက်ရှိရာ ၆ လတိုင်တိုင် ကြာမြင့်သွားခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ခြောက်လကျော်သောအခါ ထိုကျောက်စိမ်းကြီးကို ကန်စီစော်ဘွားကြီးနှင့် မှော်စော်ဘွားကြီးတို့က ပွဲစားလုပ်ကာ ယောနယ်မှ ကျောက်သူဌေးများ ဝယ်ယူရန်ကမ်းလှမ်းလာသည်။ ထိုခေတ်ပေါက်ဈေး သုံးသိန်းအထက်တွင် ဖြစ်သည်။ ကျင်းပိုင်ရှင် ဦးခင်ရွှေနှင့်အဖွဲ့ နေ့စဉ်ရန်ဖြစ်ခဲ့ရာမှ သုံးသိန်းကျော်ရ၍ ထကကြပြန်သည်။ ဩော် . . လူ့ဘဝဟူသည်မှာ မျက်လှည့်ပြသလိုပါကလား။

ဤကျောက်စိမ်းတုံးကြီးကိုရခဲ့စဉ်က ထကခဲ့ကြသည်။ ဤကျောက်စိမ်းကြီးပေါ် ကြောင်တက်မွေးပြီးနောက်နေ့စဉ်ရန်ဖြစ်ခဲ့ကြသည်။ ယခုတစ်ဖန် ဤထူးဆန်းသော ကျောက်စိမ်းကြီးက သူတို့ကို မမျှော်လင့်သောငွေများကို ပေးခဲ့သည်။

ဦးခင်ရွှေတို့အဖွဲ့မှာ ပျော်မဆုံး မော်မဆုံး၊ စားကြသောက်ကြ တအုန်းအုန်းရှိနေသည်။ ထိုစဉ် ကျောက်စိမ်းတုံးကြီးကိုဝယ်ယူသော ယောသူဌေးများအဖွဲ့ကလည်း ထိုကျောက်စိမ်းတုံးကြီးကို သဲကြီးမဲကြီး သံမဏိကြိုးများဖြင့် ဖြတ်တောက်နေသည်။ ညနေပိုင်းရောက်သောအခါ ပိဿာ ၆၀ ကျော် ကျောက်တုံးကြီးမှာ ထက်ခြမ်းကွဲ၍ကျသွားသည်။

ယောသူဌေးမှာ အားလုံးဟယ်ခနဲ ဖြစ်သွားသည်။ ဘာမှအရည်အသွေးမရှိသော ကျောက်တုံးကိုသာ တွေ့ရသဖြင့် အားလုံးငိုင်ကျသွားသည်။ ယောသူဌေးများအဖွဲ့မှ လူငယ်များမှာ ထိုင်ငိုကြသည်။ ကျောက်ရောင်းလိုက်သော ဦးခင်ရွှေတို့အဖွဲ့မှာ သီချင်းသံတညံညံဖြင့် ပျော်လို့ပါးလို့။

ယောသူဌေးများမှာ ဤမအောင်သော ကျောက်တုံးကြီးကို ကြည့်ပြီး ငိုနေ၍မဖြစ်၊ ဆုံးရှုံးသွားသော ငွေသုံးသိန်းကျော်ကို ပြန်လည်တသ၍လည်း မရနိုင်။ ထို့ကြောင့် ရမ်အရက်နှစ်ပုလင်းပြေးဝယ်ကာ ကြက်သားဖြင့် အမူးသောက်ကြသည်။

ရမ်နှစ်ပုလင်းကုန်သောအခါ အတော်အရှိန်ရ၍လာကြသည်။ ထို့ကြောင့် ယောသူဌေးတစ်ယောက်က ခြောက်ပေါင်တူကြီးကိုရှာခိုင်းသည်။ တူကြီးရလာသောအခါ အားကောင်း မောင်းသန်လူငယ်တစ်ယောက်အား



BURMESE CLASSIC .com

www.burmeseclassic.com



ထိုကျောက်စိမ်းတုံးကြီးကို မအောင်ရကောင်းလားဟု ဒေါမာန်ပွားပြီး အားကုန် ထုခွဲနေပါသည်။

ကျောက်စိမ်းတုံးကြီးမှာ ခြောက်ပေါင်တူအောက်တွင် အစိတ်စိတ် အမွှာမွှာ သနားစရာဖြစ်သွားသည်။ ယောသူဌေးများမှာ အစိတ်စိတ် အမွှာမွှာ ကွဲသွားသော ကျောက်စိမ်းအစများကို တစ်ခုချင်းကောက်ယူကြည့်လိုက်ရာ . . . "ဟယ်"ခနဲအသံများ ပြိုင်တူထွက်လာသည်။

ယောသူဌေးများမှာ ဤကျောက်စိမ်းတုံးကြီးကြောင့် သူတို့ငွေ သုံးသိန်းဆုံးပြီဟု မှတ်သားထားရာမှ ယခုကျောက်စိမ်းတုံးကြီးကို ထုရိုက်ခွဲ လိုက်ရာ မမျှော်လင့်ဘဲ၊ မမျှော်လင့်သောနေရာများမှ ထူးခြားကောင်းမွန်သော အကောင်းစားလန့်ဆွေးလုရည်များကို ဝင်းခနဲ၊ လက်ခနဲတွေ့လိုက်ရသဖြင့် ဝမ်းသာလုံးဆို့၍ ငိုနေရာမှာ ထကကြသည်။ ထို့နောက် အောင်ပြီ၊ အောင်ပြီ ဟူ၍လည်း လက်သီးလက်မောင်းတန်းကာ ကြွေးကြော်နေကြပြန်သည်။

အံ့ဖွယ်ကောင်းသော လူတွေပါတကား။ စောစောကကျောက်စိမ်းတုံး ကြီးကို နှစ်ခြမ်းခွဲရာ ကျောက်မအောင်၍ ငိုကြသည်။ ယခု စိတ်နာနာနှင့် ကျောက်စိမ်းတုံးနှစ်ခြမ်းကို ထုရိုက်ခွဲရာမှ ကျောက်အောင်ကြောင်း တွေ့သော အခါ ထကကြပြန်သည်။ လူတို့သဘော ရှုးပေါပေါ ပါတကား။

ဤကျောက်စိမ်းတုံးကြီးသည် အမျိုးမျိုးမျက်လှည့်ပြသွား၏။ ဦးခင်ရွှေ တို့အဖွဲ့အား ၆လ လုံးလုံး နေ့စဉ်ရန်ဖြစ်စေခဲ့သည်။ ပြီးတော့မှ ငွေသုံးသိန်း ကျော်ကို အလျော်ပြန်ပေးသည်။ တစ်ဖန် ယောသူဌေးများ ဤကျောက်စိမ်းတုံး ကြီးကို သုံးသိန်းကျော်ပေးပြီးခွဲခဲ့ရာ မအောင်ခဲ့၊ ထို့ကြောင့် ငိုပွဲဆင်ကြသည်။ ယခုထိုကျောက်တုံးကြီးကို စိတ်နာနာဖြင့် ထုရိုက်ခွဲရာမှ ကျောက်အောင် ကြောင်း တွေ့ရပြန်ရာ မျက်လှည့်ပြနိုင်လွန်းသော ကျောက်ကြီးပါတကား။

ဤသို့သော ပြဿနာပေါင်းစုံတက်လာခဲ့ရသော ကျောက်စိမ်းတုံးကြီးမှာ

၁။ သူနှင့်မတန်သောတဲတွင် နေရခြင်းကြောင့်များလား။

၂။ ထိုကျောက်စိမ်းတုံးကြီး အပေါ်သို့ ဂုံနီအိတ်များမတန်မရာ လွှမ်းခြုံမိ၍လား။

www.burmeseclassic.com



၃။ ထိုကျောက်စိမ်းတုံးကြီးပေါ်သို့ ကြောင်တက်မွေးသဖြင့် ကက်ကင်း ဓာတ်မိကာ ပြဿနာတက်ရခြင်းလား။

စသောမေးခွန်းများကို ကျွန်တော့်ရင်တွင်းဝယ် မေးနေမိပါသည်။ စာရှုသူကော ဤထူးဆန်းသော ကျောက်စိမ်းတုံးကြီးနှင့် ပတ်သက်၍ မည်သို့ထင်မြင်ချက်ပေးမည်ကို ကျွန်တော် သိချင်၊ ကြားချင်ပါသည် ခင်ဗျား။

(အစ်ကိုကြီး ဦးဆောင်းသို့ အမှတ်တရ)

◆



BURMESE CLASSIC .com

www.burmeseclassic.com

သုံးမည့်ရ

# ဆေးဖက်ဝင်
# အစွမ်းထက်အပင်

မြန်မာစကား . . .

“မသိသူကျော်သွား၊ သိသူဖော်စား” ဟူသောစကားပုံတစ်ခုရှိသည်။ မသိသူ အမှုမဲ့ အမှတ်မဲ့ ကျော်သွားတတ်သော်လည်း ပညာဗဟုသုတနှင့် ပြည့်စုံသူမှာ အမှုမဲ့အမှတ်မဲ့ကျော်လွှား မသွားဘဲ တွေ့ရှိသော အရာဝတ္ထုတိုင်းကို သေသေချာချာလေ့လာပြီး လူသားတို့အတွက် အကျိုးရှိစွာ အသုံးပြုပုံတို့ကို ထိုစကားပုံက ဖော်ညွှန်းပြသနေပါသည်။

ရန်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com



ဤသုံးမည်ရ လမ်းဘေးမှ ဆေးပင်မှာလည်း မသိသူများအတွက် ကျော်သွားစရာ ဖြစ်သော်လည်း သိသူများအတွက် ဖော်စားကြသည်။

သူ၏ပထမအမည်မှာ . . .

ဓန္တသုခ ပင် ဖြစ်သည်။ ဤအမည်မှာ ပါဠိဝေါဟာရဖြစ်သည်။ ဓန္တ = သွား၊ သုခ=ချမ်းသာ ခြင်းဟူ၍ဖြစ်သည်။ စုပေါင်း၍ အဓိပ္ပာယ်ဖော်ရလျှင် သွားကို ချမ်းသာစေတတ်သောအပင်ဟူ၍ ဖြစ်လေသည်။

ဒုတိယအမည်မှာ . . .

သိကြားမကိုဋ်ပင် ဖြစ်သည်။ သိကြားသည် သိကြားမင်းဖြစ်ပြီး မကိုဋ်မှာ အထွတ်အမြတ် ဦးခေါင်းမှ ရတနာဖြစ်သည်။ စုပေါင်း၍ အဓိပ္ပာယ် ဖော်ဆောင်ပါလျှင် သိကြားမင်း၏ဦးခေါင်းမှ အထွတ်အမြတ်ရတနာ ဖြစ်သည်။ (ဝါ) နတ်တို့၏ဘုရင် သိကြားမင်း၏ ဦးခေါင်းထက်မှ ရတနာ ကဲ့သို့ တန်ဖိုးရှိသော ဆေးပင်ဖြစ်သည်။

တတိယအမည်မှာ . . .

မန်းလေးပင် ဟု ခေါ်သည်။ လူတို့၏ ခန္ဓာကိုယ်၌အနာပေါက်လျှင် ငန်းများမန်းများဝင် တတ်သည်။ ငန်းမန်းဝင်သည်ဟုဆိုသည်မှာ အနာအဆိပ် တက်သည်။ ငန်းမန်းဝင်သည်ဟု ဆိုသည်မှာ အနာအဆိပ်တက်ခြင်းဖြစ်သည်။ အနာများ နီရဲလာပြီး ယောင်ကိုင်းကာ မချိမဆန့် ကိုက်ခဲပြီး နောက်ဆုံးလူသေ သည်အထိ ဒုက္ခပေးတတ်ပါသည်။

ထိုသို့ ဒုက္ခပေးတတ်သော ငန်းမန်းများကို နိုင်သော ဆေးပင် (ဝါ) မန်းလေးပင် ဟုခေါ် ကြခြင်းဖြစ်သည်။

ဤသို့ သုံးမည်ရဆေးပင်ကလေးများသည် မိုးဦးကျတွင် မြန်မာပြည် အနှံ့ပေါက်တတ်သည်။ မြေပေါ်ကိုလိုက်၍ တစ်ပေမှ သုံးပေအထိမြင့်သည်။ ရွက်ဆိုင်ထွက်သည် အရွက်နား နုတ်ခမ်းသားများတွင် ခွေးသွားစိပ်များ ပါသည်။ နူးညံ့ပျော့ပျောင်းသော အရွက်လေးများကြားမှ အဖြူပွင့်ကလေးများ ပွင့်ကြသည်။ အသီးမှာ အလုံးကလေးများဖြစ်ကြပြီး ခြောက်သွားသော အခါ အက်ကွဲ၍ မျိုးစေ့များတစ်ဖန် ပျံ့နှံ့သွားလေသည်။ နွေအခါတွင် အပင်ကျ၍ သွားတတ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



အရသာမှာ ချို၍ အေးသည်။

ဓန္တသုခ (ခေါ်) သိကြားမင်းမကိုဋ် (ခေါ်) မန်းကလေးများမှာ အပင်ငယ် သလောက် အစွမ်းထက်မြက်လှသည်။ အလွယ်တကူလည်း ရှာဖွေ၍ရသည်။ ဝေဒနာရှင်များအတွက် ငွေကြေး ကုန်ကျလည်း သက်သာစေသည်။

## လက်တွေ့အသုံးပြုပုံများ
## မပျောက်နိုင်သောအနာများအတွက်

၁။ အနာများ မပျောက်နိုင်ဘဲ ပြည်တစိုစိုရှိနေပါလျှင် ငန်းမန်းလိုက်၍ ယောင်ကိုင်းနေပါ လျှင် အနာကို ရေနွေးဖြင့် စင်ကြယ်စွာဆေးပါ။ ထို့နောက် မန်းလေးပင်မှ အရွက်ကလေးများကို ခူးယူပြီး သန့်စင်အောင်ဆေးပြီးမှ ထုထောင်းကာ အနာပေါ်တွင်အုံ့ပေးပါ။ ထို့နောက် ပတ်တီး စည်း၍ပေးပါ။ အနာဟောင်း အနာဆွေးများ အံ့ဖွယ်ပျောက်ကင်းသွားပါလိမ့်မည်။

## သွားကိုက်သွားဖုံးယောင်

၂။ သွားများကိုက်၍ သွားဖုံးများ ယောင်နေပါလျှင် ဓန္တသုခပင် ပဥ္စင်းပါး (တစ်ပင်လုံး)ကို ရေစင်ကြယ်စွာဆေးပြီး သုံးခွက်တစ်ခွက်တင် ပြုတ်ပါ။ ထိုပြုတ်ရေကို သွားကိုက်သူများ သွားဖုံး ယောင်သူများ မကြာခဏ ငုံပေးပြီး ထွေးပစ်ပါ။ ဤသို့ ဆက်တိုက်လုပ်ပေးခြင်းဖြင့် သွားနာ၊ သွားဖုံးယောင်များ ပျောက်ကင်းချမ်းသာစေပါသည်။

## အဖြူဆင်းခြင်းနှင့် အသားဝါရောဂါ

၃။ ဆီးနီ၊ ဆီးဝါနှင့် အဖြူဆင်းရောဂါ ဖြစ်နေလျှင် (ဝါ) အသားဝါရောဂါ ဖြစ်နေလျှင် အဆိုပါ ဓန္တသုခပင်ကို လက်တစ်ဆုပ်စာရှာပြီး ရေစင်ကြယ်စွာ ဆေးပြီးကာ သုံးခွက်တစ်ခွက် တင်ပြုတ်ပါ။ ထို့နောက် မနက်၊ နေ့လည်၊ ညများ တွင် လက်ဖက်ရည် အကြမ်းပန်းကန် တစ်လုံးခန့်စီ မှန်မှန်သောက်ပေးပါ။ ဤသို့ (၃) ရက်ခန့်မှန်မှန်သောက်ပေးခြင်းဖြင့် အဖြူဆင်း နှင့် အသားဝါရောဂါ

www.burmeseclassic.com



များ ပျောက်ကင်းသွားပါမယ်။ (ထိုရောဂါများဖြစ်နေစဉ် အပူအစပ်များကို မစားရပါ။)

## ချောင်းဆိုးခြင်းနှင့် ပါးစပ်နံ

၄။ အပူကြောင့် ချောင်းဆိုးခြင်း၊ ပါးစပ်ကွဲခြစ်၊ လျှာကွဲခြင်း၊ လည်ပင်းတွင် အကြိတ်ထွက်ခြင်း၊ ပါးစပ်မှ အနံ့ဆိုးများ နံနေပါက အဆိုပါ ခန္ဓသုခပင်ကလေးများ လက်တစ်ဆုပ်ခန့်ရှာပြီး ရေစင်ကြယ်စွာဆေး၍ပြုတ်ပါ။ သုံးခွက်တစ်ခွက်ကျန်လျှင် ညမနက် (၂)ကြိမ် ဆားခပ်ပြီး အကြမ်းပန်းကန်တစ်လုံးခန့် မှန်မှန်သောက်ပေးလျှင် ရောဂါများလျင်မြန်စွာ ပျောက်ကင်းသွား သည်ကို အံ့ဖွယ်တွေ့ရပါမည်။

◆



BURMESE CLASSIC .com

www.burmeseclassic.com

